
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၈၀၀၁၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၈၇၀၂၁၁
ထုတ်ဝေသူ ● ဦးကျော်ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊
ရွှန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
အတွင်းနှင့်အဖုံးပုံနှိပ်သူ ● ဦးကျင်ရင်(ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ် ၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်
ရန်ကုန်မြို့။
ပုံနှိပ်ခြင်း ● ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ။
အုပ်ရေ ● ၅၀၀ အုပ်
တန်ဖိုး ● ၁၀၀ ကျပ်
ဖြန့်ချိရေး ● ဗိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း** - 095163764, 095162031

**'ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း'** (CIP)

၈၉၅.၈၃
သင်မြတ်နိုး
ရှင်ကိုသိပ်ချစ်သွားပြီ/ သင်မြတ်နိုး ။- ရန်ကုန် ။
ရဲအောင်စာပေ၊ ၂၀၁၁။
(၂၅၆) စာ၊ ၁၂ စင်တီမီတာ x ၁၇.၇ စင်တီမီတာ
(၁) ရှင်ကိုသိပ်ချစ်သွားပြီ

## အခန်း(၁)

အလွန်အတွက်ကြီးသော မိန်းမတစ်ယောက်ဟုပဲ ပြော
ပြော၊ အမျက်ကြီးစွာ အငြိုးအတေးနှင့် လက်စားချေတတ်သော
မိန်းမတစ်ယောက်ဟုပဲပြောပြော ပြောချင်တာပြောကြ၊ ဘာဖြစ်
သဲ ဂရုမစိုက်ဘူး။ စံသည် လုပ်ချင်တာကို တစိုက်မတ်မတ်
လုပ်တတ်လေ့ရှိသော မိန်းမဖြစ်သည်။

ကြည့်လေ။

လောကကြီးက မတရားဘူး။ မာဓိက သမီးကြီးဖြစ်တဲ့
စံကို သမီးက အပျိုကြီးလုပ်ရမယ်တဲ့။

'စံက အိမ်ထောင်ပြုလို့ မဖြစ်ပါဘူး၊ စံကို သည်းညည်း
ခံနိုင်မယ့် ယောကျ်ားက ရှားမယ်၊ တစ်လောကလုံးကို အနိုင်ယူ
ချင်တဲ့သူက တစ်ယောက်တည်းနေတာ အင်အားအကြီးမားဆုံးပဲ
နော် ပင်တိုင်စံ'

ဗိုးလပြည့်စာပေ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



အတ္တကြီးမားတတ်တာ စံရဲ့ မွေးရာပါ အကျင့်စရိုက်တစ်ခုပဲ မဟုတ်လား။ အရာအားလုံး စံပြအနိုင်ရချင်တဲ့ မိန်းကလေး။ ညီမလေးနာမည်ကိုတောင် စံနှင့် မယှဉ်သာအောင် ခရေစံလို့ ပေးရတယ်။ ခရေဆိုတာ မြေပေါ်မှာ ပြန့်ကျဲကျတတ်လေ့ရှိတဲ့ ပန်းလေ။ အနင်းခံပန်း။ စံသိတတ်တဲ့ အရွယ်ရောက်မှ ညီမလေးကိုမွေးတာ။

'စံထက် နိမ့်ကျတဲ့ နာမည်မျိုးပဲပေးရမယ်'

မာမီက စံကို ချစ်သည်။ အရေးပေးလွန်း၏။ စံရဲ့အလိုဆန္ဒကို အမြဲတမ်းပြည့်စုံအောင် ဖြည့်စွမ်းပေးတတ်၏။ စံကို မျက်နှာလေးအညိုးမခံခဲ့။

'သမီးကြီး စိတ်ကျေနပ်မှုကို မာမီလိုလားတယ်'

မာမီက ဘက်လိုက်သည်။ စံမှ စံပဲ။ ညီမလေး ကိုယ်ဝန်နှင့် ဒက်ဒီဆုံးသွားပြီးကတည်းက ဒီကလေး အကျိုးမပေးဘူးဟု ပြောတတ်သည်။ ပြီးတော့ သမီးကြီး ရှိပြီးနေ၍ နောက်ထပ်ရသော ကိုယ်ဝန်အား မာမီတောင့်တတာက သားယောက်ျားလေးဖြစ်သည်။ မွေးတာက သမီးလေး ဖြစ်နေ၏။ ပင်တိုင်စံကလည်း သူမနှင့် ယှဉ်ပြိုင်ဖြစ်လာ၍ မနာလို ဝန်တိုမိသည်။ မာမီက ညီမလေးကို ချိုးနှိမ်နေတာနှင့်ပင် ပြဿနာရှာတတ်၏။ မာမီလက်ထဲကနေ ယူ၍ဖယ်ရှားသောင်းကျန်းပစ်သည်။ ကုတ်ခြစ်ရိုက်နှက်





အော်ဟစ် ငိုယို၏။ နားမခံသာသော မာမီသည် ညီမလေးကို ကလေးထိန်းတွေနှင့်သာ ထိန်းကျောင်းခိုင်းထား ရတော့သည်။ ဘဝတစ်လျှောက်လုံးမှာ ပင်တိုင်စံဆိုတဲ့ သူမသာလျှင် အနိုင်ယူတတ်သော အကျင့်ကို ရှိနေခဲ့သည်။

နောက်တစ်ခုက…

စံသည် ညီမလေးထက် ပို၍ ချောမောလှပခြင်း ဖြစ်သည်။ ဖြူဝင်းအိစက်နေ၏။ သာမန်အလှတွေသာ ပိုင်ဆိုင်ထားသော ညီမလေး ခရေစံသည် အမြဲတမ်းအနှိမ်ခံဘဝနှင့်သာ နေထိုင်နေရ၏။ မိသားစု ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ စံသာလျှင် ပင်တိုင်စံ ဖြစ်နေခဲ့သည်။

ပျော်ရွှင်ကြေကွဲမှုတွေနှင့် အလိုဆန္ဒတွေအားလုံး ပြည့်စုံခဲ့သော ပင်တိုင်စံပါပဲ။ သို့သော်လည်း တစ်နေ့မှာ မာမီက ပြည့်လွန်းကို ညီမလေး ခရေစံနှင့် စေ့စပ်ပေးတော့မည်ဖြစ်ကြောင်း အတိအလင်း ထုတ်ဖော်ပြောလာတော့သည်။

'သမီးလေးကို မောင်ပြည့်လွန်း မိဘတွေက စေ့စပ်ဖို့တောင်းဆိုကြတယ်၊ မာမီကတော့ သဘောတူလိုက်ပြီကွယ်၊ သမီးကြီးလည်း သဘောကျတယ် မဟုတ်လား'

ပြည့်လွန်းငယ်စဉ်ကနေ စံတို့ ဆယ်တန်းအောင်တဲ့အထိ အတူတူနေထိုင်ခဲ့ကြသည်။ သူမနှင့် အတွဲဆုံး၊ ခင်မင်ကျွမ်းဝင်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ပြည့်လွှန်းသည် သူမရဲ့ အနိုင်ကျင့်မှုတွေကို သည်းခံနိုင်လွန်းသူလည်း ဖြစ်သည်။

သူမရဲ့ မျှော်လင့်ချက်တွေထဲမှာ ပြည့်လွှန်းက မင်းသား၊ တည်ကြည်ခံ့ညားလွန်းတဲ့ ပြည့်လွှန်းကို သူမ သဘောကျမိသည်။

ချစ်သူ။

ပြည့်လွှန်းက သူမချစ်သူပဲ ဖြစ်သင့်သည်။သူမရွေးချယ်ထား၏။

'စံ'

'ရှင် မာမီ'

'သမီးကြီး ဘာတွေစဉ်းစားနေတာလဲ'

'မာမီ'

'ပြော'

'ပြည့်လွှန်းမိဘတွေလေ ကလေးတွေ ငယ်စဉ်ကတည်းက မာမီတို့သဘောတူခဲ့ကြတာ သားသမီးချင်း လက်ဆက်ပေးကြဖို့ပဲ'

'ပြည့်လွှန်းဆန္ဒကရော'

'ပြည့်လွှန်းဆန္ဒကတော့ မသိရသေးဘူး သမီး၊ ပြည့်လွှန်းက မြန်မာပြည်မှာမှ မရှိတာပဲ၊ လူကြီးတွေဆန္ဒပဲပေါ့'

'မာမီ'





'အင်း'

'ပြည့်လွှန်းက လိမ္မာရေးခြားရှိတဲ့ သားဆိုတော့ ငြင်းဆန်မှာ မဟုတ်ဘူးလေ'

ဟုတ်တယ်။ ပြည့်လွှန်းက လိမ္မာသည်။ မိဘလူကြီးတွေရဲ့ ဆန္ဒကို လွန်ဆန်နိုင်တဲ့သူ မဟုတ်။ လိမ္မာသည်။ အထူးသဖြင့် မိခင်ရဲ့ စကားကို အလွန်လေးစားလိုက်နာသူ ဖြစ်သည်။ နှာခံ၏။ ရင်ထဲမှာ ဆန္ဒတွေဘယ်လောက်ပဲရှိနေ၊ ရှိနေ ထုတ်ဖော်ပြောတတ်ခြင်း မရှိ။ မိခင်ကြီးရဲ့ ဆန္ဒသာ အဓိကဖြစ်နေသည်။

'ပြည့်လွှန်း ပြန်လာတာနဲ့ စေ့စပ်ကြမယ်၊ လက်ထပ်ပွဲကိုလည်း ခင်ခင်က အမြန်ဆုံး လုပ်ချင်ကြတယ်တဲ့'

'ဘာဖြစ်လို့ ဒီလောက်တောင် လောနေရတာလဲ မာမီ'

'သမီးလေးကို ချွေးမတော်ချင်တာတဲ့၊ လက်လွှတ်သွားမှာစိုးလို့တဲ့'

'ဟွန်း'

စံ့ရင်ထဲမှာ တကယ့်ကိုပဲ အကြီးအကျယ် မကျေမနပ် ဖြစ်သွားရသည်။ ထုတ်ဖော်ပြောရမှာလည်း အခက်၊ ငယ်ရွယ်တဲ့ အရွယ်လည်း မဟုတ်တော့။

'စံ'

'ရှင်'



www.burmeseclassic.com

www.burmeseclassic.com



'သမီးကြီးကတော့ အပျိုကြီးပဲလုပ်နော်၊ အိမ်ထောင်ပြုဖို့ မစဉ်းစားနဲ့၊ ဘာဖြစ်လို့လည်းဆိုတော့ အိမ်ထောင်ရှင် မိန်းမတွေဟာ ယောကျ်ားကို အမြဲတမ်း အရှုံးပေးကြရလေ့ရှိလို့'

ပြည့်လွှန်းဆိုရင်တော့ စံအနိုင်အကျင့်လို့ ရမှာသေချာသည်။ စံအပေါ် အမြဲတမ်းသည်းခံတတ်တဲ့ ပြည့်လွှန်း။ မာန်မာနကြီးလွန်းတဲ့ စံအပေါ် တစ်စုံတစ်ရာ မှားယွင်းမှုမရှိအောင် ပြည့်လွှန်းကြိုးစားနေတတ်သည်။ စိတ်ထဲမှာ တစ်မျိုး၊ အပြင်မှာတော့ စံက တကယ့်ကို မာန်မာန ပြတတ်သည်။ အောက်ကျမခံချင်၊ စံကိုပဲ ပတ်ဝန်းကျင်ကလူတွေ အားလုံးပိုင်းချီးမြှောက်နေတာပဲ ခံယူချင်သူ ဖြစ်သည်။

'သမီးကြီးက ဘယ်သူ့ကိုမှ အရှုံးပေးချင်တာမှ မဟုတ်တာ၊ အိမ်ထောင်ရေး မသာမယာဖြစ်မယ်၊ အိမ်ထောင်ရှင် လင်ယောကျ်ားက ဖောက်ပြန်မှာပဲ'

မာမီ့စကားတွေကို စံ ခါးသီးစွာဖြင့် နားထောင်နေသည်။

ပြည့်လွှန်းလို ယောကျ်ားတစ်ယောက်က ပင်တိုင်စံတို့ မလွှန်ဆန်ရဲပါဘူး။ စံ သိတယ်။

'သမီးလေး အိမ်ထောင်ကျသွားတော့ မာမိအေးတာပေါ့ ပြည့်လွှန်းဆိုတော့လည်း ဘာမှ အထူးအထွေ ပြောစရာမရှိတော့ဘူးပေါ့နော်၊ သမီးကြီး'





သူမ မာမီ့အနားမှာ ဆက်ပြီး ရပ်တည်နိုင်စွမ်း မရှိတော့။ ဒေါသတွေကြောင့် ပေါက်ကွဲချင်လာမိသည်။ ထွက်လာခဲ့၏။ အိပ်ခန်းထဲ ဝင်လာခဲ့သည်။ သူမရဲ့ အလိုမကျမှုတွေက အိပ်ခန်းထဲရောက်မှ ပို၍ပင် ပေါက်ကွဲနေမိတော့သည်။ ပညာရှိ အမျက်ဆိုတာ အပြင်မထွက်သင့်ဘူး။ စံဘဝမှာ အကြီးမားဆုံး နစ်နာဆုံးရှုံးမှုကြီးဖြစ်နေသည်။ ပြည့်လွှန်းကို လက်လွှတ် ဆုံးရှုံးရတော့မှာပဲ ဖြစ်သည်။ ခရေစံ။ ညည်းဟာ သာမန်မိန်းမတစ်ယောက်ပဲ။ ရုပ်ရည်ကလည်း စံနှင့်မယှဉ်သာအောင် ကွာခြားသည်။ ပညာလည်း ဆယ်တန်းမှာ သာမန်အဆင့်လောက်နှင့်သာ အောင်ခဲ့၏။ ဘာမှ မက်မောစရာ မရှိ။ မီးဖိုချောင်ထဲမှာပဲ အချိန်တွေ ကုန်ဆုံးနေချင်တဲ့ မိန်းမ။ အစွမ်းအစလည်း မရှိ။ ဘာမက်ရတာလဲ။ အန်ဘယ်နှောင်လတ်နဲ့ အန်တီခင်တို့က ဘာကြောင့် ခရေစံကို ချွေးမအဖြစ် ရွေးချယ်လိုက်ရတာလဲ။ မဖြစ်သင့်ဘူး။ မတရားတာပဲ။ ဒီသမီးနှစ်ယောက်မှာ ပင်တိုင်စံလောက် အရာအားလုံးပြည့်စုံနေတဲ့ သမီးမရှိနိုင်ပေ။ ခရေစံကို မာမီက အိမ်ဖော်အဆင့်လောက်သာ သဘောထားသည်။

သမီးငယ်ဖြစ်နေ၍ အသင့်အတင့် နေထိုင်စားသောက်သာ ပညာသင်ခဲ့ရသည်။

အခုတော့ ပြည့်လွှန်းရဲ့ ဇနီးမယားအဖြစ် တင့်တယ်တော့



www.burmeseclassic.com

www.burmeseclassic.com



မည် ဖြစ်သည်။ နိုင်ငံခြားမှာ ပညာသင်နေတဲ့ ပြည့်လွန်းတစ်ယောက် မြန်မာပြည်ရောက်လျှင်လည်း ဖခင်ရဲ့ စီးပွားရေးလုပ်ငန်းကြီးတွေကို ဆက်ခံဖို့ပဲဖြစ်၏။ တစ်ဦးတည်းသော သားဖြစ်၍လည်း အမွေပစ္စည်းတွေကို ပြည့်လွန်းသာ ပိုင်ဆိုင်ခွင့်ရမည်ဖြစ်မည်။ စံကတော့ မာမီဆန္ဒအတိုင်း အဖျိုကြီးပဲလုပ်ရတော့မှာလား။

ဟင့်အင်း။

ပြည့်လွန်းကို သူမပဲရယူပိုင်ဆိုင်စေရမည်ဖြစ်သည်။ လုပ်ပြမယ်။ စံပဲဟာ။ တစ်သက်လုံး သူမလိုချင်တာ တပ်မက်တဲ့ အရာမှန်သမျှ မရရအောင် ယူဆောင်တတ်သည်။ ယူပြမယ်။ ခရေစံ ညည်းဟာ မီးဖိုချောင်ထဲမှာပဲ အချိန်တွေကုန်ဆုံးသင့်တဲ့ မိန်းမတစ်ယောက်ပဲ မဟုတ်လား။

'မမ'

'ဒေါက်… ဒေါက်'

'မမ'

အပြင်မှာ ခရေစံ။

'မမ'

'မမ'

မဟေသီ မိဖုရားခေါင်ကြီးတစ်ပါးအဖြစ် သူမရှေ့မှာ ရပ်တည်ခွင့် ရတော့မည့် ခရေစံ။ ညီအစ်မအရင်း ဖြစ်ပေမယ့်





ခရေစံကို ခပ်စိမ်းစိမ်းပဲ ဆက်ဆံသည်။ ချစ်မြတ်နိုးခြင်း မရှိ။ သူမရဲ့ ယှဉ်ပြိုင်ဖက်အဖြစ်ပဲ ထင်မှတ်ထားသည်။

'ဒေါက်… ဒေါက်'

'မမ တံခါးဖွင့်ပေးပါဦး မမ'

မလွဲသာ မရှောင်သာ တံခါးဖွင့်ပေးလိုက်မိသည်။ ခရေစံရပ်နေ၏။ ပြုံးနေသည်။

'မာမီ ခေါ်ခိုင်းလိုက်လို့ပါ မမ၊ မနက်စာ စားရအောင်လေ'

'ငါ မစားသေးဘူး ခရေစံ၊ နင်သွားတော့'

'ဘာဖြစ်လို့ မစားတာလဲ မမ၊ နေမကောင်းလို့လားဟင်၊ မျက်နှာလည်း မကောင်းဘူး၊ ညီမလေး ဆရာဝန် ခေါ်ပေးရမလား'

'မလိုဘူး'

သူမလေသံတွေက အေးစက်မာကျောနေသည်။အကြည့်တွေက ဒေါသတွေပြည့်နေတဲ့ မျက်ဝန်းအကြည့်တွေပဲ ဖြစ်၏။ ဆန်းတော့မဆန်း။ စံ အလိုမကျတဲ့အခါတိုင်း ခရေစံကအစ တစ်တိုက်လုံးမှာရှိတဲ့ အလုပ်သမားတွေကို မဲလေ့ရှိတတ်တာ အကျင့်ဖြစ်နေသည်။

'သွားလေ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့'

'ခရေစံ'

'ရှင် မမ'

'ညည်း အခုတလော အလှအပတွေ အရမ်းပြင်နေပါ လား'

အဝတ်အစားတွေကအစ ယခင်ကနှင့် မတူတော့ဘဲ နောက်ဆုံးပေါ် ဒီဇိုင်းတွေဖြစ်နေသည်။ အဲဒါမျိုးကို ပင်တိုင်စံ ဘယ်လိုလုပ်ပြီး လက်ခံနိုင်မှာလဲ။ အမြင်ကတ်လိုက်တာ။ ခရေစံ က ပင်တိုင်စံနှင့် ဘယ်တော့မှ သာမနေစေရဘူး။ ခရေစံမေးစေ့ ကို ဆတ်ခနဲဆွဲမော့ပြီး ခပ်ဆတ်ဆတ် မေးသည်။

'မာမီက ဖွတ်အတင်း ပြင်ခိုင်းနေလို့ပါ မမစံ'

'ဘာပြောတယ်'

'မာမီပြင်ခိုင်းလို့ပါ'

'ညည်းကို အခုမှလာပြီး အလှတွေပြင်ခိုင်းနေတာ ဘာ ကြောင့်လဲသိလား ခရေစံ'

'ဟင့်အင်း မသိပါဘူး မမ၊ မာမီက အဝတ်အစားတွေ လည်း ဝယ်ပေးတယ်၊ အရင်ကလို အေးစက်စက် ထုံထုံထိုင်းထိုင်း မနေရဘူးတဲ့'

ပင်တိုင်စံအကျေတွေကိုပဲ ခရေစံ ဝတ်ခဲ့ရသည်။ အဝတ်





အစားအသစ်ဆိုတာ သိပ်ပြီး မရှိခဲ့ပေ။ အပြင်လည်း လိုက်လေ့ လိုက်ထမရှိတော့ သာမန်ပဲနေရသည်။

'ခရေစံကလည်း အလှအပတွေ မပြင်ချင်ပါဘူး မမ၊ ရှက်တယ်၊ လွတ်လွတ်လပ်လပ်ပဲ နေချင်တာပါ'

'သွား… သွား၊ နင်ကလည်း သိပ်ပြီး ပဲများမနေနဲ့ဦးနော် ခရေစံ'

'ဟုတ်ကဲ့ပါ မမ'

ခရေစံ ခေါင်းလေးငုံ့ကာ လှည့်ထွက်သွားတော့သည်။ ပင်တိုင်စံ ဒေါသတွေနှင့် ကျန်ခဲ့သည်။

'တောက်'

သူမတစ်ယောက်တည်း ဒေါသတကြီးနှင့် ကျန်ခဲ့တော့ သည်။ ပြည့်လွှမ်းနဲ့တောင် စေ့စပ်မယ်တဲ့။ ခရေကို မာမီချစ်တာပဲ။ ခရေစံရှေ့ရေး စီမံပေးနေ၏။ ပြောတော့ မချစ်ဘူးတဲ့။ အကုသိုလ် မလေးတဲ့။ မိဘကို ကောင်းကျိုးမပေးဘူးတဲ့။ မာမီက သား ယောကျ်ားလေးတစ်ယောက်ပဲ ထပ်လိုချင်တာတဲ့။ သမီးဖြစ်နေလို့ စိတ်ဆင်းရဲရတယ်တဲ့။ ဟန်ဆောင်နေတာ။ လိမ်တာ။ ညာတာ။ ခရေစံဘဝ ချမ်းသာပြည့်စုံရေးအတွက် မာမီဖြည့်စွမ်းပေးနေတာ ပဲ။ အကောင်းဆုံး လုပ်ပေးနေတာပဲ။

ပြည့်လွှမ်းရောက်လာတော့မယ် မဟုတ်လား။ မတွေ့တာ



www.burmeseclassic.com

www.burmeseclassic.com



တောင် ကြာပြီ။ ပင်တိုင်စံ နှစ်သက်တဲ့သူ။ ပြည့်လွှမ်းက ဘယ်သူ့ကို ရွေးချယ်မှာလဲ မသိဘူး။ တစ်လောကလုံးကို မကျေနပ်စိတ်တွေတိုလိုက်တာနော်၊ အထူးသဖြင့် ပြည့်လွှမ်းမိဘတွေဖြစ်ကြတဲ့ အန်ကယ်နောင်လတ်နှင့် အန်တီခင်တို့ကိုပဲ ဒေါသတွေဖြစ်နေမိသည်။ အစုတ်ပလုတ်မ ခရေစံကို ဘာဖြစ်လို့ ချွေးမအဖြစ် ရွေးချယ်ရတာလဲ။

မကျေနပ်ဘူး။

မကျေနပ်ဘူး။

ပြည့်လွှမ်းကို ပင်တိုင်စံ တစ်ယောက်ပဲ ပိုင်ဆိုင်ရမယ် နင်နဲ့ တန်လို့လား ခရေစံ။ နှုတ်ခမ်းလေးတွေကို တင်းကျပ်စွာ ဖိကိုက်ထားပစ်လိုက်မိတော့သည်။

□ □ □



## အခန်း (၂)

ခရေစံကို မမပင်တိုင်စံက ဘာဖြစ်လို့များ ချစ်ခင်မြတ်နိုး ...း မရှိရတာလဲ။ မာမီက မွေးတာပဲ။ သူမ တကယ်ပဲ မယုံမိ။ ...းသမီးလားဆိုတဲ့ အသိကြောင့် တစ်ခါတစ်ရံတော့လည်း ... စိတ်အားတွေ ငယ်မိတာ အမှန်ပဲဖြစ်သည်။ မာမီကိုယ်တိုင် ...သည်း မမကိုပဲ ဦးစားပေးတတ်၏။ အခွင့်အရေးပေးသည်။ ...တွေ ဘာမဆို ဖြစ်စေခဲ့၏။ ခရေစံကတော့ မမအကျအန ...ပဲ ဝတ်ဆင်သုံးစွဲရတတ်သည်။

ဒါပေမဲ့။

ခရေစံ ကျေနပ်သည်။ မိန်းကလေးပီသစွာ အိမ်မှုကိစ္စ ...ကို ဆောင်ရွက်နေရတာပင် သူမ မျှော်လင့်ကျေနပ်နေမိ ...။ မာမီနှင့် မမကို ချစ်သည်။ သံယောဇဉ်ကြီးမားစွာဖြင့် ...းချင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



'မမရယ် ညီမလေးကို တင်းတင်းမာမာ မဆက်ဆံပါနဲ့ နော်'

သူမ၏ အမြဲတမ်း ဆန္ဒပြင်းပြခဲ့သော တမ်းတမှုပင် ဖြစ်သည်။ မမမျက်နှာက ပို၍ပင် တင်းမာခက်ထန်နေခဲ့သည်။ အခုတလော ပိုဆိုးသည်။ မာမီကလည်း သူမကို အလှအပတွေ ပြင်ခိုင်းနေသည်။ ဘာတွေလဲ ခရေဘာမှ မသိ။ မမက အလှ ပြင်နဲ့တဲ့။ သူမဆန္ဒအရလည်း အလှအပပြင်တာကို မလိုလားမိ ပေ။ စိတ်အိုက်လို့ တစ်ယောက်တည်းပဲ အေးအေးဆေးဆေး နေချင်သည်။ အိမ်မှုကိစ္စတွေ လုပ်နေတာလည်း ပျော်ရွှင်နေမိ သည်။ မမကို မာမီက မနက်စာစားရန် အခေါ်ခိုင်းလိုက်၍ တင်းမာ ခက်ထန်နေတဲ့ မမဆက်ဆံမှုတွေနဲ့ပဲ ဆုံလိုက်ရသည်။ ဒီလိုအမြင်မျိုးတွေကို ခရေစံ အမြဲတမ်း ကြုံတွေ့ခဲ့ရပေါင်းများ ပါပြီ။ မထူးဆန်းတော့။ ငယ်စဉ်ကတည်းကပဲ။

'ခရေစံ'

'ရှင်… မာမီ'

'မမရော'

'မစားသေးဘူးတဲ့'

'ဟင်… ဘာဖြစ်လို့လဲ'

'သမီးလည်း မသိပါဘူး၊ မမက မစားဘူးတဲ့ သမီး





အလှအပပြင်တာ မမက သဘောမကျဘူး ထင်တယ် မာမီ'

'ဘာဖြစ်လို့လဲ သမီး'

ဒေါ်အေးမိစံရဲ့ စိတ်ထဲမှာ သမီးကြီးအကြောင်းကိုသိ၍ က်ထပ်ဖို့ကိစ္စ သမီးလေးနှင့်ပဲ လက်ထပ်စေခဲ့သည်။ သူတို့ ောင်းဆိုတဲ့ သတို့သမီးလောင်းကလည်း သမီးငယ်ခရေစံကိုပဲ ဖြစ်နေသည်။ လက်ထပ်ဖို့ကိစ္စအကြောင်းတွေကို သမီးလေး မသိ သေးပေ။

'သမီးလေး မနက်စာစားပြီးရင် မာမီအခန်းထဲ လာခဲ့ဦး နော်'

'ဟုတ်ကဲ့'

'စားတော့ မမ မဆာလို့ထင်တယ်'

သမီးလေးကို နှစ်သိမ့်ပြီး ဒေါ်အေးမိစံ ထွက်လာခဲ့မိ သည်။ သမီးကြီး စိတ်ကောက်နေ၏။ မိမိအမှားတွေပါ။ သမီးနှစ် ယောက်ကို မမျှမတ အုပ်ချုပ်ထိန်းကျောင်းလာခဲ့၍ ဒီလို ပဋိပက္ခ တွေ ဖြစ်နေသည်။ သမီးကြီးကိုပဲ တစ်ဖက်သတ် ဦးစားပေးအလို တ် အကြိုက်ဆောင်ခဲ့၏။ အထူးအခွင့်အရေးရသူက သမီးကြီး။ မီးကြီးနှင့် ပတ်သက်လာလျှင် ဒေါ်အေးမိစံ အတွကြီးသည်။ ဆိုလိုက် ထားမိ၏။ ဘာမဆို သမီးကြီးဆန္ဒအတိုင်း ဖြစ်စေရ၏။ မီးငယ်ကို ရင်ထဲမှာပင် ချစ်ခင်မြတ်နိုးခဲ့ရ၏။ ဆက်ဆံတာ တာ သမီးကြီးဆန္ဒတွေအတိုင်း ခပ်စိမ်းစိမ်း။



www.burmeseclassic.com

www.burmeseclassic.com



မိမိ မှားခဲ့၏။

သမီးကြီးသည် အမြဲတမ်း အတ္တကြီးမားတဲ့ မိန်းကလေ
အဖြစ် ကြီးပြင်းလာခဲ့ရတော့သည်။ လူတွေအပေါ် အနိုင်ကျင့်ချ
၏။ အတ္တကြီးသည်။ သူမစိတ်ထဲမှာ ရယူပိုင်ဆိုင်ခြင်းတွေ
ရှိနေသည်။ ရအောင် ယူတတ်သည်။ အခုလည်း မောင်ပြည့်လွှမ်
ကို သမီးကြီး တိတ်တဆိတ် မြတ်နိုးနေကြောင်း ဒေါ်အေမီစံ သိထာ
ပြီးဖြစ်သည်။

မဖြစ်ဘူး။ မိမိစဉ်းစားဆုံးဖြတ်ခဲ့၏။ မောင်ပြည့်လွှမ်းနှ
သမီးကြီး လက်ထပ်လိုက်ရင် ပထမဆုံး ဒုက္ခ၊ သုခတွေကို
စားရမယ့် သူက သမီးကြီးပဲ။ လင်မယားတွေ နေ့စဉ်ရန်ပွဲတွေ
အချိန်ကုန်ဆုံးသွားကြမှာ သေချာသည်။ အိမ်ထောင်ရေးအနေ
လည်း တည်တံ့မှာ မဟုတ်။ မဖြစ်နိုင်၍ သမီးငယ်နှင့် လက်ထ
ခွင့်ပြုခဲ့မိသည်။ တစ်ဖက်ကိုလည်း သမီးနှစ်ယောက်အနက် ဆ
သူသာ လွတ်လပ်စွာ တောင်းဆိုခွင့်ပြုလိုက်ရင်း သမီးကြီးက
တောင်းဆိုရင်လည်း ငြင်းဆန်ရန် ဆုံးဖြတ်ထားသည်။ ကံကောင်
ချင်တော့ ပြည့်လွှမ်းတို့ဘက်က သမီးငယ်လေးတဲ့။

မိမိကျေနပ်စွာ လက်ခံလိုက်သည်။ မောင်ပြည့်လွှမ်းက
တော့ မိဘတွေဆန္ဒအတိုင်း လိုက်နာဆောင်ရွက်မယ့် သားလိမ္မာ
တစ်ယောက်ပါတဲ့။

'မာမီ'



'ဟင်… သမီးလေး လာပြီလား'

သမီးလေးသည် ရုပ်ရည်ကျ သမီးကြီးလောက် မလှပ ချေ။ ချစ်စရာတော့ကောင်းသည်။ လိမ္မာသည်။ ယဉ်ကျေးသိမ်မွေ့၏။ အိမ်ထောင်ရှင်မတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်မှာ ပါ။

'မာမီ'

'ဟင်'

'သမီးကို ပြောစရာရှိတယ်ဆို'

'အင်း'

'ပြောလေ'

ဒေါ်အေမီစံ စကားကို ဘယ်က စပြောရမှန်းပင် မသိ။ အတော်လေး စဉ်းစားနေရသည်။ မိခင်ဆိုတာ မိခင်တာဝန်ကို ယူရမှာပဲ ဆိုတဲ့ အသိကို သွင်းလိုက်သည်။

'သမီးလေး လက်ထပ်ဖို့အတွက် မာမီ စီစဉ်ထားတယ်'

'ရှင်'

ခရေစံ လုံးဝ မထင်မှတ်ထားသည့်စကားတွေပင် ဖြစ် သည်။ နားကြားများ လွဲသွားတာလားဟု ထင်ပြီး မာမီ့ကို ပြန် ကြည့်မိသွား၏။ သူမအား စိမ်းစိမ်းကားကား ဥပေက္ခာတွေနှင့် နေထိုင်ဆက်ဆံတတ်သောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'သမီးလေးလည်း မငယ်တော့ဘူး၊ သမီးကညာ ရွယ်ရောက်လာ ချိန်ခါမလင့်ပါစေနှင့်ဆိုတဲ့ စကားအတိုင်းပဲ တောင်းဆိုလာတဲ့ ယောကျ်ားလေးရှင်တွေ တွေ့ရင် မာမီ လက်ခံရမှာပဲလေ'

'သမီးကို ဘယ်သူက လက်ထပ်ခွင့် တောင်းတာလဲ မာမီ'

'မောင်ပြည့်လွှမ်းရဲ့ မိဘတွေပဲ'

'ရှင်'

ကိုကိုပြည့်လွှမ်းရဲ့ မိဘတွေက ခရေစံကို လက်ထပ်ခွင့် တောင်းသည်တဲ့။ ဟုတ်ရောဟုတ်ရဲ့လား။ မဖြစ်နိုင်တာပဲ။ ခရေစံကို အထင်သေးဆုံးသူက ကိုကိုပြည့်လွှမ်းဖြစ်သည်။ သူမ လက်ခံနိုင်အောင် ဖြစ်နေ၏။ ငယ်စဉ်ထဲကပင် အတူတူကြီးပြင်းလာကြသူတွေ။ လုပ်ငန်းခွင်တွေဝင်မှသာ တစ်ယောက်နှင့်တစ်ယောက် မဆုံဖြစ်ကြတော့။ ကိုကိုက မမကိုပဲ အထင်ကြီးသူဖြစ်သည်။ တရင်းတနှီး နေတတ်၏။ အရေးတယူရှိသည်။ သူမနှင့်ကတော့ ပတ်သက်ဆက်ဆံခြင်းပင် မရှိခဲ့။ အစ်ကိုမရှိသော သူမအတွက် ကိုကိုပြည့်လွှမ်းတစ်ယောက်ပဲ အစ်ကိုအဖြစ် ခင်မင်တွယ်တာနေခဲ့ရသည်။

'သမီးလေး ဆန္ဒကရောကွယ်'

'မာမီ'





'ပြော'

'ကိုကိုက သမီးကို တောင်းဆိုတာရော ဖြစ်နိုင်ပါ့မလားဟင်၊ မမကို တောင်းဆိုတာများလား'

သူမစိတ်ထဲမှာ ဒီကိစ္စ မဖြစ်နိုင်ဟု ထင်မိလိုက်သည်။

'သမီးလေးကိုပါ မောင်ပြည့်လွှမ်းရဲ့ ဆန္ဒမဟုတ်ပေမယ့် ကိုနောင်လတ်နဲ့ မခင်ခင်တို့က တောင်းဆိုကြတာလေ'

'မဖြစ်နိုင်ဘူးထင်တယ် မာမီ၊ လုံးဝမဖြစ်နိုင်ဘူး၊ ကိုကိုပြည့်လွှမ်း သိရင်လည်း ငြင်းဆန်မှာပဲ မာမီ'

သူမ ကြောက်လန့်တကြား ပြောလိုက်သည်။ သတို့သားလောင်းက ငြင်းပယ်ခြင်း ခံရမည့် သတို့သမီးအဖြစ် မခံနိုင်တာတော့ အမှန်ပဲဖြစ်သည်။ သူမကို အထင်သေးလွှမ်းနေတာက ကိုကိုပြည့်လွှမ်းပဲ လုံးဝမဖြစ်နိုင်ပါဘူး။

'ကိုကိုပြည့်လွှမ်း သမီးကိုမှ အထင်မကြီးတာပဲ'

'ဘာပဲဖြစ်ဖြစ် ကိုနောင်လတ်တို့ရဲ့ တောင်းဆိုမှုပဲ၊ မိန်းမတစ်ယောက် လက်ထပ်သင့်တဲ့ ယောကျ်ားဖြစ်လို့ မာမီ လက်ခံလိုက်တာလေ'

'ဟင့်အင်း… မဖြစ်နိုင်ဘူးထင်တယ် မာမီ၊ အဲဒီကိစ္စ လုံးဝမဖြစ်နိုင်ဘူး၊ သမီးအပေါ် မချစ်မနှစ်သက်နိုင်တဲ့ ကိုကိုပြည့်လွှမ်းနဲ့တော့ သမီးလေး လက်မထပ်ချင်ဘူး'

'သမီးလေး'



www.burmeseclassic.com

'ရှင်… မာမီ'

'သမီးဘက်ကရော မောင်ပြည့်လွန်းကို မချစ်နိုင်ဘူးလား'

'ရှင်'

ကိုကိုပြည့်လွန်းကို သူမက မချစ်နိုင်ဘူးလားတဲ့။ မာမီ ပြောသလိုပါပဲ။ ကိုကိုပြည့်လွန်းက မိန်းကလေးတွေ စိတ်ဝင်စားနိုင်တဲ့ ယောကျ်ားတစ်ယောက်ပဲဟာ၊ ချစ်နိုင်လားဆိုတော့…

'သမီးလေးလည်း မောင်ပြည့်လွန်းအပေါ် သံယောဇဉ်ကြီးခဲ့တာပဲ'

ခုရောက်တော့ ကိုကိုပြည့်လွန်း ချစ်နေမှာ မမပင်တိုင်စံကိုပဲဟု ထင်သည်။ ပြီးတော့ မမကရော ချစ်နေမှာပါပဲ။

'မမဘက်ကရော ကိုကို့ကိုမျှော်လင့် မနေနိုင်ဘူးလားဟင် မာမီ'

'မဖြစ်နိုင်ပါဘူး သမီးကြီးကတော်ရုံ ယောကျ်ားတစ်ယောက်ကို အထင်မကြီးပါဘူးကွယ်'

'ကိုကိုက သာမန်ယောကျ်ားတစ်ယောက်မှ မဟုတ်တာပဲ မာမီ'

သမီးကြီးနှင့် မောင်ပြည့်လွန်းက အရင်းနှီးဆုံး ဖြစ်သည်။ ငယ်စဉ်လေးကတည်းက တစ်ယောက်ကိုတစ်ယောက် တတွဲတွဲနေတတ်၏။





ခက်တာက…။

ချစ်သူရည်းစားတွေ အဆင့်အထိ မရောက်ခဲ့ကြ။ အဲဒါ။

မောင်ပြည့်လွန်းက မိဘစကား နားထောင်၍ပဲ ဖြစ်သည်။

ခင်ခင်ကထိန်းချုပ်ထား၏။ သမီးကြီးက ငယ်စဉ်လေးကတည်းက မောင်ပြည့်လွန်းအပေါ် ဗိုလ်ကျအနိုင်ကျင့်လွန်း၍ ဖြစ်သည်။

'လူကြီးတွေ စီစဉ်ထားတာကို သမီးလေး မငြင်းဆန်ပါနဲ့. လက်ခံပါ၊ မာမီဟာ သမီးလေးအပေါ် တာဝန်မဲ့ခဲ့တာတွေ အများကြီးပဲ'

သမီးလေးကို စူးစိုက်စွာကြည့်ပြီး ဝမ်းနည်းကြေကွဲမှုတွေ ခံစားနေရသည်။ မိမိမတရားဘူး။ သမီးလေးတစ်ယောက်အပေါ် များစွာရက်စက်ခဲ့သည်။ နှိမ့်ချဆက်ဆံခဲ့သည်။ ရုပ်ရည်အရ သမီးကြီးလောက် မချောပေမယ့် စိတ်သဘောထား ပြည့်ဝလွန်းသူ ဖြစ်သည်။

ဘယ်သူ့ကိုမှ အပြစ်မတင်တတ်။ ခွင့်လွှတ်သည်။ နာခံသည်။ လိမ္မာရေးခြား ရှိလွန်းတဲ့ အကျင့်စရိုက်တွေ သမီးလေးမှာ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



'မာမိက မောင်ပြည့်လွန်း ဆန္ဒကိုလည်း မေးကြည့်ပါဦး ဆိုတော့ မိဘဝတ္တရားအတိုင်း သားနဲ့အသင့်တော်ဆုံး အိမ်ရှင်မ တစ်ယောက်ကို ရွေးချယ်ပေးတာပါတဲ့'

သူမသည် မာမို့ကို မျက်ရည်တွေ ပြည့်ဝိုင်းနေသည့် မျက်ဝန်းတွေနှင့် ကြည့်နေမိသည်။

ရင်ထဲမှာ လှိုက်ခါနေသည်။ သူမကို ရွေးခယ်လိမ့်မည်ဟု သူမ ဘယ်တော့မှ မထင်မှတ်မိပေ။

'သမီးလေးဟာ နွံနစ်နေတဲ့ ပတ္တမြားလေးတစ်လုံးပါကွယ်၊ မာမိနှစ်ထားမိတာ'

'အဲဒီလို မပြောပါနဲ့ မာမိ၊ သမီးစိတ်ထဲမှာ မပူမပင် အေးအေးချမ်းချမ်းနေရတာကိုပဲ မာမိကျေးဇူးတွေအပေါ် အမြဲ တမ်းအောက်မေ့နေပါတယ်'

'သမီးလေးရယ်'

သမီးလေးဘဝကို မနှစ်ထားသင့်ဟု ထင်မိသည်။ မိမိ အသက်ကြီးပြီ။ လူ့လောကကြီးထဲမှာ ကျန်ရစ်ခဲ့မယ့် သမီးနှစ် ယောက်လုံး ဘဝရှေ့ရေးအတွက် မိမိစီစဉ်ပေးထားခဲ့ဖို့ ဖြစ်သည်။ သမီးကြီးက ဘာမှ ပူပင်စရာ မရှိတော့ပေ။ စီးပွားရေးလုပ်ငန်း တွေကိုပင် ဦးစီးလုပ်ကိုင်နေသည်။ သမီးလေးသာ မီးဖိုချောင်ထဲ မှာ အမြဲတမ်း အချိန်တွေကုန်ဆုံးစေသည်။ ပညာရေးလည်း





သာမန်ဘွဲ့လေးတစ်ခုပဲ ရခဲ့သည်။ အစ်မဖြစ်သူ ပင်တိုင်စံနှင့် ယှဉ်ပြိုင်ခွင့် မရှိစေရ။

ဘာပဲဖြစ်ဖြစ် သမီးနှစ်ယောက်လုံး မိမိဝမ်းနှင့်လွယ်ပြီး မွေးခဲ့ရတာပဲ။ မိမိတာဝန်ကျေခဲ့ချင်သည်။

'သမီးလေး'

'ရှင်… မာမိ'

'မာမို့ကို ချစ်တယ် မဟုတ်လား'

'ချစ်ပါတယ် မာမိ'

'မာမို့ကျေးဇူးတရားတွေကို ငဲ့ညှာထောက်ထားမယ်ဆိုရင် မောင်ပြည့်လွန်းနဲ့ လက်ထပ်ဖို့ သမီးမငြင်းဆန်လိုက်ပါနဲ့နော်'

'သမီးကို'

'မာမို့ကို ဆင်ခြေတွေ မပေးပါနဲ့ သမီးလေး… နော်'

သူမ ဘာမှ မငြင်းဆန်နိုင်ခြင်း မရှိတော့ပေ။ တစ်စုံတစ် ခုကို သူမကြောက်လန့် တုန်လှုပ်နေသည်။ ဒါက…။ ကိုကို့ဘက် က ဆန္ဒမပါဘဲ လက်ထပ်ရမှာကိုပင် ဖြစ်သည်။ လူကြီးဆန္ဒအရ ဆိုတာကိုက ကြောက်လိုက်တာ။

ပြီးတော့။

ကိုကို ငြင်းဆန်လိုက်မှာကိုလည်း စိုးရွံ့တုန်လှုပ်နေမိ သည်။ ငြင်းမှာ သိနေ၏။ ရှက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'လူကြီးတွေက ကောင်းမယ်ထင်လို့ စီစဉ်ပေးကြတာပဲ၊ ဒီနေ့ကစပြီး အားငယ်စိတ်တွေကို ဖျောက်ပစ်လိုက်တော့နော်'

'ဟုတ်ကဲ့'

မာမီ့ရင်ခွင်သို့ ခေါင်းတိုးကာ ဝင်လိုက်မိသည်။ သူမကို အားပေးစကားတွေ မာမီပထမဆုံး ပြောလိုက်ခြင်းဖြင့် နှလုံးသားတွေ တုန်ခါလှုပ်သွားရသည်အထိ ပျော်ရွှင်ပီတိတွေ ခံစားလိုက်ရသည်။

□ □ □



## အခန်း (၃)

ပြည့်လွန်းကို မေမေက ခရေစံနှင့် လက်ထပ်ရမည်ဟု ပြောလိုက်သည်ပင် သူ အတော်လေး အံ့ဩသွားရသည်။

ခရေစံ…။ ခပ်ညှံ့ညှံ့ မိန်းကလေးပဲ။ ပြည့်လွန်းဘယ်လိုမှ အထင်မကြီးနိုင်သော မိန်းမဖြစ်သည်။ အေးစက်စက် ကျောက်ရုပ်လေး။ မိန်းမတစ်ယောက်ပဲဖြစ်ဖြစ် ထမင်းဟင်းချက်တာလောက်ပဲ အသုံးဝင်နေတာမျိုးဖြစ်နေရင် သူ အထင်မကြီးပေ။ ခရေစံက ဒီလို မိန်းမမျိုး။ သူ့ကို ညီမငယ်တစ်ယောက်ထက်ပိုပြီး ချစ်လို့မရ။

ဘဝတစ်သက်တာလုံး လက်တွဲဖော်အဖြစ် စဉ်းစားမရခဲ့။ အချိန်တွေကို မီးဖိုချောင်ထဲမှာပင် ဖြုန်းပစ်ချင်နေတဲ့ သူမကို သူ အထင်မကြီးခဲ့။

'လွန်း'



www.burmeseclassic.com

www.burmeseclassic.com



'ဗျာ… မေမေ'

'မင်း… ခရေစံကို လက်မထပ်လိုဘူးဆိုတာ မေမေ သိတယ်၊ ခက်တာက မင်းအတွက် အလိုအပ်ဆုံးမိန်းမတစ်ယောက်ကို ရွေးချယ်ပေးတာပဲ'

ဒေါ်ခင်ခင်ကိုယ်တိုင်ကလည်း သားအနေနှင့် ခရေစံကို မရွေးချယ်မှာစိုး၍ ရွေးချယ်ပေးလိုက်ခြင်း ဖြစ်သည်။ ယောကျ်ား တစ်ယောက်အတွက် အလိုအပ်ဆုံးက အိမ်ရှင်မကောင်းတစ်ယောက်ပဲ၊ ဤကျွေးရှိသူလေး။ အထူးသဖြင့် သားကဲ့သို့ စီးပွားရှာနေသော ယောကျ်ားတွေ ဖြစ်သည်။ ပင်တိုင်စံသည် ချော၏။ ပညာတတ်သည်။ လူတောထဲ ဝင်ဆန့်လွန်းသော မိန်းမဖြစ်သည်။ သားအတွက် စီးပွားရေးကိစ္စတွေမှာ အကူအညီရချင်လည်း ရနိုင်သည်။

ဒါပေမဲ့။

မာန်မာနကြီးသည်။ အနိုင်ကျင့်တတ်၏။ အတ္တကြီးသည်။ သူကိုယ်သူမ အထင်ကြီးတတ်သော မိန်းမဖြစ်သည်။

'မေမေ'

'ဟင်'

'ပင်တိုင်စံကိုဆိုရင် သားလက်ခံတယ်'

'ပင်တိုင်စံ'





'ဟုတ်တယ်လေ၊ သားနဲ့ လိုက်ဖက်မယ့် မိန်းမက ပင်တိုင့်စံပဲ'

သူ မေမေ့ကို ပြတ်ပြတ်သားသားပဲ ဖွင့်ဟသည်။ ငယ်စဉ်ကလေးကတည်းက ပင်တိုင်စံကို အထင်တကြီး ဖြစ်နေခဲ့သည်။ နှစ်သက်သည်။ ပင်တိုင်စံက ရုပ်ချော၏။ စမတ်ကျလွန်းနေသလို ထက်ထက်မြက်မြက် ရှိသည်။ အစွမ်းအစရှိတဲ့မိန်းမ ပညာလည်း တတ်သည်။

လောလောဆယ်ပင် သူရဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ဆွေးနွေးတိုင်ပင်လို့ရသည်။

စီးပွားရေးလုပ်ငန်းကြီးတစ်ခုကို ပင်တိုင်စံ ဦးစီးနေပြီ။ ခရေစံက ထမင်းဟင်းချက်တာလောက်ပဲ အသုံးဝင်နေသည်။

'သား အိမ်ထောင်ရေးကိုတော့ သားသဘောမကျတဲ့ မိန်းမတစ်ယောက်နဲ့ လက်ထပ်ပေးဖို့ မစီစဉ်ပါနဲ့ မေမေ'

ဒေါ်ခင်ခင်ကလည်း ပြတ်သားသူဖြစ်သည်။ သားဘဝ တစ်လျှောက်လုံး ကောင်းမှု၊ ဆိုးမှုတွေအားလုံး မိမိပဲ စီမံလာခဲ့၏။ နေရေးထိုင်ရေး။ ပညာရေး။ ကြီးပွားတိုးတက်ရေးအားလုံး မိမိစီစဉ် ဆောင်ရွက်ခဲ့သည်။

မှားသည်ဆိုတာ မရှိ။

မှန်နေတာပင်။

'သား'



www.burmeseclassic.com

www.burmeseclassic.com



'ပြောပါ မေမေ'

'မင်းဘဝတစ်လျှောက်လုံး မေမေပဲ သွန်သင်ဆုံးမလာခဲ့ပြီး လုပ်ငန်းကိစ္စအဝဝလည်း မေမေပဲ စီမံလာခဲ့တာပဲ'

'ဒါတော့'

'နေပါဦး မေမေ့ကို တစ်ခုပဲပြောပါ၊ မေမေစီစဉ်ခဲ့တာတွေ အားလုံး မှားခဲ့တာရှိလို့လား'

ပြည့်လွှမ်းအနေနှင့် မိဘတွေ စီမံရာပဲ အမြဲတမ်းနာခံလာခဲ့ရသည်။ ငြင်းဆန်ခွင့်လည်း မရှိခဲ့။ ဒါပေမဲ့ မှားသည်မရှိ။ အတော်ဆုံး လူသားတစ်ယောက်အဖြစ် လူ့လောကကြီးထဲမှာ ရပ်တည်နေနိုင်သည်။

'ပြောလေ သား'

'မရှိပါဘူး မေမေ'

'ဒီတစ်ခါလည်း မှန်မှာပဲ၊ သားဘာပဲဖြစ်ဖြစ် မင်းဘဝတစ်လျှောက်လုံး မာမီစီမံရာပဲ နာခံရမယ်'

'မေမေ'

'မင်းက ပင်တိုင်စံကို အထင်ကြီးနေတာ ဟုတ်လား'

မေမေက သူ့ကို စေ့စေ့ကြည့်သည်။

'ဟုတ်ပါတယ် မေမေ၊ သား အထင်ကြီးတာက ပင်တိုင်စံပါပဲ'

ပြည့်လွှမ်း ငြိမ်သက်နေသည်။





'ငယ်စဉ်လေးကတည်းက ရွေးချယ်ဖို့ မင်းဆုံးဖြတ်ထားခဲ့တာ မဟုတ်လား'

'စံကလည်း မေမေတို့သူငယ်ချင်း အန်တီအေဗိရဲ့ သမီးကြီးပါပဲ'

မိဘစကားကို မပယ်ရှားခဲ့သော ပြည့်လွှမ်းတစ်ယောက် ဘဝတစ်လျှောက်လုံး လက်တွဲပြီး အရာအားလုံးနှင့် ရင်ဆိုင်ဖြတ်သန်းမည့် ဇနီးမယားဆိုတော့ သူ့သဘောဆန္ဒအရ စီမံနေချင်သည်။

သူထင်တာက မေမေတို့အနေနှင့် ပင်တိုင်စံကိုပင် ချွေးမဖြစ်ရွေးချယ်မည်ဟု ထင်မှတ်မိသည်။ ရွေးမယ့်ရွေးတော့ ခရေစံ။ အညွှန့်ဖူးဆုံး မိန်းမ။ ငယ်စဉ်လေးကတည်းက အသက်မဲ့ အရုပ်တစ်ရုပ်ကဲ့သို့ ငြိမ်သက်နေတတ်တဲ့ ခရေစံ။ လူတကာ အနှိမ်ခံဘဝမှာပဲ ပျော်ရွှင်ကျေနပ်နေတတ်တဲ့ မိန်းမတစ်ယောက်။ ကြည့်ဦးလေ မိခင် ဒေါ်အေဗိစံကိုယ်တိုင် နှိမ်ထားတဲ့သမီး။ ပညာကရော ဆယ်တန်းအောင်ရုံပဲ။ စုတ်ပြတ်ပေရေစွာဖြင့် အလုပ်တွေလုပ်နေသည်။ အိမ်ဖော်တွေနှင့် ရောရောထွေးထွေး နေရ၏။ ထားရာနေ စေရာသွား။ စိတ်ဓာတ်ပျော့ညံ့တဲ့ မိန်းကလေးတစ်ယောက် ဖြစ်နေသည်။ ပင်တိုင်စံနဲ့တော့ လုံးဝဆန့်ကျင်ဘက်ဖြစ်ခဲ့၏။ သူက ထက်မြက်တဲ့ မိန်းမတစ်ယောက်ကိုပဲ အထင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ချင်သည်။ ပင်တိုင်စံပဲပေါ့။ သူ့ကိုနိုင်သည်။ စွာတေးလန်ပေမဲ့ ပညာတော်၏။ သွက်လက်ဖျတ်လတ်သူလည်း ဖြစ်သည်။ မာန်မာနကြီးတဲ့ မိန်းမတစ်ယောက်ကိုပဲ သူ လက်ထပ်လို၏။ သူနှင့် ရင်ဘောင်တန်းနိုင်တဲ့သူ။ ခရေစံလို မိန်းမတစ်ယောက်ကို သူ လက်ထပ်လိုက်ရမှာလား။ စိတ်ပျက်တယ်။

'သား... မင်းစိတ်ကူးမလွဲပါနဲ့၊ မေမေရွေးချယ်ပေးတဲ့ မိန်းကလေးကို လက်ထပ်ရမယ် ဒါပဲ'

'သားနဲ့ လက်ထပ်မယ့် မိန်းကလေးဟာ တင့်တယ်မှုတွေလည်း လိုအပ်သေးတယ် မဟုတ်လား မေမေ၊ ပြီးတော့ သားရဲ့ စီးပွားရေးလုပ်ငန်းတွေမှာလည်း အကူအညီတွေပေးနိုင်ဖို့ လိုအပ်တယ်'

'ပြီးတော့ရော'

'ဂုဏ်သိက္ခာပိုင်းနဲ့ ပွဲတက်မယားတစ်ယောက်အဖြစ် တင့်တယ်မှုတွေလည်း လိုအပ်သေးတယ် မဟုတ်လား မေမေ'

'ခရေစံက မင်းလိုအပ်ချက်တွေကို မဖြည့်စွမ်းနိုင်ဘူးလို့ ပြောချင်တာလား'

'နံ့အအမိန်းမတစ်ယောက်ကို သား အထင်မကြီးဘူး သားဘဝရဲ့ လက်တွဲဖော်လည်း အဖြစ်မခံနိုင်ဘူး'

မိဘစကားကို ဘယ်တော့မှ မဆန့်ကျင်ခဲ့သော သား





သည် ခရေစံကို လက်ထပ်ဖို့ ဆန့်ကျင်စကားတွေ ပြောလာသည်။ ဒေါ်ခင်ခင် လက်မခံနိုင်ပေ။ သား ပင်တိုင်စံကို ရွေးချယ်မယ်ဆိုတာသိလို့ တမင် ပင်တိုင်စံနှင့် ဝေးသွားအောင် စီစဉ်ထားခဲ့မိသည်။

မိဘတွေ ရွေးချယ်ပေးတဲ့ မိန်းကလေးကို လက်ထပ်မည်ဟု သားကတိပေးထား၏။

မရတော့ဘူး။

ပင်တိုင်စံက ခရေစံထက် အစစအရာရာ သာနေတာက ခင်အေးမိစံရဲ့ နှိမ့်ချဆက်ဆံမှုကြောင့်ပါ။ ပြာဖုံးနေတဲ့ မီးခဲလေးနှင့်ပဲ လက်ထပ်ပေးမည်ဟုပင်။ မိမိသဘောမတူဘူး။

သားထင်ထားတာက ပင်တိုင်စံ၊ မဖြစ်နိုင်ဘူး။ ပင်တိုင်စံရိုက်တွေကို ဒေါ်ခင်ခင်တို့ လင်မယားနှစ်ယောက်လုံး သဘောမကျမိ။ လူကြီးမိဘကို မရိုသေတတ်၊ အတ္တကြီးလွန်းတဲ့ မိန်းမတစ်ယောက်ဟု ထင်မိသည်။ သူမကိုယ်သူမ အထင်ကြီးပြီး ဘယ်အရာကိုမှ အလေးအနက်မထားသူ ဖြစ်နေ၏။ လူတွေကို အနိုင်ကျင့်သူ။

အထူးသဖြင့် သူမရဲ့ လုပ်ငန်းခွင်မှာ အလုပ်သမားတွေကို ကြမ်းတမ်းခက်ထန်စွာ ပြောဆိုဆက်ဆံတတ်ခြင်းဖြစ်သည်။ အသက်ကြီးသူ၊ ငယ်သူ ဘာမှမစဉ်းစား စိတ်မထင်လျှင် မအောင်အလို အော်ဟစ်ဆူပူကြိမ်းမောင်းတတ်၏။ ပါးရိုက်သည်။ ကန်



www.burmeseclassic.com

www.burmeseclassic.com



ကျောက်သည်။ ဒေါ်ခင်ခင်တို့ကိုပင် မောက်မောက်မာမာ ဆက်
ချင် ဆက်ဆံတတ်သည်။

'ပင်တိုင်စံက သိပ်ပြီးရိုင်းစိုင်းတယ်သား၊ သူ့ကိုယ်
အထင်ကြီးလွန်းတယ်၊ သားရဲ့ လုပ်ပိုင်ခွင့်တွေနဲ့ အစွမ်းအစ
အားလုံး ပင်တိုင်စံရဲ့ လွှမ်းမိုးမှုကြောင့် ကျဆုံးပျက်စီးသွားရ
မယ်'

'အဲဒီလို မိန်းမမျိုးကိုမှ အထင်ကြီးတယ် မေမေ'

'ဘာပြောတယ် သား'

'သားနဲ့ ယှဉ်ပြိုင်ဘက် မိန်းမတစ်ယောက်ကိုပဲ သ
လက်ထပ်ချင်တယ်၊ ဒါမှ ဘဝရဲ့ အရသာပဲ မေမေ၊ တိုးတက်
ရှိနိုင်မယ်လို့ သားထင်ထားတယ်'

'ဘုရားရေ၊ မင်းမှာ ဒီလိုအတွေးအခေါ်မျိုးတွေ ဝင်
တာပဲလား ပြည့်လွန်း'

သားစကားတွေနဲ့ အတွေးအခေါ်တွေက အန္တရာယ်
လွန်းသည်။ လက်မခံသင့်တဲ့ အယူအဆတွေ၊ ကြောက်စရာ
တွေပဲ။

မတွေးရဲ၊ ယှဉ်ပြိုင်တတ်တဲ့မိန်းမကိုမှ နှစ်သက်တာ
ပင်တိုင်စံဟာ မင်းကို ယှဉ်ပြိုင်ယုံတင်မကဘူး ဝါးမျိုသွား
အစွမ်းအစတွေ မှဲ့စေမှာ။ ခင်ပွန်းဖြစ်သူ ဦးနောင်လတ်ပါ ရော
လာတော့သည်။





'သားအမိတွေ ဘာတွေများ ဆွေးနွေးတိုင်ပင် ငြင်းခုန်နေ
ကြတာလဲ၊ တစ်ခါမှ မကြားဖူး၊ ထူးဆန်းနေပါလား'

'ဒီမှာလေ ရှင့်သားက ကျွန်မတို့ရွေးချယ်တဲ့ မိန်းမကို
သဘောမတွေ့ဘူး ဖြစ်နေတယ်'

ဦးနောင်လတ်ကိုယ်တိုင် စောစီးစွာ သဘောပေါက်ထား
သည်။ သားအနား ဝင်ထိုင်လိုက်သည်။ သားက ငယ်စဉ်လေးက
ည်းက ပင်တိုင်စံကိုပဲ အထင်ကြီးခဲ့သူဖြစ်သည်။ ပင်တိုင်စံမှ
တိုင်စံ။ သူရွေးချယ်မှာလည်း ပင်တိုင်စံကလွဲပြီး တခြားမဖြစ်
င်။

သိထားပြီးသားပဲ။

'သား'

'ဖေဖေ'

'မင်း ခရေစံကိုပဲ လက်ထပ်ရမယ်၊ အဲဒါ မင်းဘဝ
တွက် အလိုအပ်ဆုံး မိန်းကလေး'

'မဟုတ်သေးဘူး ဖေဖေ၊ ခရေစံက အညံ့ဖျင်းဆုံး မိန်းမ
နေရာတကာ ကြောက်ရွံ့နေတတ်ပြီး လူမဝင်ဆံ့နိုင်ဘူးလို့
ားထင်တယ်'

ဦးနောင်လတ်ကလည်း လက်မခံ ခေါင်းကိုခါယမ်းပစ်
လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာတော့ သားဆန္ဒတွေကို လုံးဝလက်မခံနိုင်တ ကြောင့် ဖြစ်သည်။

'ပင်တိုင်စံနဲ့ပဲ သားလက်ထပ်ပါ၊ ခရေစံနဲ့ လုံးဝမဖြစ်နိ ဘူး၊ ပင်တိုင်စံဟာ မင်းဘဝအတွက် လိုအပ်ပါတယ်'

ဖေဖေကိုယ်တိုင်က ခါးခါးသီးသီးငြင်းဆန်နေ၍ ပြည့်လွ အရှက်ကြီး ရှက်သွားရတော့သည်။

'ရိုးသားမှုအပြည့်ရှိတဲ့ ခရေစံပဲ၊ မင်း လက်ထပ်ရမယ်'

'သား... ဘယ်မိန်းမကိုမှ လက်မထပ်ရဘူးဆိုရင် မေမေ'

'မင်း တစ်နေ့နေ့မှာ ပင်တိုင်စံနဲ့ လက်ထပ်ဖို့ကြိုးစားမှ ဒါမှမဟုတ် ပင်တိုင်စံဘက်က မင်းကို လက်ထပ်ဖို့ ကြိုးစားလာ ပဲ'

'ပင်တိုင်စံက သားအတွေးတွေ၊ စိတ်ကူးတွေထဲက မိန်း တစ်ယောက်ပဲ မေမေ'

'မင်း မှားနေပြီ'

'သားက ငယ်စဉ်ကပဲ ပင်တိုင်စံကို ထိတွေ့ဆက်ဆံမှု တာ နောက်ပိုင်း ပညာအတွက်ရော စီးပွားရေးကြောင့်ပါ မင်း ဝေးကွာသွားကြတာပဲ'

ပင်တိုင်စံနှင့် မဆုံဖြစ်တာပင် နှစ်ပေါင်းအတော်ကြာ





ဖြစ်သည်။ ဒါပေမဲ့ သူက စီးပွားရေးလုပ်ငန်းတွေမှာပဲ သူ့ဘဝကို နှစ်မြှုပ်ထားမိပေမဲ့ ပင်တိုင်စံကိုတော့ မမေ့ခဲ့။

'ပင်တိုင်စံဟာ ထက်မြက်ပြီး အစွမ်းအစရှိတဲ့ မိန်းကလေးဆိုတာ မှန်ပေမဲ့၊ မာန်မာနတွေ မြောက်မြားတယ်၊ ရိုင်းစိုင်းတယ်၊ ကြမ်းတမ်းတဲ့ စရိုက်လက္ခဏာရှိတဲ့ မိန်းကလေး'

'သားရဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ကူညီဆောင်ရွက်ပေးနိုင်တဲ့ မိန်းမလေ မေမေ'

'ဒီနေရာမှာတော့ သားရဲ့ အတွေးအခေါ်တွေက အရမ်းချာသွားပြီ၊ ဘာပဲဖြစ်ဖြစ် မိဘတွေ ရွေးချယ်ပေးတဲ့ မိန်းမကိုပဲ မင်း လက်ထပ်ရလိမ့်မယ်၊ အားလုံး စီမံထားပြီးပြီ၊ သား မနက်ဖြန်ပဲ အေမိစံဆီသွားကြမယ်၊ စေ့စပ်ဖို့ကိစ္စ ဆောင်ရွက်မယ် ဒါပဲ သား'

ပြည့်လွှမ်းအတွက် ငြင်းဆန်ပိုင်ခွင့် မရှိတော့၊ ဖေဖေက စည်းကမ်းရှိသည်၊ ဒါဆို ဒါပဲ၊ မိဘတွေ စီစဉ်ထားတဲ့ မိန်းမနှင့် စေ့စပ်ရတော့မည်၊ ကြိုတင်၍ မပြောထားပေ။

'သား'

'ဗျာ မေမေ'

'မေမေတို့ရဲ့ သားအလိမ္မာလေးအဖြစ်ပဲ မိဘတွေ စီစဉ်တာကို မင်း လက်ခံပါကွယ်နော်'

ပြည့်လွှမ်း ဘယ်လိုမှ ငြင်းဆန်မရနိုင်တော့မှန်း သိလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ စိတ်ရှုပ်ထွေးသွားရ၏။ လက်ခံရတော့မှာပဲပေါ့၊ ဘယ်လိုလုပ်မလဲ၊ မိဘတွေရဲ့စကားကို သူ့တစ်သက် မြေဝယ်မကျ နာခံခဲ့သည်။

အမှားမရှိခဲ့။ ဘဝတစ်လျှောက်လုံး တိုးတက်မှုတွေနှင့် ပြည့်စုံမှုတွေက သူ့ဘဝမှာ တင့်တယ်လာခဲ့ရ၏။ အိမ်ထောင်ရေးမှာလည်း ပင်တိုင်စံကိုပဲ ရွေးချယ်မည်ဟု သူ တစ်ထစ်ချ မှတ်ယူထားခဲ့မိသည်။

လုံးဝ မှားသွား၏။

ခရေစံတဲ့။

ငယ်ငယ်လေးကတည်းက ပင်တိုင်စံကရော တခြားသူတွေကပါ ပြောဆိုခိုင်းစေသမျှ ငြိမ်ကုတ်စွာ နာခံသည်။ မင်းကိုငါစိတ်အပျက်ဆုံးပဲ ခရေစံ။

နံ့အအ မိန်းမတစ်ယောက်ကို ငါဘယ်တော့မှ အထင်မကြီးဘူးကွ။ အထင်သေးတာကွ၊ ငြင်းဆန်၍လည်း မဖြစ်။ မတတ်နိုင်တော့ပေ။ မိဘတွေ သဘောတူတဲ့ နံ့အအမိန်းမတစ်ယောက်ကိုပဲ လက်ထပ်ရတော့မည် ဖြစ်သည်။

'မိဘတွေရဲ့ ဆန္ဒကိုပဲ သားဖြည့်ဆွမ်းပေးပါတော့မယ်မေမေ'

'သားလေးရယ်'





မိဘတွေကို စိတ်ချမ်းသာအောင်ထားခြင်းသည် ကျေးဇူးဆပ်ခြင်းပဲဟုသာ ပြည့်လွှမ်း ခံယူထားမိသည်။

ခရေစံနဲ့ လက်ထပ်ဖို့တော့ သူ လုံးဝမမှုလို့လားခဲ့ပေ။ ဒါပေမဲ့ သူနဲ့ ခရေစံ လက်ထပ်ရတော့မှာပဲ ဖြစ်သည်။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ပြည့်လွန်းတို့ ရောက်လာတော့မယ်ဆိုတဲ့ သတင်းကြော
ပင်တိုင်စံ အစွမ်းကုန် အလှအပတွေ ပြင်ဆင်ထားမိသည်။

ခရေစံနဲ့ စေ့စပ်ဖို့တဲ့။

အနံ့ကယ်လ်လက်နဲ့ အနံ့တီခင်ကိုယ်တိုင် တောင်းဆို
ဖြစ်နေ၍ ပင်တိုင်စံဘာမှ မတတ်နိုင်ဘဲ ဖြစ်နေမိသည်။ သူမ
ဘာဖြစ်လို့ မရွေးချယ်ရတာလဲ။ မိန်းကလေးဖြစ်ပြီး ယောက်
တစ်ယောက်နှင့် လက်ထပ်ဖို့ ငမ်းငမ်းတက် တောင်းဆိုရတဲ့အဖြ
မျိုးလည်း အဖြစ်မခံနိုင်။

မာနတော့ အထိမခံနိုင်ဘူး။ လူကြီးတွေကရော ပင်တို
ကို ဘာကြောင့်မရွေးချယ်ရတာလဲ။ ဒင်းတို့ သားက ဘယ်လော
များ ကြီးကျယ်ခမ်းနားနေလို့လဲ။ အဓိပ္ပာယ် မရှိလိုက်တာ။ ခရေ
ဘာမှအစွမ်းအစမရှိတဲ့ မိန်းမ။ ဒင်းတို့ ဘာဖြစ်လို့ ရွေးမအေ





ရွေးချယ်ရတာလဲ။ ဟွန်း…။ ပင်တိုင်စံ ကို ဒီလိုလာစမ်းလို့ ရမတဲ့လား။

ဘယ်နေရာမဆို အညှာမပေးခဲ့၊ ထိပ်ဆုံးကနေပဲ အနိုင်ယူလာခဲ့သူ ဖြစ်သည်။ ပြည့်လွန်းကို သူမပဲ ပိုင်ဆိုင်နိုင်အောင် ကြိုးစားရမယ်။ ခရေစံလက်ထဲ မထည့်ဘူး။ ပြည့်လွန်းလို ယောကျ်ားတစ်ယောက်ကို သူမပဲ ပိုင်ဆိုင်ရမယ်။ ပိုင်ဆိုင်သင့်တယ်။ ခရေစံက အစွမ်းအစရှိတဲ့ မိန်းမတစ်ယောက်မှ မဟုတ်တာ။ ပြည့်လွန်းက အထင်ကြီးမှာမဟုတ်။

'မမ'

'ဟင်… ညည်း ဘာလာလုပ်တာလဲ ခရေစံ'

'မာမီ ခေါ်ခိုင်းလို့ပါ'

မာမီနှင့်လည်း သူမ ရှောင်နေမိသည်။ ခရေစံကို ပြည့်လွန်းနဲ့ လက်ထပ်ဖို့ မာမီလက်မခံသင့်ဘူး။ ငြင်းပယ်ရမယ်။ သမီးကြီးဖြစ်တဲ့ ပင်တိုင်စံနဲ့ပဲ လက်ထပ်ပေးသင့်တယ်။

'ခရေစံ'

ခရေစံကိုတော့ ပင်တိုင်စံက ငယ်နိုင်ပဲ။ မော့မကြည့်ရဲအောင်ကို နှိမ်ထားခဲ့တာ။

'ရှင်… မမ'

'ညည်းကို မေးပါရစေဦး'

'မေးပါ… မမ'



www.burmeseclassic.com

www.burmeseclassic.com



ခရေစံကို သူမစိုက်ပြီး ကြည့်ပစ်လိုက်သည်။ မီးဖိုချောင်အလုပ်တွေပဲ လုပ်နေတတ်တဲ့ ခရေစံသည် စုတ်တီးစုတ်ဖတ်နှင့် ဖြစ်သည်။

အခုမှ ပြင်ဆင်ထားသည်။ မာမိစီစဉ်ထားတာပဲ ဖြစ်နိုင်၏။

'ပြည့်လွန်းနဲ့ညည်း လက်ထပ်ဖို့ သိပြီးပြီလား'

'ဟုတ်ကဲ့'

'ညည်း လက်ခံလိုက်ပြီးလား ခရေစံ'

'ခရေက လက်ခံတာတွေ၊ ငြင်းဆန်တာတွေ လုပ်ပိုင်ခွင့် မရှိပါဘူး မမ'

'ညည်း ငြင်းရမယ်'

'ရှင်'

'ပြည့်လွန်းကို ညည်းဘယ်တော့မှ လက်မထပ်ရဘူး၊ ညည်းနဲ့လည်း မတန်ဘူး'

မမသည် ခရေစံကို နှိမ်နှိမ်ချချ ဆက်ဆံပြောဆိုတတ်တာတော့ မဆန်းပါ။

မမဘာပဲပြောပြော အပြောခံနေကျဖြစ်သည်။ မမအကျင့်ပဲ။

လူတွေအားလုံးကို မမက အမြဲတမ်း အထင်သေးနေတတ်သည်။





'ညည်း ဘာဖြစ်လို့ လက်ခံရတာလဲ၊ ညည်းကို ရှင်းရှင်းပဲပြောမယ်၊ ပြည့်လွန်းက ငါနဲ့ လက်ထပ်မယ့်ယောကျ်ား တစ်ယောက်ပဲ'

'ရှင်'

ခရေစံအတွက်တော့ မမနဲ့ပဲ တန်သည်ဟု ထင်မိသည်။ ပြည့်လွန်းကလည်း သူမကို လက်ထပ်ချင်မှာ မဟုတ်ပါဘူး။ သူမ သိနေသည်။

'ငါပြောတာကို ညည်း သဘောပေါက်လား'

'ဟုတ်ကဲ့'

'ညည်းငြင်းလိုက် ဒါပဲ၊ ညည်းငြင်းဆန်လိုက်ရင် ဘယ်သူမှ ဖွတ်အတင်း စီစဉ်ရဲမှာ မဟုတ်တော့ဘူး ခရေစံ'

'ဟုတ်ကဲ့ပါ မမ'

'သွားတော့'

သူမကတော့ ဖြောင်ပဲ ပြောပြလိုက်မိပါသည်။

'ခရေစံ ခဏနေဦး'

'ဟုတ်ကဲ့ မမ'

'ငါ ငြင်းခိုင်းတာလို့ လူကြီးတွေကို မပြောနဲ့ ပြောရင်တော့ ညည်းမလွယ်ဘူးသာမှတ်'

'ဟုတ်ကဲ့ပါ မမ'

'သွား… သွား'



www.burmeseclassic.com

www.burmeseclassic.com



ညီမဖြစ်သူကို မောင်းထုတ်ပစ်လိုက်ပြီး အခန်းထဲမှာ ထိုင်နေမိသည်။ ပေါက်ကွဲချင်နေ၏။ ဘာတွေလဲ မာမီနဲ့လည်း မတွေ့ချင်ဘူး။

ခက်လိုက်တာ။ ဘယ်လိုလုပ်ရမလဲ။ ပင်တိုင်စံကို အရေးပေးချင်ယောင်ဆောင်ပြီး ခရေစံဘဝအတွက် မာမီတမင် စီစဉ်ပေးလိုက်တာပဲ။ မာမီထံမသွားဘဲ နေပစ်လိုက်မိတော့သည်။

'သမီးကြီး'

မာမီ ရောက်လာသည်။

'ခရေစံ လာမခေါ်ဘူးလားကွယ်'

ရန်လိုနေတဲ့ သမီးကြီးရဲ့ မျက်ဝန်းတွေက မီးတောက်မ တတ် မာထန်နေသည်။

'မခေါ်ဘူး မာမီ'

'ဘာအေ့'

ဒေါ်အေမိစံက သမီးကြီးနှင့် တွေ့ဆုံရန် သမီးငယ်ကို ခေါ်ခိုင်းလိုက်သည်။ မခေါ်ဘူးတဲ့။ သမီးငယ်က ခေါ်ပြီးကြောင်း ပြောခဲ့သည်။

'သမီးကြီး'

'ရှင်'

'မာမီကို ဘာဖြစ်လို့ ညာပြောရတာလဲ'

'ခရေစံက ဘာပြောလို့လည်း မာမီ'





'သမီးကြီးကို ခေါ်ပြီးပြီတဲ့'

'လိမ်တာ သမီးဆီ လုံးဝမရောက်သေးဘူး မာမီ'

သမီးကြီး လိမ်ညာတယ်ဆိုတာ ဒေါ်အေမိစံ သိသည်။ အဲဒါအကျင့်ပဲ ခရေစံကို ညီမလေးအဖြစ် သံယောဇဉ်ကင်းမဲ့ သည်။

'ခရေစံ စကားကို မာမီယုံကြည်နေတာပဲ'

ဒေါ်အေမိစံသည် သမီးကြီးအကျင့်ကို သိနေသည်။ သမီးငယ်ကိုပဲ အပြစ်မရှိ အပြစ်ရှာနေတတ်၏။ ဒေါ်အေမိစံ အမှားပဲ။

မိမိကြောင့်ပါ။ သမီးကြီး မှားနေတာ သိသိကြီးနှင့် ဘက်လိုက်ခဲ့သည်။ အခွင့်အရေးတွေ ပေးခဲ့၏။ မိမိကိုယ်တိုင်ပင် သမီးကြီးကို အချစ်ဆုံး ဖြစ်နေ၏။ သမီးငယ်ကတော့ မိမိရင်သွေး ဖြစ်၍ သံယောဇဉ်ရှိသည်။ သမီးငယ်မွေးလို့ ခင်ပွန်းသေဆုံးရ သည်ဟု အစွဲရှိခဲ့သည်။

အလိုမလိုက်၊ နှိမ်ထားမိသည်။ ဘယ်အရာမဆို သမီး ကြီးမှန်သည်ပဲ ဖြစ်စေခဲ့၏။ နောက်ဆုံးတော့ မိမိအမှားတွေကပင် သမီးကြီးရဲ့ မာန်မာနတွေနှင့် အတ္တကြီးမှုတွေကို မြှောက်ပိုး ပင့်ကော် လုပ်ပေးနေသလို ဖြစ်သွားရတော့သည်။

'မနက်ဖြန် မောင်ပြည့်လွှမ်းတို့ မိသားစု လာကြမယ်၊ သမီးငယ်နဲ့ စေ့စပ်ဖို့ကိစ္စပဲ'



www.burmeseclassic.com

www.burmeseclassic.com



'သမီးနဲ့ ဘယ်လို ပတ်သက်နေလို့လဲ မာမီ'

'သမီးကြီးလည်း ကူညီဧည့်ခံပေးပါ၊ ညီမလေးဘဝရေ ရေးအတွက် မာမီတို့ ဒီလောက်တော့ ဆောင်ရွက်ပေးကြရလိမ့် မယ်'

သမီးကြီးစိတ်တွေ ဒေါ်အေမီစံ သိနေ၍ဖြစ်သည်။ ဒီ ကိစ္စ သမီးကြီး စိတ်ထဲမှာ ဘာတွေရှိနေလဲဆိုတာ သိနေ၏။ မောင်ပြည့်လွန်းကို မှန်းထားသူ သမီးကြီး မလိုမုန်းထားတဲ့ စိတ် တွေပဲ ရှိသည်။ မဖြစ်သင့်ဟု ဒေါ်အေမီစံ ထင်နေ၏။ ခင်ခင် တို့လာလျှင် ပြဿနာတက်မှာကြောက်၍ သမီးကြီးကို ဖျောင်း နေခြင်းပင် ဖြစ်သည်။

'သမီး စီးပွားရေးလုပ်ငန်းတွေနဲ့ လုံးပန်းနေရတာ ဧည့်ခံ အချိန်ရမှာ မဟုတ်ဘူး မာမီ'

'ခင်ခင်တို့ လာရင်တော့ သမီးကြီးဧည့်ခံရမယ်၊ မာမီ ဆန္ဒကို ဒီတစ်ခုပဲလိုက်နာ ဆောင်ရွက်ပေးပါကွယ်'

'မဖြစ်နိုင်တဲ့ကိစ္စတွေကို ဖွတ်မခိုင်းပါနဲ့၊ မာမီ သမီးခေါ ထွက်မှာ'

'မထွက်ရဘူး'

'စီးပွားရေးလုပ်ငန်းတွေ လုပ်နေတဲ့ သမီးအတွက် လုပ် ငန်းကိုပဲ စဉ်းစားပေးရလိမ့်မယ် မာမီ'

ဒေါ်အေမီစံ ဘာမှ မတတ်နိုင်တော့တဲ့ ဘဝရောက်သွား





သည်။ ဆတ်ဆတ်ထိမခံ ပြန်ပြောနေ၏။ သမီးကြီးကို ပြောရ၍ ရနိုင်မှန်း သိထားပြီး ဖြစ်၏။ အလိုမလိုက်သင့်တာတွေ အလို လိုက်ခဲ့မိ၍ ဒေါ်အေမီစံ စိတ်သောကတွေနဲ့ပဲ ရင်ဆိုင်နေပြီဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

မမက ခရေစံကို အမိန့်ဆန်သော စကားတစ်ခွန်း ပြော
လိုက်သည်။ ကိုကိုပြည့်လွန်းနှင့် လက်ထပ်ဖို့ ငြင်းဆန်လိုက်ပါတဲ့
မာမီက မငြင်းရဘူးတဲ့ စိတ်ညစ်တယ်။ သူမ ဘာဆက်လုပ်ရ
တောင် မသိအောင်ဖြစ်သွားရသည်။ လူကြီးတွေ စီစဉ်တာ
သူမပင် မသိခဲ့။

မမရယ် ညီမငယ်လေးအပေါ် ဘာလို့များ မလိုမုန်းထားဖြ
နေရလဲ။ မမနဲ့ ယှဉ်ပြိုင်မယ့် ညီမလေးတစ်ယောက် မဟုတ်ပါဘူ
နော်။ တစ်မအေတည်းက မွေးခဲ့ကြတာပါ။

သူမ ငြင်းရမလား။

မနက်ဖြန်။

ကိုကိုပြည့်လွန်း လာမည်။

မတွေ့ကြတာ ကြာပြီပဲ။

ရှင်ကိုယ်တိုင်လည်း ကျွန်မကို လက်ထပ်ချင်မှာ မဟု





ပါဘူးနော်။ အထင်သေးနေတာ မဟုတ်လား။ ကျွန်မ သိပါတယ်။
ခရေစံဆိုတဲ့ မိန်းမတစ်ယောက်ကို ရှင်ဘယ်တော့မှ အထင်မကြီး
ဘူး မဟုတ်လား။ မိဘတွေ စကားကို မလွန်ဆန်နိုင်လို့ ကျွန်မနဲ့
လက်ထပ်ရမှာ မဟုတ်လား။ ရှင်ကိုယ်တိုင်လည်း မမနဲ့ပဲ လက်
ထပ်ချင်မှာပါ။ ကျွန်မ ငြင်းသင့်တယ်။ လက်မခံသင့်ဘူး။ မနက်
ဖြန်အတွက် ရင်ဆိုင်ရမှာကို သူမ ကြောက်ရွံ့နေမိသည်။ မျက်နှာ
တွေ ပူလိုက်တာ။ ငိုချင်လာ၏။ မျက်ဝန်းက စိုစွတ်လာသည်။
သူမသည် ဘာဖြစ်လို့များ ဒီလောက်တောင် ကံဆိုးနေရတာလဲ။
မျက်တွေက မထိန်းနိုင်။ မျက်ရည်တွေ လိမ့်ဆင်းကျလာရတော့
သည်။

'အဟင့်… ဟင့်… အဟင့်'

'သမီးလေး'

'ရှင်… မာမီ'

'ဘာဖြစ်လို့ ငိုနေရတာလဲ သမီးလေးရယ်'

သမီးလေးရင်ထဲမှာ ဘာတွေ ခံစားနေရလဲဆိုတာ ဒေါ်
အမိစံ အသိဆုံး ဖြစ်နေရသည်။

'မာမီ'

'ပြော'

'သမီး ကိုကိုပြည့်လွန်းကို လက်မထပ်ချင်ဘူး'

'ဘာ'



www.burmeseclassic.com

www.burmeseclassic.com



ပင်တိုင်စံ တစ်စုံတစ်ခု ပြောလိုက်ပြီဆိုတာ ဒေါ်အေမီစံ သဘောပေါက်လိုက်ပြီဖြစ်သည်။ ခရေစံက အေးချမ်းသူ။ မိခင်ကိုပင် သန့်ကျင်စကားတွေ ဆိုလာသောကြောင့် ဒေါ်အေမီစံ မနိုင်တော့တဲ့သဘော ဖြစ်လာ၏။

'မမကြောင့်လား သမီး'

'တကယ်တော့ မမနဲ့ပဲ လက်ထပ်သင့်တာပါ'

'ညည်း လုံးဝမငြင်းရဘူး ခရေစံ၊ ဒါ သမီးလေးအတွက် တစ်ခုတည်းသော အခွင့်အရေးတစ်ခုပဲဟာ'

သမီးလေး ဘဝအတွက် မိခင်တစ်ယောက်အနေနှင့် တာဝန်ကျေရမည်ဖြစ်သည်။ ရင်ဆိုင်ပေးရမယ်။ လုပ်ပေးသင့်တဲ့ အလုပ်ပဲ။

'သမီး ဘယ်ယောက်ျားနဲ့မှ လက်မထပ်ပါဘူး မာမီ လွတ်လွတ်လပ်လပ် နေပါရစေနော်'

'မာမီ လက်မခံနိုင်ဘူး၊ အသက်အရွယ်ကြီးရင့်လာပြီ ဖြစ်တဲ့ မာမီအတွက် သမီးကို အထီးကျန်မှာ ကြောက်တယ်'

'မမ ရှိသားပဲ မာမီ'

'မဟုတ်သေးဘူး သမီးလေး၊ မမဟာ အတွေးကြီးတယ် တစ်ကိုယ်ကောင်းဆန်တယ်၊ မာမီမရှိတော့ရင် သမီးလေးတစ်ယောက်တည်း ဒုက္ခရောက်လိမ့်မယ်နော်'

'မာမီ သမီးကို ချစ်သားပဲနော်'





မာမီကလည်း သူမကို မျက်ရည်ဝဲနေသည့် မျက်ဝန်းတွေနှင့် ကြည့်သည်။ အပြစ်ကို တောင်းပန်တဲ့ မျက်ဝန်းနှင့် သူမကို ရင်ခွင်မှာ အပ်ထားလိုက်သည်။

'ချစ်တာပေါ့ သမီးလေးက မာမီ့သမီးလေးပဲဟာ၊ တစ်ခုတော့ရှိတယ်၊ သမီးကြီးကို မာမီ အလွန်အမင်း အလိုလိုက်မိတာပါပဲ'

'မမကို အလိုလိုက်လက်စနဲ့ပဲဆက်ပြီး အလိုလိုက်ပါနော် မာမီ'

'သမီးလေးဟာ သိပ်ပြီးအနစ်နာခံလွန်းတယ်၊ သည်းခံနိုင်လွတ်နိုင်တဲ့ မိန်းကလေးတစ်ယောက်ပါပဲ'

ဒေါ်အေမီစံ စိတ်ထိခိုက်ကြေကွဲစွာဖြင့် ရင်ထဲမှာ စူးနင့်နေသည်။

'မမနဲ့ပဲ ကိုကိုပြည့်လွန်း လက်ထပ်သင့်တယ် မာမီ'

'မဖြစ်နိုင်ဘူး၊ မာမီ လုံးဝ လက်မခံနိုင်ဘူး၊ သမီးလေး ငြင်းဖို့ မကြိုးစားပါနဲ့'

'မာမီ'

'ဘာမှ ထပ်မပြောနဲ့တော့၊ သမီးလေး မာမီ့ဆန္ဒကို ဖြည့်စွမ်းပါ၊ မာမီစိတ်ချမ်းသာမှုကို သမီးလေးလိုလားတယ် မဟုတ်လား'

ခရေစံတစ်ယောက် ဘာလုပ်ရမှန်း မသိတော့။ မိုးညစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ။ မမစိတ်ကို သူမသိသည်။ ခရေစ်အပေါ် အငြိုးကြီးစွာ ပြုံးသနားရှာမှာပင် ဖြစ်သည်။

'သမီးလေး'

'ရှင်'

'မမကို ဂရုမစိုက်နဲ့ မာမီရှိတယ်၊ မောင်ပြည့်လွှမ်းနဲ့ လက်ထပ်ဖို့ သမီးလေး မငြင်းပါနဲ့၊ မာမီကို ကတိပေးပါ'

'မမကြောင့် သမီးငြင်းတာ မဟုတ်ပါဘူး မာမီ၊ ကိုကိုကိုယ်တိုင် သမီးကို လက်ထပ်ချင်မှာ မဟုတ်လို့ ငြင်းရတာပါ'

'လူကြီးတွေ ရွေးချယ်တာပဲ၊ သမီးဘာမှ ငြင်းစရာ မလိုဘူး၊ ဒေါ်ခင်ခင်ကိုယ်တိုင် မာမီဆီ ဖုန်းအထပ်ထပ်ဆက်တယ်။ သမီးလေးဘက်က လုံးဝ မငြင်းလိုက်ပါစေနဲ့တဲ့'

'ဟင်'

သူမနှင့် ဘာဖြစ်လို့များ လူကြီးတွေက အတင်းအကြပ် လက်ထပ်စေချင်နေရတာလဲ။ မမကို ကြောက်နေပုံပင်။ မမပင် တိုင်စံနှင့် လက်ထပ်ဖြစ်မှာစိုး၍ပဲ ဖြစ်နိုင်သည်။ ခရေစ်က တန်ဆာခံလား။ သေချင်တယ်။ အရာရာ ရင်မဆိုင်ရဲပါဘူး။ လောကကြီးထဲမှာ မမရဲ့ညီမအဖြစ် သူမကိုမှလာ၍ ဖြစ်စေသည်။ သံယောဇဉ်ကင်းမဲ့လွန်းတဲ့ မမ။

အင်အားတွေ မဲ့ချင်နေ၏။

'သမီးလေး ဘဝမှာ မာမီကြောင့် ပညာလည်းကောင်း





ကောင်း မသင်ခဲ့ရဘူး၊ စီးပွားရေးလည်း နားလည်ခွင့် မရခဲ့ဘူး၊ ဒါအားလုံး မာမီ့အမှားတွေကြောင့်ပဲ'

'သမီး အကြောင်းပါပဲ မာမီရယ်၊ သမီးလေးကို ချစ်သေးတယ်ဆိုတာ သိရလို့ သမီးကျေနပ်ပျော်ရွှင်နေရပါပြီ'

မာမီသည် သူမကို မချစ်ဟု ယယ်စဉ်လေးကတည်းကပင် သင်မှတ်လာခဲ့ရသည်။ မွေးစားသမီးဟုပင် ထင်မိ၏။ မမဆန္ဒတစ်ခုတည်းသာလျှင် မာမီအတွက် အဓိကဖြစ်နေ၏။ ခရေ့ကို ပြစ်ယ်ထားသည်။

'နင့်ကို မာမီက မချစ်ဘူး၊ ယောက်ျားလေးလိုချင်တာ နင့်ကို မွေးလို့လေ'

မမထံမှ မကြာခဏ ကြားရလေ့ရှိသောကြောင့် ဖြစ်သည်။ ဒက်ဒီသေရတာ သူမကြို့ဟ်မွေးလို့တဲ့။ သူမအတွက် မဆန်းတော့။

ကြားနေကျပါ။ ဆူပူကြိမ်းမောင်းမှုတွေနှင့် အပြစ်တင်တွေသာ သူမ နေ့စဉ်ကြုံတွေ့ ရင်ဆိုင်နေခဲ့ရသည်။

'မာမီ သမီးလေးပဲ မာမီ သိပ်ချစ်ပါတယ်ကွယ်၊ သမီးသား ယုံပါနော်'

'မာမီရယ်'

မာမီရဲ့ ချစ်ခြင်းမေတ္တာတွေကို ရတဲ့အတွက် သူမပျော်ရွှင်နေမိသည်။ မာမီ့ရင်ခွင်က နွေးထွေး၏။ အရာအားလုံးကို



www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်ဖို့ သတ္တိတွေ ဝင်လာရသည်။ မာမီ့ဆန္ဒပဲ အဓိက။ သူမ ဖြည့်စွမ်းပေးမယ်။ မမဘက်က ဘယ်လောက်ပဲ အငြိုးကြီးကြီးနဲ့ လက်တုံ့ပြန်ပါစေ သူမ ခံယူမည်။ မာမီ့ကို စိတ်အေးစေချင်တဲ့ ဆန္ဒတွေ ဖြစ်ပေါ်လာရသည်။

'သမီးလေး'

'ရှင်'

'မာမီ့ကို ကတိပေးစမ်း၊ မောင်ပြည့်လွန်းကို လက်ထပ် ပါမယ်လို့'

သူမ မာမီကို အားကိုးတကြီး မော့ကြည့်လိုက်မိသည် ကတိတဲ့။ ကိုကိုပြည့်လွန်းကို လက်ထပ်ရမည်တဲ့။ မမကတော့ သူမကို ငြင်းဖြစ်အောင် ငြင်းရမည်ဟု ပြောသည်။

'သမီးဘက်ကတော့ မငြင်းပါဘူး မာမီ၊ အခြေအနေ အားလုံးကို ရင်ဆိုင်ဖို့ သမီးလေးမှာ အင်အားတွေ ရှိလာပါပြီ'

မာမီထံမှ ချစ်ခြင်းမေတ္တာတွေကို သူမ သိလိုက်ရ ဖြစ်သည်။

'ဒီကိစ္စမဖြစ်ဖြစ်အောင် မာမီလုပ်မယ်၊ သမီးလေးအ တွက် နောက်ဆုံးတာဝန် ကျေချင်တယ်'

မာမီသည် သူမကို လုံးဝကြောက်ရွံ့ တုန်လှုပ်ဖို့ မလို ကြောင်း အားပေးသည်။ အကြင်နာမျက်ဝန်းတွေနှင့် သူမလက် လေးတွေကို ဆုပ်ကိုင်ဖျစ်ညှစ်ထား၏။ နွေးထွေးသွားပါသည်





မမထံမှ အချစ်တွေကို သူမ ရယူပိုင်ဆိုင်ခွင့် ရှိလျှင် ဘယ် လောက်များ ပျော်ရွှင်နေရမလဲ။

'မာမီ သွားမယ်နော်၊ မနက်ဖြန်အတွက် အင်အားတွေ မွေးထားဦး၊ သမီးလေးဟာ မာမီတို့ သမီးလေးပဲဘာမှ သိမ်ငယ် နေစရာ မလိုပါဘူးနော်၊ မမလိုပဲ ချမ်းသာတဲ့ အသိုင်းအဝိုင်းက သမီးလေး'

မာမီရယ်။

ဒီစကားတွေကို ခုမှ ဘာဖြစ်လို့ ပြောခဲ့ရတာလဲ။

မာမီ ထွက်သွားသည်။

သူမ ကျန်ရစ်သည်။ အခြေအနေက ရုတ်တရက်ကြီး ပြောင်းလဲသွားသလိုပင်။

ခရေစံက မာမီ့သမီးအရင်းပါပဲ။ ငယ်စဉ်လေးကတည်း က ခရေစံအတွေးထဲမှာ မွေးစားသမီးအဖြစ် ထင်မှတ်ကာ သိမ်ငယ်နေခဲ့သည်။

ဘယ်လိုမှ မျှော်လင့်မထားတဲ့ အခြေအနေတွေဖြစ် သည်။ အိပ်မက်တွေအလားပင်။ သူမစိတ်ပူမိတာက သူမနှင့် လက်ထပ်ဖို့ ငြင်းပယ်မဲ့ ကိုကိုပြည့်လွန်းပဲ။

သူမကို လက်ထပ်ဖို့ ဆန္ဒမရှိဘဲ ဖြစ်နေမှာကို ခရေစံ သိနေသည်။

မျှော်လင့်မထားပါဘူး။ ကိုကို့ဘက်က ငြင်းလိုက်ပါလို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆု တောင်းနေမိသည်။ သူမရင်တွေ နာကျင်နေ၏။ သူမတာဝန်အတိုင်း မီးဖိုခန်းထဲဝင်လာခဲ့သည်။ ညစာ စားသောက်ဖို့အတွက် ပြင်နေစဉ် မမရောက်လာသည်။

'ဟင်… ဘာမှလဲ မပြင်ရသေးဘူး ခရေစံ၊ နင် ဘာ အချောင်ခိုနေတာလဲ၊ ဒီမှာ ဗိုက်ဆာနေပြီ'

အချိန်မဟုတ်သေးဘဲနှင့် မမရောက်လာသည်။ သူမကို ပြဿနာရှာခြင်းဖြစ်၏။

'ခရေစံ'

'ရှင်… မမ'

'နင်က သူဌေးကတော်ဖြစ်တော့မှာမို့ ငါ့ကိုဆန့်ကျင်ချင်တာလား'

'မဟုတ်ပါဘူး မမ၊ ညီမလေးစိတ်ထဲမှာ မမညစာစားဖို့ အချိန်မကျသေးဘူး ထင်လို့ပါ'

'ဘာ'

ပင်တိုင်စံစိတ်ထဲမှာ အမြဲတမ်း ဒေါသတွေပဲ ဖြစ်နေသည်။

မကျေနပ်ချက်တွေနှင့် ပေါက်ကွဲချင်နေ၏။ မကျေနပ်ဘူး။ မာမီကိုရော ခရေစံကိုပါ လုံးဝမကျေနပ်တာ၊ ပြည့်လွန်းကို ခရေစံနဲ့ ဘာဖြစ်လို့ လက်ထပ်စေချင်ရတာလဲ။

လူကြီးတွေ ဆန္ဒထက် သူမကို ရွေးချယ်သင့်ပါလျက်နဲ့





မရွေးချယ်ခဲ့ဘူး။ မုန်းတယ်။ အားလုံး မုန်းစရာ သိပ်ကောင်းတာပဲ။

'နင့်ကို ငါထပ်ပြီး သတိပေးမယ်နော် ခရေစံ'

'ပြောပါ မမ'

'နင် မနက်ဖြန် အန်ကယ်နောင်လတ်တို့ လာတဲ့အခါ ပြည့်လွန်းနဲ့ လက်ထပ်ဖို့ ငြင်းရမယ်'

'မမ… ဟို… ဟို'

'ဘာ… ဟိုလဲ၊ နင်နဲ့ ပြည့်လွန်း တန်လို့လား၊ လူကြီးတွေက နင့်ကို ရွေးတာ သူတို့သားကို ကျွန်လို အလုပ်အကျွေးပြုစေချင်လို့ပဲ'

မာမီက မငြင်းဆန်ဖို့ အထပ်ထပ် ကတိတောင်းခဲ့သည်။ သူမအတွက် အခွင့်အရေးမို့ လက်လွှတ်မခံနဲ့တဲ့။ မမက ငြင်းဆန်ဖို့အတွက် ဖိအားပေးလာပြန်ပြီ ဖြစ်သည်။

'မမ ညစာစားတော့မလားဟင်'

'နေဦး'

ခရေစံကို ဒီကိစ္စ ပြတ်ပြတ်သားသားပြောဖို့ ဆုံးဖြတ်ထားသည်။ ပြည့်လွန်းနဲ့ ခရေစံ လက်ထပ်ဖို့ မဖြစ်နိုင်ဘူး။ အခွင့်အရေးကြီးတစ်ခုကို လက်လွှတ်ဆုံးရှုံးမခံနိုင်ပေ။ အရေးမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



'မမကို နင်ယှဉ်ပြိုင်ဖို့ ကြိုးစားတာလား'

'မဟုတ်ပါဘူး မမ၊ လူကြီးတွေက ဇွတ်အတင်း စီစဉ်တာပဲ'

'ဘာ'

'ဟိုလေ မာမီက လုံးဝမငြင်းပယ်ပါနဲ့တဲ့၊ ခရေကို ကတိတောင်းထားပါတယ်'

'နင့်ဘက်က ပြည့်လွန်းကို မချစ်ဘူးပေါ့'

'ဟင့်အင်း… ကျွန်မ မာမီနဲ့ မမကလွဲပြီး ဘယ်သူမှ မချစ်ဘူး'

'ခရေစံ နင် ငါ့ကို တကယ်ပဲချစ်လား'

'ချစ်ပါတယ် မမ'

'ချစ်ရင် ငါချစ်တဲ့ ပြည့်လွန်းကို နင် လက်ထပ်ဖို့ မကြိုးစားပါနဲ့'

'မာမီ့ကို ပွင့်ပွင့်လင်းလင်း ပြောပြလိုက်ပါလား မမရယ်'

'နင်မရှည်နဲ့ ငါပြောတဲ့အတိုင်းသာ ပြည့်လွန်းမိဘတွေရှေ့မှာ ငြင်းရမယ်'

မမရဲ့ ဒေါသမျက်ဝန်းတွေက ကြောက်စရာကောင်းလွန်းသည်။ မျက်လုံးတွေက မာထန်လွန်း၏။





'ဘယ်လိုလဲ နင်ပြောမယ် မဟုတ်လား ခရေစံ'

'ဟို… ဟို'

'ဘာ… ဟိုလဲ ဝေ့လည်ကြောင်ပတ် လုပ်မနေနဲ့ နင် ငြင်းမလား မငြင်းဘူးလား၊ ငါ့ကို ကတိပေးစမ်း'

မမကို ဘယ်လို အဖြေပေးရမှန်း မသိသဖြင့် သူမ ပြေးထွက်လာခဲ့မိတော့သည်။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

ခရေစ်ဆိုတာက ဘာမှ အထင်ကြီးစရာမရှိသော မိန်းမ တစ်ယောက်ဖြစ်သည်။ ပြည့်လွန်းလို ရည်ရွယ်ချက်ကြီးမားသော ယောက်ျားတစ်ယောက်အတွက် ဇနီးမယားတစ်ယောက်ကို အထူး သတိထား၍ ရွေးချယ်သင့်သည်။ မေမေတို့က ဘာစိတ်ကူးနှင့်များ ခရေစ်ကို ရွေးချယ်ရတာလဲ။ ပြည့်လွန်း မကျေမနပ် ဖြစ်ရသည်။ ယောက်ျားကို ပြုစုဖို့ ဆိုရင် မိန်းမတစ်ယောက်နှင့် အတိအလင်း လက်ထပ်စရာ မလိုပေ။

သူနှင့် ယှဉ်ပြိုင်နိုင်မည့် မိန်းမတစ်ယောက်ပဲ ရွေးချယ်ချင်သည်။

အဲဒါ။

ပင်တိုင်စံပဲ။

'သား'

'မေမေ'





'မင်းကို တင်းကျပ်စွာ သတိပေးလိုက်မယ်နော်၊ ခရေစ်ကို ငြင်းပယ်ဖို့ လုံးဝ မကြိုးစားပါနဲ့'

မေမေသည် တင်းမာပြတ်သားသော စကားကို ပြောသည်။ ပြည့်လွန်းပင် အံ့သြရခဲ့သော မေမေပါ။ သားအပေါ် အချစ်ကြီးခဲ့သောမေမေ။ သူ့အိမ်ထောင်ရေးကိုမှ ဘာဖြစ်လို့များ အတင်းအကျပ် စေခိုင်းနေရတာလဲ။

'ခရေစ်ကိုပဲ မေမေချွေးမတော်ချင်တယ်၊ လူကြီးမိဘတွေ မျက်နှာပျက်အောင် မလုပ်ပါနဲ့'

ဖေဖေကတော့ ပြည့်လွန်းကို အေးစက်တဲ့မျက်ဝန်းတွေနှင့် ကြည့်သည်။ အပိုစကားတွေ မပြော။

'မင်း ခရေစ်ကို လက်ထပ်ရမယ် ပြည့်လွန်း၊ မိဘရွေးချယ်တဲ့ လမ်းပေါ်လျှောက်တာ အမှန်ကန်ဆုံးပဲ'

နှစ်သက်မြတ်နိုးမှုမရှိတဲ့ အိမ်ထောင်တစ်ခုကို သူ ဘယ်လို တည်ဆောက်ရမလဲဆိုတာ စဉ်းစားမရပေ။ ငြင်းပယ်ခွင့်လည်း မရှိ။ ဖေဖေရော မေမေရောပါ ခရေစ်နှင့်ပဲ အတင်းအကြပ် လက်ထပ်စေလိုနေကြသည်။ မင်းကိုမှ မေမေတို့က ချွေးမအဖြစ် ရွေးချယ်ကြတယ်။ ငါ လုံးဝ သဘောမကျဘူး။ မင်းမှာ ငါ့ရဲ့ဇနီးမယားတစ်ယောက်ဖြစ်သင့်တဲ့ အရည်အချင်းတွေ မရှိဘူး။

မင်းကို ငါမချစ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



'မင်း ငြင်းဆန်မယ်ဆိုရင်တော့ မေမေတို့နဲ့ သေခန်းပြတ်ပဲ သား'

မိဘတွေရဲ့စကားကို သူ ဘယ်တော့မှ ဆန့်ကျင်လေ့ မရှိပေ။ လက်ခံရတော့မလို ဖြစ်နေ၍ လက်ခံလိုက်ဖို့ပဲ ဆုံးဖြတ်သည်။

'စိတ်ချပါ မေမေ၊ သားလုံးဝ မငြင်းဆန်ပါဘူး၊ မေမေတို့ စိတ်ချမ်းသာသလို ဖြစ်စေရပါမယ်'

'သားအတွက် အကောင်းဆုံး ရွေးချယ်မှုတစ်ခုပါပဲ၊ သား ယုံကြည်ပါကွယ်'

မိခင်ကြီးကို သူ စိတ်ချမ်းသာစေချင်မိသည်။ သားလိမ္မာအဖြစ်ပဲ ဘဝမှာ ရပ်တည်စေချင်၏။ ဖြစ်ချင်ရာဖြစ်ပဲ၊ ခရေစံကိုပဲ လက်ထပ်မယ်။ မင်းဟာ ငါ့ရဲ့ ပွဲတက်မယားတော့ မဖြစ်လာနိုင်ဘူး ခရေစံ။ ငါ့ကို ပြုစုရမယ့် မိန်းမပဲ ဖြစ်စေရမယ်။

'မေမေ'

'ပြောလေ သား'

'နေ့စေ့ထားပြီး လက်ထပ်ဖို့တော့ ခဏလောက် စောင့်စေချင်တယ် မေမေ'

'သားသဘောဆန္ဒအတိုင်း ဖြစ်စေရပါမယ်ကွယ်'

ဒေါ်ခင်ခင် လိုက်လျောမှုတစ်ခုတော့ ပေးလိုက်သည်။ နေ့စေ့ထားလဲ ဘာဖြစ်လဲ။ တစ်နေ့ လက်ထပ်ရမှာပဲ။ ခရေစံ





လေးကို ဒေါ်ခင်ခင်တို့ ရွေးချယ်ရတဲ့အကြောင်းအရင်းက မိန်းကလေးပီသပြီး ဣန္ဒြေရှိလွန်း၍ဖြစ်သည်။ သနားလည်း သနားစရာကောင်းလွန်းနေ၏။ အနှိမ်ခံ။ သွေးသားရင်းဖြစ်ပါလျက် အေမီစံက အရေးမပေးခဲ့ပေ။ အကြီးမပင်တိုင်စံရဲ့ စိတ်ဆန္ဒတွေကိုသာ ဦးစားပေး ဖြည့်စွမ်းပေးတတ်သည်။ မမှုတခဲ့။ အငယ်မ ခရေစံကတော့ အနှိမ်ခံဘဝနှင့် အညွန့်တုံးနေရရှာသည်။ ဒေါ်ခင်ခင် သနားမိ၏။ မိမိတို့ ချွေးမအဖြစ်နှင့် မြေတောင်မြှောက်ပေးချင်သည်။

သားဘဝတစ်လျှောက်လုံးအတွက် စိတ်ချမ်းသာမှုတွေ ပေးစွမ်းနိုင်မည့် မိန်းကလေးဟုလည်း ယုံကြည်နေမိ၏။ ပင်တိုင်စံက အစွမ်းအစရှိတဲ့ မိန်းမပါပဲ။ ဒါပေမဲ့ သားကို လွှမ်းမိုးထားမှာ။ မိဘရဲ့ အလိုလိုက်မှုတွေကို အလွန်အမင်းခံခဲ့ရသည့် မိန်းကလေးဖြစ်နေသည်။ သား မရွေးချယ်ရဘူး။ မဖြစ်ဖြစ်တဲ့နည်းနဲ့ တားဆီးပိတ်ပင် ရမှာပဲဖြစ်၏။

'သားလေးဘဝအတွက် အကောင်းဆုံး ရွေးချယ်ပေးမှုအတွက် တစ်နေ့နေ့ မေမေတို့ကို ကျေးဇူးတင်ရမှာပါ'

သားကို နှစ်သိမ့်နေရသည်။ ထက်မြက်မှုရှိတဲ့ သားကတော့ ခရေစံကို အထင်သေးနေမှာပဲ၊ ငယ်ငယ်လေးကတည်းက ခရေစံကို သားက မနှစ်သက်ပေ။ တုံးတုံးအအ မိန်းကလေးမို့ အမြင်ကတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ခရေစံကို ရွေးချယ်တာ သားကိုပြုစုဖို့ဆိုရင် မလိုအပ်ဘူး လို့ သားထင်တယ်'

မီးဖိုချောင်ထဲမှာပဲ အချိန်ကုန်ဆုံးနေတဲ့ မိန်းမတစ်ယောက်ကို လက်ထပ်တာ အဓိပ္ပာယ်မရှိဟု သားက ယူဆသည်။ ဒေါ်ခင်ခင်တို့ကတော့ ခရေစံကိုပဲ ရွေးချယ်တာမှန်သည်ဟု ထင်၏။ အချိန်တွေက စကားပြောပါလိမ့်မယ်။

'သွားစို့ ခင် တော်ကြာ အမေမျှော်နေမယ်'

'ဟုတ်ကဲ့'

ကိုနောင်လတ်လည်း ခင်ခင်နှင့် စိတ်တူကိုယ်တူပင် ခရေစံကိုပဲ ရွေးမအဖြစ် ရွေးချယ်ခဲ့သည်။ လူကြီးတွေအချင်းချင်း ထားခဲ့ကြတဲ့ ကတိအတိုင်း လူငယ်တွေလက်ထပ်ဖို့ကိစ္စ ဆောင်ရွက်ခြင်းပင်ဖြစ်၏။ အမေစံယောက်ျား ကိုစိုးက ဦးနောင်လတ်နှင့် အချစ်ဆုံးငယ်သူငယ်ချင်းတွေ ဖြစ်ခဲ့ကြသည်။ ကျေးဇူးမကင်းကြ။

တစ်ယောက်အခက်အခဲကို တစ်ယောက်က ကူညီဆောင်ရွက်ပေးနေကျဖြစ်သည်။ ကိုစိုး ကင်ဆာရောဂါဝေဒနာဖြင့် ကွယ်လွန်တော့မည့်အချိန်တွင် သားသမီးချင်းဖလှယ်ဖို့ကိစ္စ ကတိကဝတ်ပြုခဲ့ကြ၏။ ကတိအတိုင်း ဆောင်ရွက်ပေးကြခြင်းလည်း ဖြစ်သည်။ ပင်တိုင်စံနှင့် သား ရင်းနှီးမှုတွေ ရှိလာသောအခါ လူစုခွဲပစ်လိုက်၏။





မိမိတို့ မန္တလေးပြောင်းသွားပြီး သားကိုတော့ နိုင်ငံခြားလိုက်သည်။ လူစုခွဲပစ်လိုက်ပြီးမှ ခရေစံကို ချွေးမအဖြစ် ရွေးချယ်လိုက်၏။

အကောင်းဆုံး ရွေးချယ်ခြင်းပဲ။ သားလက်ထပ်တော့မည့်အချိန်ရောက်မှ ရန်ကုန်သို့ပြန်၍ ပြောင်းလာခဲ့ကြသည်။ ဒေါ်ခင်ခင်တို့၏အိမ်သို့ ရောက်လာကြတော့သည်။

'ခင်ခင်ရယ်၊ အမေတို့ မျှော်နေကြတာ၊ သားက မတွေ့အကြာလို့လား မသိဘူး၊ ပိုပြီးတော့တောင် ခံ့ညားချောမောလာသားတယ်'

ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ ငြိမ်သက်နေသူက ခရေစံပင်။ ပြောရဲမဆိုရဲ ခေါင်းလေးငုံ့ကာ ကြောက်နေမိသည်။ မမရဲ့ အကြည့်တွေက အဓိပ္ပာယ်များစွာ ရှိနေ၏။ လက်ထပ်ဖို့ကိစ္စ လူကြီးစုံရာရှေ့မှာ ငြင်းပစ်ရမည်တဲ့။

'သမီးလေး ဘာမှမကြောက်နဲ့၊ လောကကြီးကို သမီး ပိုင်ဆိုင်ရတော့မယ်ဆိုတာ မမေ့နဲ့'

မာမီက အားပေးသည်။ သူမ ရင်တွေ ခုန်နေသည်။ ကိုကိုပြည့်လွန်း။ မတွေ့မြင်ကြတာ ကြာ၍လား မသိ။ နည်းနည်းတော့ စိမ်းနေသည်။ ကိုကိုက ပိုပြီးတောင် ချောလာသေးသည်ဟု ထင်မိ၏။

'ခရေစံ'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်'

ရုတ်တရက် သူမအမည်ကို ခေါ်လိုက်သဖြင့် လန့်သွား တာ ကိုယ်လုံးတုန်သွားသည်။ မာမီက သူမလက်တွေကို ဆုပ်ကိုင် ဖျစ်ညှစ်လိုက်၏။

'ကိုကိုပြည့်လွန်းကို သမီးလေး မှတ်မိတယ် မဟုတ် လား'

အန်တီခင်က မေးတော့ ခရေနှုတ်ခမ်းသားလေးတွေ တဆတ်ဆတ်တုန်ပြီး အသံတွေထွက်ဖို့ အတော်လေး ကြိုးစား သည်။

'ဟုတ်… ဟုတ်ကဲ့'

သူမရင်ထဲမှာ မွန်းကျပ်နေပြီး အသက်ရှူမဝသလိုကြ ဖြစ်နေသည်။ သတ္တိတွေ နည်းနည်းလေးမှ မရှိဘူး။

'ခရေစ် လူတောမှမတိုးတာပဲ အန်တီခင်၊ နေရာတကာ ကြောက်နေတာပဲ၊ သူက ထမင်းဟင်းချက်ဖို့လောက်ပဲ အသုံး တယ်'

ပင်တိုင်စံက ဝင်ပြောလိုက်သည်။

'ပြည့်လွန်းနဲ့ လက်ထပ်ဖို့တောင် ငြင်းချင်နေတာ၊ လက်ထပ်ရမှာ ကြောက်တယ်တဲ့၊ သူက မီးဖိုချောင်ထဲမှာပဲနေ တာ'

သမီးကြီးစကားကြောင့် ဒေါ်အေမီစံ မျက်လုံးပြူးသွာ





သည်။ ပင်တိုင်စံကတော့ တည်တည်။ ခင်ခင်တို့ကို အားနာသွားမိ တော့၏။

'အဲဒီလို ခပ်နုံနုံ မိန်းကလေးတစ်ယောက်ကိုပဲ အန်တီ ခင်က ရွေးမတော်ချင်တာလေ'

ဒေါ်ခင်ခင် ခရေစ်ဘက်မှ ကာကွယ်ပြောလိုက်သည်။ ပင်တိုင်စံရဲ့ နှုတ်ခမ်းက တွန့်မဲ့သွား၏။ အစွမ်းကုန် ပြင်ဆင် ထားသည်။ သူမပုံစံက မြူးကြွသွက်လက်မှုအပြည့် ရှိနေ၏။ ဒါပေမဲ့ ညီမအရင်းခေါက်ခေါက်အပေါ်မှာပင် မေတ္တာမထားနိုင်။ နာလိုနေတာ သိသာနေသည်။ မလိုတမာဖြစ်နေကြောင်း သူမ မျက်ဝန်းတွေထဲမှာ ပေါ်လွင်နေသည်။ ယဉ်ကျေးမှု မရှိဘူး။ ဒေါ်ခင်ခင်တို့ သဘောမကျတာလည်း ထိုအပြုအမူမျိုးပင် ဖြစ် သည်။

'သမီးလေး ခရေစ်'

'ရှင်'

'ဘာမှကြောက်စရာ မရှိပါဘူးကွယ်၊ အန်တီခင်တို့နဲ့ ရင်းနှီးပြီးသားပဲ'

ဒေါ်ခင်ခင်တို့နဲ့ ရင်းနှီးတယ်ဆိုပေမယ့် ခရေစ်လေးက တော့ လူတောထဲ မဝင်ဆံ့ခဲ့ရပေ။ အေမီစံက နှိမ်ထားသည်။ သမီးကြီးပင်တိုင်စံကိုပဲ ပွဲထုတ်နေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အခု အန်တီခင်တို့လာတာက သမီးလေးနဲ့ သားက လက်ထပ်ဖို့ကိစ္စပဲ'

ခရေစံ တစ်ကိုယ်လုံး သွေးလည်ပတ်မှုတွေ ရပ်ဆိုင်း သွားသလို ခံစားလိုက်ရသည်။ အသက်ပင် မရှူရဲ၊ တောင့်တော လေး ဖြစ်သွား၏။ သူမသိပြီးသားအကြောင်းအရာတွေဖြစ်ပေမယ့် မမက ငြင်းဆန်ရန် ပြောထားသည်။ မမအကြည့်တွေက သူမထံ ဆတ်ခနဲရောက်လာ၏။ ကြောက်စရာကောင်းလွန်းနေ၏။ မာမာ ထန်ထန်ကြီး ငြင်းလေဟု မပြောတာပဲရှိသည်။

'သမီးလေးဘက်ကတော့ လူကြီးတွေ ဆန္ဒကိုမပယ် ရှားပါဘူး ခင်ခင်၊ ယောက်ျားလေးရှင်ဖြစ်တဲ့ ခင်ခင်တို့ဘက်က သဘောကျစီစဉ်ပါ'

'မဟုတ်တာပဲ အေမီရာ၊ မိန်းကလေးဘက်က စိတ်တိုင်း ကျအောင်ဆောင်ရွက်ပေးရမှာပေါ့၊ သားကလည်း လူကြီးတွေ စကားကို မပယ်ရှားပါဘူး လက်ခံတယ်လေ'

လူငယ်တွေဆန္ဒကို ထုတ်ဖော်မပြောခင် လူကြီးတွေက စီစဉ်နေကြသည်။ လက်ခံသဘောတူနေပြီ။ ပင်တိုင်စံ နေမထိ ထိုင်မသာကြီး ဖြစ်နေ၏။ ခရေစံ ဘာဖြစ်လို့ မငြင်းတာလဲ ဒီဟာမက ငြင်းပါလို့ပြောထားတာ အရုပ်တစ်ရုပ်လို ငြိမ်သက်နေ သည်။ ပင်တိုင်စံ ဒေါသဖြစ်လာသည်။ သူကိုယ်တိုင်ပဲ ပြည့်လွန်း





ကို သဘောကျနေတာပဲ ဖြစ်မယ်။ ပြည့်လွန်းကရော။ ငြိမ်သက် နေသည်။ ဒုက္ခပဲ။ ပြည့်လွန်းနဲ့ ခရေစံလက်ထပ်မယ့်ကိစ္စ အတည်ဖြစ်သွားမှာလည်း သူမစိုးရိမ်နေရသည်။ ခရေစံ။ ညည်း ငြင်းလေ။ ဘာဖြစ်လို့ မငြင်းတာလဲ။ သူမကိုယ်တိုင် ဝင်ပြောရမှာ လည်း အခက်ဖြစ်နေသည်။

'လောလောဆယ်တော့ စေ့စပ်ထားမယ်၊ လက်ထပ်ဖို့ တော့ ဖြည်းဖြည်းချင်း လုပ်ကြမယ်လေ၊ ခင်ခင်တို့မှာက ဒီသား တစ်ယောက်တည်းရှိတာ မဟုတ်လား၊ အခမ်းအနား လုပ်ချင် တယ်'

ဒေါ်ခင်ခင်ကလည်း မင်္ဂလာကိစ္စကိုပဲ အဓိကထားပြီး အလေးအနက်ပြောသည်။ ပင်တိုင်စံကြောင့် အပျက်မခံနိုင်။

'တစ်ပတ်အတွင်း စေ့စပ်မယ်၊ အကောင်းဆုံးဟိုတယ် ကြီးတစ်ခုမှာ စေ့စပ်မယ်လေ၊ စေ့စပ်လက်စွပ်လဲဖို့ကိစ္စတွေ ဘာ တွေ ခင်ခင်ပဲ စီစဉ်ထားပြီးသားပါ အေမီ'

'ကောင်းပါတယ် ခင်ခင်၊ အေမီတို့ဘက်ကတော့ အ ကောင်းဆုံးတွေပဲဖြစ်နေလို့ အားနာစရာတောင် ဖြစ်နေပြီ'

'ဘာမှအားမနာနဲ့ ကိုစိုးရှိစဉ်ကတည်းက မြင်စေချင်တဲ့ ဆန္ဒပဲ ခင်ခင်တို့ ဆောင်ရွက်ပေးကြရမယ်လေ'

လူငယ်တွေက တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြည့်လွှန်းကတော့ မိဘတွေနှင့် ဆန့်ကျင်ဘက်မလုပ်လိုပေ။ သားလိမ္မာ တစ်ယောက်အဖြစ်ပဲ အမြဲတမ်း ရပ်တည်ချင်နေသည်။ လူကြီးတွေရှေ့မှာ မငြင်း။ ခရေစံကလည်း မာမီဆန္ဒအတိုင်းပဲ ဖြစ်စေလို၏။ ကိုကိုပြည့်လွှန်းဘက်မှသာ ငြင်းဆန်လိုက်စေချင်သည်။ ငြင်းလိုက်ပါ ကိုကိုပြည့်လွှန်းရယ်။ မာမီ့မျက်ဝန်းတွေက သူမကို တောင်းပန်တိုးလျှိုးတဲ့ အကြည့်တွေနှင့်ကြည့်၏။ သတ္တိတွေ ရှိစေချင်သည်။ သမီး ဘဝရှေ့ရေးအတွက် မာမီစီစဉ် ဆောင်ရွက်ပေးနေတာပါ။ နောက်ဆုံးတော့ လူကြီးစကားတွေပင် အတည်ဖြစ်သွားရတော့သည်။ အန့်တီခင်ခင်ကကြိုတင်ပြုလုပ်ထားသော အဖိုးတန်လွှန်းသည့် စိန်လက်စွပ်လေးကိုထုတ်လာပြီး သူမလက်ချောင်းလေးမှာ တိုင်းနေ၏။

'အတော်ပဲကွယ်၊ အံ့သြစရာကောင်းလိုက်တာ အန့်တီခင်က စိတ်မှန်းနဲ့ ဝယ်ထားလိုက်တာ'

သူမ လက်ချောင်းလေးတွေက အေးစက်ထုံကျင်နေသည်။ ထွက်ပြေးသွားချင်နေသည်။ ငြင်းဆန်ပစ်ချင်လာ၏။ မမကြောင့်မဟုတ်လည်း သူမသည် ကိုကိုပြည့်လွှန်းနှင့် မတန်ဟုထင်သည်။ ရှင် ကျွန်မကို လက်ထပ်ချင်မှာ မဟုတ်ဘူး။ ဟုတ်ပါတယ်။ မမပင်တိုင်စံနဲ့ ရှင်လိုက်ဖက် တင့်တယ်ပါတယ် ကိုကိုရယ်။





သူမတွေ့မြင်နေရတာက ကိုကိုပြည့်လွှန်း မျက်ဝန်းတွေက အေးစက်မာကျောနေသည်။

'သမီးလေးလက်လေးနဲ့ လိုက်ဖိုက်တာကွယ်၊ ချစ်စရာကောင်းတယ်'

သူမလက်ကိုဆွဲယူ ရုန်းဖယ်ပစ်လိုက်ချင်မိသည်။ အန့်တီခင် ကျွန်မကိုမှ ဘာဖြစ်လို့ ချွေးမလောင်းအဖြစ် ရွေးချယ်ရတာလဲ။ မဖြစ်သင့်ဘူး။ တစ်ယောက်ယောက်က ဝိုင်းကူပြီး ငြင်းဆန်ပေးကြပါ။ ခရေစံ ရင်မဆိုင်ရဲဘူး။ ကိုကိုပြည့်လွှန်းအကြည့်တွေက တင်းမာသယောင် ဖြစ်နေသည်။ မလိုလားတဲ့ မျက်ဝန်းတွေ။ မမကတော့ ဆတ်ခနဲ ထသွားတော့၏။ သူမ ကြိုးဆွဲရာကနေရသော ရုပ်သေးရုပ်လေး ဖြစ်နေသည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

'ခရေစ်'

'ရှင်'

'မင်းလို မိန်းမတစ်ယောက်ကို ငါနဲ့ လက်ထပ်ပေးဖို့ မေမေက ရွေးချယ်လိုက်တာနော် ငါ့ဆန္ဒမပါဘူး'

ကိုကိုပြည့်လွှန်းစကားတွေကြောင့် သူမ ဆတ်ခနဲမော့ကြည့်မိသည်။ သားနေခဲ့တဲ့။ သူ ကျန်ခဲ့သည်။

ကိုကိုပြည့်လွှန်းနှင့် သူမနှစ်ယောက်တည်း စကားပြောဆိုခွင့်ကို ဖန်တီးပေးကြခြင်းသာ ဖြစ်၏။ နှစ်ယောက်တည်း ရှိနေသည်။

'မင်းဟာ ငါလက်ထပ်ဖို့ ရည်ရွယ်ထားတဲ့ မိန်းမတစ်ယောက်ရဲ့ အရည်အချင်းတွေပြည့်မီတဲ့ မိန်းမတစ်ယောက်တော့ လုံးဝမဟုတ်ဘူး'

'ရှင်'





'မင်းလို နုံအအ မိန်းမတစ်ယောက်ကို ငါဘယ်တော့မှ အထင်မကြီးဘူး'

'ကျွန်မနဲ့ လက်ထပ်ဖို့ ကိုကိုငြင်းပါလား'

'ငြင်းပိုင်ခွင့် လုံးဝမရှိလို့ပဲ ခရေစ်'

ကိုကိုရယ်။ ကျွန်မကို ဒီလောက်အထိတော့ ပြောဖို့မကောင်းပါဘူး။ အထင်သေးတဲ့ မျက်ဝန်းအကြည့်တွေနှင့် ရင်ဆိုင်နေရသည်။ သူမအား မလိုလားသော အကြည့်တွေပါ။ သူမကိုယ်သူမသိမ်ငယ်သလိုကြီး ခံစားလာရ၏။ ကိုကိုရှေ့မှ ထွက်ပြေးချင်မိသည်။

'ငါနဲ့ လက်ထပ်ဖို့ မင်း ဘာဖြစ်လို့ မငြင်းရတာလဲ'

'ကျွန်မ... ကျွန်မ'

မာမီကြောင့်ဟု ပြောရမှာလည်း ခက်နေသည်။ ကိုကိုရော ဘာဖြစ်လို့ မငြင်းလဲ။

'ခရေစ်'

'ရှင်'

'မင်းကို ပွင့်ပွင့်လင်းလင်းတစ်ခု ပြောထားမယ်နော်'

ပြည့်လွှန်းအနေနှင့် ခရေစ်ကို လုံးဝလက်မထပ်လိုပေ။ အရည်အချင်းမရှိတဲ့ မိန်းမတစ်ယောက်နှင့် အိမ်ထောင်တစ်ခုကို ဘယ်နည်းနှင့်မှ မထူထောင်နိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



'မင်းနဲ့ စေ့စပ်တာ ငါ့အနေနဲ့ကတော့ ဟန်ဆောင်စေ့စပ်တာပဲ'

ခရေစံ ရုတ်တရက် အသံကင်းမဲ့သွားသလို ရင်တွေဆတ်ခနဲ တန့်သွားသည်။

'ငါပြောတာ ကြားလား'

'ရှင်'

'မေမေတို့ကို လုံးဝမပြောနဲ့ ရှင်းရှင်းပြောရင် မင်းနဲ့ငါ လုံးဝလက်မထပ်ချင်ဘူး'

မာမီက ပြောသည်။

ကိုကိုပြည့်လွှမ်းနှင့် လက်ထပ်ခွင့်ရတာ ကျွန်မအတွက် အကြီးမားဆုံး အခွင့်အရေးကြီး တစ်ခုပဲပေါ့။

'သမီးလေးက ဘဝတစ်လျှောက်လုံး တည်ငြိမ်အေးချမ်းဖို့ပါကွယ်၊ မမထက် မောင်ပြည့်လွှမ်းလက်ထဲမှာ ပိုပြီးလုံခြုံမှု ရှိနိုင်တယ်လေ'

မာမို့စကားတွေကို သူမဘာယ်လိုမှ နားမလည်နိုင်အောင် ဖြစ်မိသည်။ အခွင့်အလမ်းတဲ့။ မမထက်ပင် နိမ့်ချလိုသော ယောကျ်ားတစ်ယောက် ဖြစ်နေသည်။ ကြောက်ရွံ့သွားရ၏။ အထင်သေးလွန်းတဲ့ မျက်ဝန်းအကြည့်တွေအောက်မှာ သေးသိမ်သွားရသည်။





'မင်းကိုလက်ထပ်ရမှာ ငါ့ဘဝအတွက် အကြီးမားဆုံး ထိခိုက်ကြေကွဲမှုပဲ'

'ကျွန်မ··· ကျွန်မ ဘာလုပ်ပေးရမှာပဲ ကိုကို'

'အင်းလေ မင်းဘက်က မငြင်းတော့ခက်တာပဲ၊ အခုမှ ငြင်းရင်လည်း ငါ့ကို မေမေကပြောမှာပဲ မထူးပါဘူး၊ ငါ့ဘဝ အနှစ်မွန်းခံလိုက်ရတော့မှာပဲ'

သူမပြန်မပြောနိုင်တဲ့ အင်အားတွေ မဲ့သွားရသည်။

'ငါ လက်ထပ်သင့်တာက ပင်တိုင်စံပဲ'

မမကို ရည်မှန်းထားကြောင်း ထုတ်ဖော်ပြောခဲ့သည်။ ကိုကို့မှာ အပြစ်မရှိပါဘူး ဖြစ်သင့်ပါတယ်။ သူမကိုယ်တိုင်က ရိုးအလွန်းတဲ့မိန်းမ ဖြစ်နေသည်။

'ခရေစံ'

'ရှင်'

'မင်း ငါလိုချင်တဲ့ အရည်အချင်းတွေရှိလာအောင် ကြိုးစားပါ'

'ရှင်'

'ပြောလိုက်ရင် တရှင်ရှင်နဲ့ အဲဒီလို နုံအတာမျိုး မကြိုက်တာပဲ'

ဘုရားရေ။ သူမ ဘာလုပ်ရမလဲ။ ဟိန်းဟောက်နေတာ အရေးထဲ။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စိတ်တွေကြောင့် အသားတွေပင် တဆတ်ဆတ် တုန်ရီချင်လာသည်။

'ပင်တိုင်စံရဲ့ ညီမဖြစ်ပြီး မင်းဘာဖြစ်လို့ ဒီလောက်တောင် အသုံးမကျဖြစ်နေရတာလဲ ခရေစံ'

'ကျွန်မ... ကျွန်မ'

ရှင်ဆိုတဲ့ အသံထွက်သွားချင်တာနဲ့ မနည်းထိန်းချုပ်နေရသည်။ အသက်ရှူသွင်းဖို့ပင် မေ့နေ၏။ စကားတွေကို ဘယ်ကစ ပြောရမှန်း မသိပေ။

'မမ... မမနဲ့ပဲ ရှင် ရှင်လက်ထပ်ပါ ကိုကို'

'ငါဖြစ်ချင်တာ ပင်တိုင်စံနဲ့ လက်ထပ်ဖို့ပဲ ခရေစံ၊ ဒါပေမဲ့ မဖြစ်နိုင်တော့ဘူး၊ မင်းနဲ့ လက်ထပ်ဖို့အကြောင်းတွေက ဖန်တီးလာခဲ့ပြီပဲ'

ကိုကိုကြည့်ရတာ အတော်လေး စိတ်ပျက်နေပုံပင် သူမကလည်း ကိုကို့ကို စိတ်ချမ်းသာစေချင်ပါတယ်။ မမဆန္ဒတွေကလည်း ပြည့်ဝစေချင်ပါတယ်။

'စေ့စပ်တဲ့ ကိစ္စကိုလည်း မင်းဆန္ဒအတိုင်းလုပ်ပါ၊ ဒါပေမဲ့ အတည်တော့ မယူဆထားနဲ့ဦးနော်'

ပြည့်လွှမ်းသည် ပင်တိုင်စံနှင့် လက်ထပ်နိုင်ရေးအတွက် အဖေတို့နှင့် ညှိနှိုင်းဆွေးနွေးချင်သေးသည်။ အချိန်အတိုင်းအတာ တစ်ခုကို အတတ်နိုင်ဆုံး ဆွဲထားချင်သည်။





မမေတို့ စိတ်ပြောင်းမည့်အချိန်ပဲ ဖြစ်သည်။

'မင်း တစ်ခုသိထားဖို့က ငါ မင်းကို မချစ်ဘူးဆိုတာပဲ'

ကိုကိုပြည့်လွှမ်း သူမအနားကနေ ထွက်သွားသည်။ သူ့နောက်ကျောကို ငေးငိုင်စွာကြည့်နေမိ၏။ ကျွန်မမှာ ကိုကိုသဘောကျမြတ်နိုးတဲ့ အရည်အချင်းတွေ ဘာဖြစ်လို့များ ရှိမနေခဲ့ရတာလဲ။ ကိုကိုက မမလို သွက်လက်ချက်ချာပြီး စီးပွားတွေရှာနိုင်တဲ့ မိန်းမကိုမှ အထင်ကြီးတာ မဟုတ်လား။ သူမ တိုက်ထဲဝင်တော့။ ကိုကိုနှင့် မမစကားတွေ ရွှန်းရွှန်းဝေအောင် ပြောနေသည်။ ပျော်ရွှင်နေကြ၏။ သူမ ဝင်လာတာတောင် သိပ်ပြီး အရေးမစိုက်ကြ။

'ခရေစံ'

'ရှင်... မမ'

'တို့ညစာ မစားဘူးနော်၊ အပြင်ထွက်စားမှာ ပြည့်လွှမ်းကိုကျွေးမလို့'

'ဟုတ်ကဲ့... မမ'

သူမ စီးဖိုခန်းထဲကို ဝင်လာခဲ့မိသည်။ မမသည် သူမကို အစေအပါး တစ်ယောက်ကဲ့သို့ပင် သဘောထား၏။ လေသံကိုက မာမာတင်းတင်း။ ကိုကိုရှေ့မှာ နှိမ်ချဆက်ဆံတာကိုပင် မမတမင်လုပ်နေခြင်းဖြစ်သည်။ အားငယ်လိုက်တာ။ သူမ ငိုချင်လာမိ၏။ ကိုကို...။



www.burmeseclassic.com

www.burmeseclassic.com



ရှင် ကျွန်မကို လက်မထပ်ချင်ဘူး မဟုတ်လားဟင်။ မမက ရှင်နဲ့ အလိုက်ဖက်ဆုံးပါပဲ။ ညစာစီစဉ်ဖို့ မလိုတော့ဘူးတဲ့။ ကောင်းပါတယ်လေ။ စိန်ကောင်းကျောက်ကောင်း ရောင်းဝယ်တဲ့ နေရာမှာ ကျွန်မက ဆေးရိုးသည်ဖြစ်နေသည်ပဲ မဟုတ်လား။ ကိုကိုရယ်။ ကျွန်မအလိုက်သိသင့်ပါတယ်။ မမနဲ့ ကိုကိုပဲ လက်ထပ်ပါ။ အချိန်တွေကို မီးဖိုခန်းထဲမှာပဲ ကုန်ဆုံးနေမိသည်။

'ခရေလေး'

'ရှင်.... ဒေါ်သက်'

အိမ်ဖော်မကြီး ဒေါ်သက်သည် မိမိကို သနားတတ်သည်။ အမြဲတမ်း ဖေးမကူညီအားပေးတဲ့သူလည်း ဖြစ်သည်။ သူမသည် မိခင်ထက် ဒေါ်သက်လက်ထဲမှာပဲ ကြီးပြင်းလာခဲ့ရ၏။

'ခရေလေး စိတ်မကောင်းဖြစ်နေလား'

'ဟင့်အင်း'

ကျွန်မဘဝကံအကြောင်းမှ မကောင်းခဲ့တာပဲ။ မမနဲ့ ကိုကိုပဲ လိုက်ဖက်ပါတယ် ဒေါ်သက်ရယ်။

'ညည်းလေးနဲ့မှ ဘာဖြစ်လို့များ လူကြီးတွေ သဘောတူကြတာလဲကွယ်'

'ဟုတ်တယ်နော်'

'ခရေလေးက အိမ်ရှင်မကောင်းပီသပြီး ချစ်စရာကောင်းပါတယ်ကွယ်'





သူမ ကျောက်ရုပ်လေးတစ်ရုပ်ကဲ့သို့ ငြိမ်သက်စွာ ထိုင်နေမိသည်။

မမနှင့် ကိုကိုအသံတွေ သူမထံ တစ်ချက်တစ်ချက် တိုးဝင်လာသည်။ ညစာထွက်စားဖို့အတွက် စားချင်တဲ့ဆိုင်နာမည်တွေကို အလုအယက်ပြောနေကြပြီး ရယ်မောမြူးကြွ ပျော်ရွှင်နေကြသည်။

'ခရေလေး ငြင်းပစ်လိုက်ပါလားကွယ်'

'မာမီက ငြင်းဖို့ လုံးဝစိတ်မကူးရဘူးတဲ့'

'မမအေမီက ဘာဖြစ်လို့များ ညည်းလေးကို အခုမှ ခြောက်စားဖို့ လုပ်နေရတာလဲ'

ဒေါ်သက်ကိုယ်တိုင် စဉ်းစား၍မရနိုင်အောင် ဖြစ်သွားရသည်။ ညီအစ်မချင်းပြဿနာ ဖြစ်ရ၏။ ခရေလေး အိမ်ထဲမှာပဲ နေမျှားခဲ့သူ ဖြစ်သည်။ မိသားစုအနှိမ်ခံ။

'ကိုကိုက ကျွန်မကို အထင်သေးမှာပဲ ဒေါ်သက်၊ ကျွန်မကိုယ်တိုင် ဘာအရည်အချင်းမှ မရှိဘူးလေ'

မာမီသည် ကျွန်မနှင့် လက်ထပ်ခွင့်တောင်းဆိုမှုကို ငြင်းခဲ့သည်။ ဘာဖြစ်လို့ သဘောတူရတာလဲ။ သူမဟာ ကိုကို ညီလွှမ်းနဲ့ လက်ထပ်သင့်တဲ့ မိန်းကလေးတစ်ယောက် မဟုတ်တာတော့ သေချာ၏။ ကိုကို့မှာ အပြစ်မရှိပါဘူး။ ညှိုးဖျင်းလွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေက ဘာဖြစ်လို့များ ဒီကိစ္စကို ဆောင်ရွက်ကြ
တာလဲ။

'မမနဲ့ လက်ထပ်ဖို့ ကျွန်မရှောင်ပေးသင့်တယ်'

'ဟုတ်တယ်'

သမီးလေး ငြင်းလိုက်ပါ၊ သမီးလေးက အိမ်ထောင်ပြု
မဖြစ်ပါဘူးဟု စိတ်ထဲမှာ ပြောမိသည်။ ဒေါ်သက်ကတော
ခရေလေးကို အိမ်ထောင်ပြုရန် သဘောမတူချင်ပေ။ စိတ်သော
တွေပဲ ရင်ဆိုင်ရမည်။ ရိုးသားအေးချမ်းတဲ့ မိန်းကလေးတ
ယောက် ဖြစ်နေ၍ပင်။ မဖြစ်ဘူး။ ခရေလေး စိတ်ဆင်းရဲရမှာ
မမအေဇီ ဘာသဘောနဲ့များ စီစဉ်လိုက်ရတာလဲ။

'ခရေစံ တို့အပြင်ထွက်သွားပြီလို့ မာမီကို ပြောလို
နော်'

'ဟုတ်ကဲ့'

ကိုကိုနှင့်မမ ကားတစ်စီးနှင့် ထွက်သွားတော့သည်
သူမ တစ်ယောက်တည်း။ ခဏကြာတော့ မာမီအပြင်မှ ပြ
ရောက်လာတော့သည်။

'သမီးလေး မောင်ပြည့်လွှန်းရော'

'ဟို… ဟို မမနဲ့ အပြင်ထွက်သွားတယ် မာမီ၊ ည
အပြင်မှာပဲ စားမယ်တဲ့'

'ဘာ'





ဒေါ်အေဇီစံ အထိတ်တလန့် ဖြစ်သွားရသည်။ ပင်တိုင်စံ
ကတော့ ဘယ်သူ့ကိုမှ ထောက်ထားမှာ မဟုတ်။ ရက်ရက်စက်
စက် လုပ်တော့မည်။ ပြောင်ပဲ မောင်ပြည့်လွှန်းကို ခေါ်ထုတ်သွား
တော့သည်။

'မာမီ'

'ပြောလေ သမီးလေး'

'ကျွန်မ ကိုကိုနဲ့ လက်မထပ်ပါရစေနဲ့နော်'

'ဟင်'

ပင်တိုင်စံကြောင့် သမီးလေးစိတ်သောကတွေ ရောက်ရ
ပြန်ပြီ ထင်သည်။

'ကိုကို လက်ထပ်ချင်တာကလည်း မမပင်တိုင်စံကိုပါပဲ
မာမီ'

'မဖြစ်နိုင်ဘူး'

ဒေါ်အေဇီစံ စိတ်မကောင်းကြီးစွာဖြင့် သမီးလေးခရေစံ
အား ကြည့်သည်။

'သမီးလေးနဲ့ပဲ မောင်ပြည့်လွှန်း လက်ထပ်ရမယ်'

'သေသေချာချာ စဉ်းစားပါဦးမာမီ၊ ကိုကို ကိုယ်တိုင်က
ကျွန်မကို အထင်မကြီးပါဘူး'

'မောင်ပြည့်လွှန်းဟာ ရိုးသားအေးချမ်းတဲ့ ကျေးရှင်
မိန်းကလေးတစ်ယောက်ကို ဘာဖြစ်လို့ လက်မထပ်ချင်ရတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေမီစံသည် သမီးကြီးအကြောင်းကို အသိဆုံး ဖြစ်သည်။ အိမ်ထောင်ရေး အဆင်မပြေနိုင်။ အရာရာကို ဘယ်တော့မှ အလေးအနက် မထားတတ်ပေ။ နေချင်သလို နေတတ်တဲ့သူ။ အထူးသဖြင့် ယောက်ျားတွေကိုပဲ အနိုင်ကျင့်ဗိုလ်ကျတတ်တဲ့ အကျင့်စရိုက်ရှိသူ ဖြစ်သည်။

'ခရေစံ… သမီး အရာရာကို အရှုံးမပေးသင့်ဘူး၊ သမီးဘဝရှေ့ရေးအတွက် ရင်ဆိုင်ဖြတ်သန်းရဲဖို့ လိုအပ်တယ်'

'သမီးမှာ အဲဒီသတ္တိတွေ မရှိဘူး မာမီ၊ ကိုယ့်ကို မချစ်နှစ်သက်တဲ့ ယောက်ျားတစ်ယောက်နဲ့ သမီးဘယ်လိုလုပ်ပြီး လက်ထပ်ရမလဲဟင်'

'ဘာပဲဖြစ်ဖြစ် မောင်ပြည့်လွန်းကို သမီးမဖြစ်မနေ လက်ထပ်ရမယ်'

'မာမီ'

'စကားထပ်မပြောနဲ့တော့ ခရေစံ၊ ညည်းဘဝကို မာမီချနှိမ်ခဲ့တာပဲ၊ လူရာမဝင်အောင် မာမီပဲလုပ်ခဲ့တာ၊ ဒီအခွင့်အရေး… တော့ သမီးလေး ရယူခွင့်ရှိရမယ်'

'ဟင့်အင်း… သမီး ကိုကိုနဲ့ လက်မထပ်ပါရစေနဲ့'

'ညည်း မာမီကို စိတ်ချမ်းသာစေချင်တယ်ဆို ပြောလေ… မာမီဘဝတစ်လျှောက်လုံး စိတ်မကောင်းဖြစ်အောင် သမီးလေ… မလုပ်ပါနဲ့'





ဒေါ်အေမီစံ မျက်ရည်တွေသာ စီးကျလာသည်။ မိမိအမှားတွေပါပဲ။ မိမိမမှုတတာပါ။ သမီးလေးဘဝကိုပဲ မိမိတို့နှိမ်ချခဲ့ကြသည်။ တကယ်တော့ သမီးလေးခရေစံသည် မိမိရင်သွေးလေးပဲ မဟုတ်လား။ မိမိဝမ်းမှာ လွယ်ပြီးမွေးခဲ့တာ။ အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ မိမိတုန်လှုပ်လာရသည်။ မိမိမရှိတော့ရင် သမီးလေးဘဝရှေ့ရေးအတွက် မိမိစီစဉ်ထားရမယ်။ သမီးလေးနဲ့ မောင်ပြည့်လွန်း လက်ထပ်ဖြစ်အောင် ကြိုးစားမယ်။ မကြာခင် စေ့စပ်ကြတော့မည်။ လက်ထပ်ပွဲကို အမြန်ဆုံး ဖြစ်မြောက်အောင် စီစဉ်ပေးဖို့ ဆုံးဖြတ်ထားလိုက်သည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

'ပြည့်လွန်း'

'စံ'

'ခရေစံကို ဘာဖြစ်လို့ လက်ထပ်ဖို့ သဘောတူခဲ့ရတာလဲဟင်'

ခရေစံကို ပြည့်လွန်းလက်ထပ်ဖို့ ဆန္ဒမရှိဘူးဆိုတာ ပင်တိုင်စံသိနေသည်။ မငြင်းပယ်၍ အလိုမကျသလို ပင်တိုင်စံကို ပြည့်လွန်းချစ်နေတာလည်း သိနေသည်။

ပြည့်လွန်းအကြောင်းကို သူမ အသိဆုံးဖြစ်၏။ တော်ရုံမိန်းကလေးမျိုးကို အထင်မကြီးတတ်ပေ။ လက်ထပ်ဖို့ဆိုတာ ဝေလာဝေးပဲ ဖြစ်သည်။

'အန်ကယ်လတ်နဲ့ အန်တီခင်တို့က ဘာဖြစ်လို့ ခရေစံကို ရွေးချယ်ရတာလဲ'





ထိုကိစ္စကိုပဲ ပင်တိုင်စံ လုံးဝမကျေမနပ် ဖြစ်နေရသည်။ ပင်တိုင်စံကို ဘာဖြစ်လို့ မရွေးချယ်ခဲ့ရတာလဲ။ ဘာအရည်အချင်းမှရှိတဲ့ ခရေစံကို ရွေးချယ်ခဲ့သည်။

'ကိုယ်လည်း စိတ်ညစ်နေတယ်၊ မေမေကိုယ်တိုင်က သဘောတူနေတော့ ကိုယ်ဘာဆက်လုပ်ရတော့မလဲ'

'ငြင်းပေါ့'

'မရဘူး၊ ခရေစံနဲ့ပဲ လက်ထပ်ရမယ်တဲ့၊ ခရေစံနဲ့ လက်ထပ်ဖို့ငြင်းမယ်ဆိုရင် အမွေပြတ်တဲ့'

'ဘာ'

ပင်တိုင်စံအသံက ဒေါသတကြီး ဆောင့်ထွက်သွားသည်။

ကြည့်ပါဦး။

အရည်အချင်းမရှိတဲ့ ခရေစံကိုမှ တမင်ရွေးချယ်ကြခြင်းဖြစ်သည်။

မခံချင်စိတ်တွေ ဖြစ်ရ၏။ ပင်တိုင်စံနဲ့ သဘောမတူနိုင်ဘူးဆိုတဲ့ သဘောပေါ့။

'ကိုယ်က စည်းစိမ်ဥစ္စာတွေထက် မိဘစကားတွေကို ပယ်ရှားချင်တာပဲ စံ'

'ရှင့်ဘဝတစ်လျှောက်လုံး မတိုးတက်နိုင်တဲ့ မိန်းမတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို ရှင်လက်ထပ်မလား လွှန်း၊ ပြောလေ ရှင်သိပ်ချ တယ်'

'ကိုယ့်မိဘစကားကို တစ်သက်လုံး မြေဝယ်မကျနာ ထောင်ခဲ့တာပဲ စံ၊ မေမေက အစောကြီးကတည်းက ကိုယ့်ကို ပြောထားကြတယ်၊ အိမ်ထောင်ရေးကို သားရွေးချယ်ပိုင်ခွင့် မရှိ ဘူးတဲ့'

'မတရားတာပဲ'

အန်ကယ်နောင်လတ်နှင့် အန်တီခင်ခင်တို့က ပင်တိုင်စံ နှင့် နီးစပ်သွားမှာကြောက်၍ပဲ ဖြစ်သည်။ စံသိတာပေါ့။ တမင်ခွဲ ပစ်ကြတာ။

ပင်တိုင်စံလို မိန်းမတစ်ယောက်ကို အထင်သေးတဲ့သူ တွေ။ သိမယ်။ ရှင်တို့သားကို ပင်တိုင်စံနဲ့ လက်မထပ်စေချင်တာ မဟုတ်လား။

ကြည့်လေ။

ယူဖြစ်အောင် ယူပြမယ်။ ပြည့်လွှန်းဟာ သူမနဲ့ လက် ထပ်စေရမယ်။ ရှင်တို့ ဘာတတ်နိုင်မှာလဲ။

ခရေစံနှင့် မကြာခင် စေ့စပ်တော့မည်ဖြစ်သည်။ စေ့စပ် တာက လက်ထပ်တာမှ မဟုတ်သေးတာပဲ။

'လွှန်း'

'ဟင်'





'စိတ်ညစ်မနေပါနဲ့ စားလေ'

သွက်လက်စွာဖြင့် ဟင်းတွေကို ခပ်ထည့်ပေးနေသည်။

'တီ... တီ'

'တီ'

သူမရှေ့မှာ ချထားသော ဖုန်းမြည်လာသည်။

'ဟဲလို... ကျွန်မပါ လုပ်ငန်းတွေအတွက် အစီအစဉ်အ တိုင်းပဲနော်'

စီးပွားရေးနဲ့ ပတ်သက်တဲ့ လုပ်ငန်းရှင်တွေထံမှ ဖုန်းသံ တွေ မကြာခဏ မြည်နေတော့သည်။

'ဒီလိုပဲ ပြည့်လွှန်း၊ စံက အလုပ်တွေ အရမ်းများတယ် လုပ်ငန်းတွေ အများကြီးပဲလုပ်တာလေ'

'ကိုယ်တော့ စံကို တကယ်အားကျတယ်၊ ကိုယ်ကတော့ အခုမှ လုပ်ငန်းတွေစဖို့ စီစဉ်နေတယ်၊ စံအကူအညီတွေ လိုတယ် နော်'

လက်ထပ်ပြီးမှ ရန်ကုန်မှာရှိနေတဲ့ လုပ်ငန်းတွေကို စီမံ ခန့်ခွဲခွင့် မေမေက လွှဲပြောင်းပေးမည် ဖြစ်သည်။

'ခရေစံကိုလက်ထပ်မှ ကိုယ့်ကို လုပ်ငန်းတွေ လွှဲပြောင်း ပေးမယ်တဲ့ စံ'

ပင်တိုင်စံရဲ့ မကျေနပ်မှုတွေကို ရင်ထဲမှာပဲ သိမ်းထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ရှင်တို့သား ရှင်တို့စကားဆန့်ကျင်စေရမယ်။ တွေ့ကြ သေးတာပေါ့။

ပင်တိုင်စံပဲဟာ။

'ပြည့်လွန်း'

'ဟင်'

'စံထင်ထားတာက ပြည့်လွန်းလက်ထပ်မယ့် မိန်းကလေးဟာ ပင်တိုင်စံပဲ ထင်မိနေခဲ့တာ'

'ကိုယ်လည်း ဒီအတိုင်းပဲ ထင်မိနေခဲ့တာ'

'တကယ်'

'အင်း'

'ဒါဆို ပြည့်လွန်းဘက်က ဘာဖြစ်လို့ လက်ခံလိုက်ရတာလဲ'

'ကိုယ် မျြဖြအားပြုပြီးပြီပဲ၊ လူကြီးမိဘတွေ စကားတွေကိုနားထောင်တာလေ'

'ညံ့တယ်'

'အသက်ကြီးမှ ကိုယ့်မိဘတွေ စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ချင်ဘူး'

'ဒါဟာ ပြည့်လွန်းဘဝတစ်သက်တာနဲ့ဆိုင်တဲ့ ကိစ္စတွေပဲဟာ၊ ပြည့်လွန်းငြင်းသင့်တယ်၊ ကိုယ်မချစ်မနှစ်သက်တဲ့ မိန်းမတစ်ယောက်ကို လက်မထပ်သင့်ဘူး'

'ကိုယ့်စိတ်ဆန္ဒတွေထဲမှာ ဘယ်လိုပဲရှိရှိ မိဘတွေဆန္ဒပဲ၊ ကိုယ် ဦးစားပေး ဆက်ဆံရလိမ့်မယ်၊ အဲဒါ ကိုယ် ဘယ်တော့မှ မပြင်တဲ့ ဆုံးဖြတ်ချက်တစ်ခုပဲ'

သူ။

ဘယ်လိုမိန်းမမျိုးပဲ လက်ထပ်ရပါစေ မိဘတွေ ဆန္ဒအတိုင်း ဖြစ်စေရမည်။

'ကိုယ့်မိဘတွေရဲ့ ကျေးဇူးကို ဘယ်နည်းနဲ့မဆို ကိုယ်ပေးဆပ်ချင်တယ် စံ'

စံ .နှုတ်ခမ်းသားလေးတွေက မသိမသာ တွန့်မဲ့သွားရသည်။

ပြည့်လွန်းက ပျော့လွန်း၏။

ရှင့် လူညံ့ပဲ။ ခရေစံက ရှင့်လုပ်ငန်းတွေ အောင်မြင်အောင် ဘာတစ်ခုမှ ဆောင်ရွက်ပေးနိုင်မှာ မဟုတ်ဘူး။ ထမင်းဟင်းချက်ကျွေးဖို့ပဲရမှာ မဟုတ်လား။ မာမီလည်း မတရားဘူး။ ခရေစံကို အနိုင်ပေးတယ်။ တစ်သက်လုံး ဗိုလ်ကျအနိုင်ကျင့်လာခဲ့တဲ့ စံကျတော့ အရှုံးပေးရမလို ဖြစ်နေသည်။ ပင်တိုင်စံက အလွယ်တကူ လျှော့မယ်ထင်လား။ မကျေနပ်ဘူး။ လူကြီးတွေကို ဆန့်ကျင်ပစ်ဖို့ သူမ ဆုံးဖြတ်ထားမိသည်။







www.burmeseclassic.com

www.burmeseclassic.com



'ကိုယ် ခရေစံကို လက်ထပ်မှာ လူကြီးတွေ ကျေနပ်အောင်ပဲ စံ၊ တစ်ခုတော့ရှိတယ်၊ အချိန်ယူပြီး လူကြီးတွေကို ဖျောင်းဖျဖို့ စိတ်ကူးထားတယ်၊ ခရေစံနဲ့တော့ လက်ထပ်ဖြစ်ချင်မှ လက်ထပ်ဖြစ်မှာပဲ'

'တကယ့်ကို စည်းရုံးဖျောင်းဖျလို့ မရဘူးဆိုရင်ရော ပြည့်လွှန်း ဘာလုပ်မှာလဲ'

ပြည့်လွှန်း မျက်ဝန်းတွေကို အားကိုးတကြီး စိုက်ကြည့်မိသည်။ သူက ခေါင်းကို ခါရမ်းသည်။

'ကိုယ် ဘယ်တတ်နိုင်မလဲ စံ နောက်ဆုံးကြိုးစားကြည့်တာ တစ်ခုပဲဖြစ်မှာပဲ၊ နောက်ဆုံးတော့ မေမေတို့ လက်ထပ်စေချင်တဲ့သူနဲ့ လက်ထပ်ရမှာပဲ'

'ရှင် ဒီအတိုင်းပဲ ဆုံးဖြတ်လား ပြည့်လွှန်း'

'အင်း'

'အဓိပ္ပာယ်မရှိတာပဲ၊ ထမင်းဟင်းချက်ပြုတ်ကျွေးမွေးဖို့ အသုံးဝင်တဲ့ မိန်းမဟာ ရှင့်ဘဝတိုးတက်မှုကို ဘာမှ ပေးစွမ်းနိုင်မှာ မဟုတ်ဘူးနော်'

'မေမေတို့ ဆန္ဒကိုပဲ ဖြည့်စွမ်းပေးဖို့ ကိုယ်ဆုံးဖြတ်ထားတယ်၊ အချိန်အတိုင်းအတာတစ်ခုကိုတော့ ကိုယ်တို့ စောင့်ရလိမ့်မယ် စံ'

ပင်တိုင်စံစိတ်ထဲမှာ အလိုမကျမှုတွေနှင့် ပြည့်နှက်နေ





သည်။ စိတ်ထဲမှာပဲ တေးထားလိုက်သည်။ ရှင့်မိဘတွေက လူ့လောကကြီးထဲမှာ မရှိတော့ရင်တော့။ အချိန်တွေကို စောင့်နေဖို့ သူမ စိတ်မရှည်ချင်တော့ပေ။ အဓိပ္ပာယ်မရှိတဲ့ အလုပ်တွေကို ပင်တိုင်စံ ဘယ်တော့မှ မလုပ်ဘူး။ မကြာခင် အကျိုးဖြစ်မယ့် အလုပ်တစ်ခုကို လုပ်ရတော့မည် ဖြစ်သည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

'သမီးလေးအတွက် မေမေတို့ဘက်က လက်ဖွဲ့တဲ့ တိုက်တစ်လုံးရယ်၊ ကားရယ် မေမေယ်ယ်က အသုံးပြုခဲ့တဲ့ အတွင်းပစ္စည်းတွေရယ် မင်္ဂလာလက်ဖွဲ့အဖြစ် သမီးလေးနာမည်နဲ့ လွှဲပြောင်းပေးရမယ်'

'ဟင့်အင်း… ခရေ လက်မခံပါရစေနဲ့ အန်တီခင်'

'ဘာဖြစ်လို့လည်း ခရေစံ'

'ကျွန်မက ကျွန်မလက်ထပ်တာ စည်းစိမ်ဥစ္စာတွေကြောင့် မဖြစ်စေချင်လို့ပါ'

'ဘာဆိုင်လဲ၊ မေမေတို့က အတင်းအကြပ်ပေးစားကြတာပဲဟာ မင်းလူကြီးတွေ စီစဉ်တာကို အားလုံး လက်ခံရမယ် ခရေစံ'

'ကျွန်မ… ကျွန်မ'

ကိုကိုက ပြောသွားသည်။





ကျွန်မနဲ့ စေ့စပ်တာ ဟန်ဆောင်စေ့စပ်တာတဲ့။ အတည်မယူဆနဲ့တဲ့။ မမနှင့်ပဲ တစ်တွဲတွဲသွားလာနေတတ်သော ကိုကိုနှင့် လက်ထပ်ဖို့ ကိစ္စ စဉ်းစားသင့်သည်ဟု ထင်မိသည်။

'အန်တီခင်'

'မေမေလို့ ပြောင်းခေါ်စမ်းပါ သမီးလေးရယ်'

'ရှင်'

'မကြာခင် သမီးလေး မေမေဖြစ်တော့မှာပဲ၊ ခေါ်လေ'

ဘုရားရေ။

အန်တီခင်က မေမေလို့ ပြောင်းခေါ်ပါတဲ့ သူမအားငယ်စဉ်လေးကတည်းက အန်တီခင်က ချစ်သည်။ သူမမှာ အဲဒီလောက် သတ္တိတွေ မရှိဘူး။ မေမေတဲ့။ ကိုကိုခေါ်သလို ခေါ်ရမှာပဲ။ မျက်နှာထားကြီးတည်တည်နှင့် ကြည့်တတ်သော ကိုကိုနှင့် မမ။

'အန်တီခင်'

'မေမေလို့ခေါ်စမ်း ခရေစံ'

အန်တီခင်သည် သူမကို ငယ်စဉ်လေးကတည်းကပင် ချစ်ခင်သူဖြစ်သည်။

သူမဘက်မှ အကာအကွယ်ပေးတတ်သူလည်း ဖြစ်၏။

'ခေါ်လေ ခရေစံ'

'ကျွန်မကြောက်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာကို ကြောက်လို့လဲ'

'ဟို… ဟို ကိုကိုက သဘောကျပါ့မလား'

'ယောက္ခမကို မေမေခေါ်တာ သားဘက်က ဘာမှ သဘောမကျနိုင်စရာ မရှိပါဘူး သမီးလေးရယ်'

သားဘက်က ချစ်ခြင်းမေတ္တာ မပေးဆပ်နိုင်ကြောင်း ဒေါ်ခင်ခင် သိထား၍ ချည်ပြီးတုတ်ပြီး လုပ်နေခြင်းဖြစ်သည်။ ခရေစံကိုပဲ သား လက်ထပ်စေရမယ်။ ပင်တိုင်စံနှင့် နီးစပ်နေကြတာ ဒေါ်ခင်ခင်သဘောပေါက်ထားသည်။ သဘောမတူနိုင်ပေ။ ခွဲပစ်ရမယ်။

မဖြစ်နိုင်ဘူး။ ပင်တိုင်စံဟာ သားအတွက် ဘယ်နည်းနှင့်မှ အိမ်ရှင်မကောင်း မဖြစ်နိုင်ဘူး။ မာန်မာနကြီးတဲ့ မိန်းမတစ်ယောက်နှင့်တော့ သဘောမတူနိုင်ပေ။

'သမီးလေး'

'ရှင်'

'ဘယ်သူမှ ကြောက်စရာမလိုဘူး၊ ခရေစံဟာ မေမေရွေးချယ်တဲ့ မိန်းကလေးပဲ သားမဖြစ်မနေ လက်ထပ်ရမယ်'

'ကိုကို့ဆန္ဒအတိုင်းပဲ ဖြစ်သင့်တာပါ အန်တီ အဲ…'

သူမရှေ့ဆက်ခေါ်ရန် ဝန်လေးနေမိသည်။

'မေမေလို့ခေါ်လေ'

'မေမေ'





'ဝမ်းသာလိုက်တာ သမီးလေးရယ်၊ ဘယ်သူ့မှ ဂရုစိုက်…ရာမလိုဘူး၊ မေမေလို့ခေါ်နော်'

'ဟုတ်ကဲ့'

'ခရေစံလေးလို ဣန္ဒြေသိက္ခာရှိပြီး ရိုးသားအေးချမ်းတဲ့ …်းကလေးတစ်ယောက်ကိုမှ သားရဲ့ အိမ်ထောင်ဖက် ဖြစ်စေ…င်တာ'

ဒေါ်ခင်ခင်ရောက်လာတော့ သားနှင့်ပင်တိုင်စံ မရှိကြ။ …တွဲတွဲဖြစ်နေကြသည်။ သား သွားနေတာက ခရေစံကို တွေ့ဖို့မှ …ဟုတ်တာပဲ။ စိတ်တွေ ပူလိုက်တာ။ မိမိထင်သည်။ ခရေစံ …ယ်လောက်များ ထိခိုက်ကြေကွဲမှုတွေ ခံစားနေရရှာမလဲ။ သား… ပြောရမည်။ စေ့စပ်ပြီးတာနဲ့ တစ်လအတွင်း လက်ထပ်ဖို့ …ဆင်ရွက်ရမည်။ ပင်တိုင်စံက စိတ်ထက်သည်။ မဖြစ်မနေ …ပ်တတ်၏။ သူမ ရယူချင်တဲ့ ဆန္ဒရှိလျှင် အရယူတတ်သည့် …်းကလေး ပင်တိုင်စံက ထက်မြက်ပေမဲ့ ရက်စက်တတ်သူ။ …ယ်ချင်းစာတရား ကင်းမဲ့သူ။ သားအပေါ် အနိုင်ယူမယ့် မိန်းမ…

'မနက်ဖြန်မနက်ဆို စေ့စပ်တော့မယ်၊ သမီးလေးဘာမှ …းမငယ်နဲ့နော်၊ မကြာခင် လက်ထပ်ပေးမယ့် သားဘဝတစ်…က်လုံးအတွက် စိတ်ချမ်းသာမှုကို သမီးလေးပဲ ပေးစွမ်းနိုင်မှာ…ယ်'

www.burmeseclassic.com



ဒေါ်ခင်ခင်ရဲ့ ယုံကြည်မှုပင် ဖြစ်နေသည်။ မကြာခင်
ရှေ့နေတွေ ရောက်လာသည်။ ဦးနောင်လက်လည်း ရောက်ပြီဖြစ်
၍ မင်္ဂလာလက်ဖွဲ့ပစ္စည်းတွေကို သမီးလေးခရေစံ နာမည်နဲ့
လွှဲပြောင်းပေးဖို့ဖြစ်သည်။ ဒေါ်အေမီစံကတော့ စဉ်းစဉ်းစားစား
လုပ်ပေါ့လို့ ပြောနေ၏။ တားနေသည်။ မိမိတို့က ဆုံးဖြတ်ထားပြီး
ပြီ။

'ခင်တို့ပိုင်ဆိုင်တဲ့ ပစ္စည်းကို ပေးတာပဲ၊ ဘယ်သူမှ
ကန့်ကွက်ပိုင်ခွင့် မရှိဘူး'

ဒေါ်ခင်ခင် ဒီလောက်အထိ ပြတ်သားလိမ့်မည်ဟု ဒေါ်
အေမီစံပင် မထင်မိ။ သမီးကြီးနှင့် မနီးစပ်စေရန် အစွမ်းကုန်
ကြိုးစားနေသည်။ ဒေါ်အေမီစံကိုယ်တိုင်လည်း သမီးလေးနှင့်သာ
လက်ထပ်စေလို၏။ အနှိမ်ခံသမီးလေး။ အနာဂတ်သာယာလှပ
ရေးအတွက်တော့ မိမိမှာ တာဝန်ရှိနေသေးသည်။ စည်းစိမ်ဥစ္စာ
တွေနှင့် လုပ်ငန်းတွေကို သမီးကြီးက အားလုံး လက်ဝါးကြီးအုပ်
ထားသဖြင့် ခက်နေ၏။

'အေမီ'

'ခင်ခင်'

'ညည်း ဘာမှ စိတ်မပူပါနဲ့၊ ဒီကိစ္စတွေအားလုံး သားသ
ပြီးသားပဲ'

'မောင်ပြည့်လွှမ်းက သဘောတူလား'





'မေမေတို့ ရှာဖွေထားတဲ့ ပစ္စည်းတွေပဲတဲ့ မေမေတို့
သဘောဆန္ဒအတိုင်း ဆောင်ရွက်တာ ဘာမှ ကန့်ကွက်စရာမရှိပါ
ဘူးတဲ့'

'အေမီစိတ်ပူတာက စေ့စပ်ပြီးမှ လက်ထပ်ပွဲပျက်သွား
မှာပဲ ခင်ခင်'

'မပျက်စေရပါဘူး။ အေမီနဲ့ သမီးလေးသာ ခင်ရဲ့ဘက်
မှာ ရှိပါစေ'

'အေမီက သမီးရှင်လေ ခင်'

'ခရေစံဟာ ခင်ရွေးချယ်ထားတဲ့ ချွေးမလောင်းပါ၊
လက်ထပ်ဖို့ ကိစ္စတွေကိုလည်း အမြန်ဆုံး စီစဉ်မယ်'

ဒေါ်ခင်ခင်ကတော့ အားကျိုးမာန်တက် ဆောင်ရွက်နေ
သည်။ ဘာကိုမှ ဂရုမစိုက်ပေ။ လူကြီးတွေကို ခေါ်လာပြီးဖြစ်၍
စီစဉ်စရာရှိတာတွေ စီစဉ်ကြ၏။ စီစဉ်ဆောင်ရွက်လို့ ပြီးစီးတဲ့
အချိန်အတွင်း သားနှင့် ပင်တိုင်စံ ရောက်လာသည်။

'ဘာတွေ လုပ်နေကြတာလဲ မာမီ'

'ဒီမှာလေ ခင်က သမီးလေးနဲ့ မောင်ပြည့်လွှမ်းတို့
အတွက် မင်္ဂလာလက်ဖွဲ့ပစ္စည်းတွေကို သမီးလေးခရေစံ နာမည်နဲ့
လွှဲပြောင်းပေးကြတာ'

'ဘာ'

ပင်တိုင်စံ လုံးဝမရှာလို့ ဖြစ်မိသွားရသော အကြောင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ လူကြီးတွေကို ခပ်စိမ်းစိမ်းကြည့်ဖြစ်၏။ ကြည့်ပါဦး။ အသည်းအသန် လုပ်နေလိုက်ကြတာ။ ပင်တိုင်စံကို မထေမဲ့မြင် လုပ်ရာလည်း ရောက်သည်။ စော်ကားရာလည်း ရောက်နေ၏။

'ဒါ မလုပ်သင့်ဘူး မာမီ၊ ခရေစံလည်း လက်မခံသင့်ဘူး၊ မာမီက သမီးရှင်ပဲ၊ ဘယ်လောက်အရှက်မဲ့လဲ၊ ကိုယ့်သမီးကို ရောင်းစားပစ်လိုက်သလို ဖြစ်နေပြီ'

'ပင်တိုင်စံ'

'သမီးတော့ အရမ်းရှက်တယ်မာမီ၊ အန်တီခင်တို့က လည်း ခရေစံကို ငွေနဲ့ပေါက်ပြီး ဖွတ်အတင်း ဝယ်နေတော့တာပဲ'

ပြောပြီးသည်နှင့် ပင်တိုင်စံအပေါ်ထပ်သို့ တက်သွားတော့သည်။

ခြေသံပြင်းလွန်းနေ၏။

'ကျွန်မ တောင်းပန်ပါတယ် ခင်ခင်ရယ်၊ သမီးကြီးက ဒီလိုပဲ ကိုနောင်လတ်ကိုလည်း တောင်းပန်ပါတယ်'

'ကိစ္စမရှိပါဘူး အေမီ၊ သမီးကြီးအကြောင်း အခုမှ သိနေတာမှ မဟုတ်တာ၊ ပြောချင်တာ ပြောပါစေ'

သမီးကြီးရဲ့ စိတ်ဓာတ်ကို ဒေါ်ခင်ခင် သိနေသည်။ ကြောက်စရာ ကောင်းလွန်းနေ၏။ မိမိတို့ကိစ္စ အောင်မြင်ဖို့ပဲ။

'သမီးလေး ဘာမှ စိတ်အားမငယ်နဲ့နော်၊ မေမေကိုယ်





တိုင် မှန်တယ်ထင်ရင် ဘာကိုမှ ဂရုမစိုက်တတ်ဘူး၊ ဆက်လုပ်ရမှာပဲ'

ပြည့်လွန်းကတော့ စိတ်ဓာတ်တွေ အကျကြီးကျနေမိသည်။ မေမေတို့ ဘာတွေလုပ်နေကြတာလဲ။ ပင်တိုင်စံကို အားနာမိသည်။ ခရေစံနှင့် ဖွတ်အတင်းကြီး လက်ထပ်ပေးနေတော့၏။ ပြည့်လွန်းလည်း ဘာပြောရတော့မလဲ။

'သား'

'ဗျာ... ဖေဖေ'

'မနက်ဖြန် စေ့စပ်ရတော့မယ်၊ မင်းအနေနဲ့ မိဘစီစဉ်တာတွေကို အလေးအနက် ထားသင့်တယ်နော်'

ဖခင်ကိုယ်တိုင် ခေါင်းရှောင်နေရန် မဖြစ်တော့ပေ။ သားကို အဓိပ္ပါယ်ဆန်သော စကားတွေ ပြောပစ်လိုက်ရသည်။ ဖခင်တစ်ယောက်အနေနှင့် အတ္တဆန်တဲ့ အပြုအမူမျိုးတွေကို ဘယ်တော့မှ မလုပ်ခဲ့။ ဒီတစ်ခါတော့ လုပ်ကို လုပ်ပစ်ရမည်။ ပင်တိုင်စံ။ ဘယ်လောက်ရိုင်းစိုင်းလဲ။ လူကြီးတွေ လုပ်တဲ့ကိစ္စကို ရိုင်းရိုင်းစိုင်းစိုင်း ဝေဖန်ပြောဆိုရန် မသင့်ပေ။

'မင်းသတိထားဖို့ ခရေစံကလွဲပြီး တခြားမိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ဖို့ မစဉ်းစားပါနဲ့'

ပြည့်လွန်းပခုံးကို တွန့်ပစ်လိုက်ပြီး ခြံထဲဆင်းလာသည်။ သူစိတ်ညစ်နေ၏။ ပင်တိုင်စံရယ်။ ကိုယ်တကယ် စိတ်



www.burmeseclassic.com

www.burmeseclassic.com



ဖျက်မိတယ်ကွာ။ ခရေစံကို လက်မထပ်ချင်ဘူး။ ဖေဖေတို့က လည်း ဇွတ်အတင်း လက်ထပ်ဖို့ စီစဉ်နေကြတယ်။

ခရေစံ။

မင်းဟာ ကိုယ့်အတွက် ဘာမှ အထင်ကြီးစရာမရှိဘူး။ ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်နဲ့ ကိုယ်လက်မထပ်နိုင်ဘူး။

ခြံထဲမှာ ထိုင်မိသည်။ သစ်ရွက်ခြောက်တွေကို ဖိနင်း၍ ဖွဖွလေး လျှောက်လာသော ခြေသံလေးက သူ့အနီးသို့ ရောက်လာသည်။ ပင်တိုင်စံ မဖြစ်နိုင်။

ခရေစံပဲ။

'ကိုကို'

'ဟင်'

ကိုကိုပြည့်လွန်း မျက်ဝန်းတွေမှာ စိတ်ဓာတ်ကျနေပုံပင် ဖြစ်သည်။ သူမကိုယ်ချင်းစာစွာဖြင့် ကြည့်မိနေ၏။ ရှင် ဒီလောက် အထိ စိတ်မညစ်နေပါနဲ့ ကိုကို။

'ကိုကို'

'ပြော'

'ဒီစာချုပ်ကို ကျွန်မ ပြန်အပ်ပါတယ် ကိုကို'

'ဘာ'

ပြည့်လွန်း နည်းနည်းတော့ အထိတ်တလန့် ဖြစ်သွားရ သည်။





သူ့ကို မေမေက အပြတ်ပြောပြီးသား။ ခရေစံကလွဲပြီး ဘယ်မိန်းကလေးနဲ့မှ လက်ထပ်ဖို့ မစဉ်းစားနဲ့တဲ့။

'မင်း ဘာသဘောနဲ့ လာပေးရတာလဲ ခရေစံ'

'ကျွန်မ ကိုကိုနဲ့ လက်မထပ်ပါဘူးဆိုတဲ့ သဘောပါပဲ ကိုကို'

'မင်း မဖြစ်နိုင်တာတွေကို ဘာဖြစ်လို့ လာပြောနေရ တာလဲ ခရေစံ၊ မေမေက မင်းရှေ့တင် ပြောခဲ့တာပဲ၊ မင်းကလွဲပြီး တခြားမိန်းကလေးကို မစဉ်းစားရဘူး ဆိုတာလေ'

ပြည့်လွန်းအကြည့်တွေက တင်းမာ ခက်ထန်နေသည်။ ခရေစံက အဝိုတွေ လာပြောနေခြင်း ဖြစ်သည်ဟုပင် ထင်မိ၏။ အလကားဟာမလေး။ ရိုးအအမိန်းကလေးတွေကို သူ အမြင်ကတ်ဆုံးပင် ဖြစ်သည်။

'ကိုကို'

'ပြော'

'ကျွန်မ ကိုကို့ကို လက်မထပ်ပါဘူး'

'ဘာ'

'ကိုကို ပြောသလိုပဲ ဟန်ဆောင်စေ့စပ်တာပါ'

'မဖြစ်နိုင်တာပဲ ခရေစံ၊ လက်ထပ်ဖို့ကိစ္စတောင် အမြန် ဆုံးစီစဉ်တော့မှာပဲ'

'အဲဒီအတွက် ကိုကိုစိတ်ညစ်နေတယ် မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ မင်းကို ငါ လက်မထပ်ချင်ဘူး'

'မမပင်တိုင်စံသာ ကိုကိုနဲ့ အလိုက်ဖက်ဆုံး မိန်းကလေး တစ်ယောက်ပါ ကိုကိုရယ်'

ကျွန်မ ဘာဖြစ်လို့များ နံ့အတဲ့ မိန်းကလေးတစ်ယောက် ဖြစ်နေရတာလဲ။ ကိုကို့ကို စိတ်ချမ်းသာစေချင်မိတာ အမှန်ပဲနော်

'မမကို လက်ထပ်လိုက်ပါလား'

'တော်စမ်းပါ ခရေစံ၊ မဖြစ်နိုင်တော့ဘူး။ လုံးဝမဖြစ်နိုင်ဘူး။ ငါဟာ မိဘဆန္ဒကို ဆန့်ကျင်ပြီး ဘာတစ်ခုမှ မလုပ်နိုင်တာ တော့ အမှန်ပဲ'

ပြည့်လွှန်းအကြည့်တွေက ခရေစံထံ ဖြတ်ခနဲ ရောက် သွားသည်။

'စောစောက မင်း ဘာဖြစ်လို့ မငြင်းရတာလဲ၊ လူကြီး တွေ အစီအစဉ်ကို ဘာဖြစ်လို့ လက်ခံလိုက်ရတာလဲ'

'ကျွန်မ… ကျွန်မ'

မာမီကြောင့်သာ သူမ လက်ခံလိုက်ခြင်း ဖြစ်သည်။ အမှန်အတိုင်းလည်း မပြောချင်ပေ။ မာမီကြောင့်ဟုပြောလျှင် ကိုကို့ကို အားနာစရာ ကောင်းသည်ဟုထင်သည်။ မပြောချင်။

'ပြောလေ'

'ဟို… ဟို'

'ဘာဟိုလဲ၊ မင်းသာ ငြင်းဆန်လိုက်ရင် ဒီလိုအဖြစ်မျိုး တွေနဲ့ မကြုံတွေ့ရဘူးပေါ့'





'ကျွန်မ ငြင်းဆန်ဖို့ ခက်နေလို့ပါ ကိုကို'

'ဘာကွ'

'မမနဲ့ လက်ထပ်ဖြစ်အောင် ကိုကိုဘက်ကပဲ စီစဉ်ပါ၊ ဒီစာချုပ်တွေကို ကျွန်မပြန်ပြီး လက်ဖွဲ့ခဲ့ပါတယ်'

စာချုပ်တွေ ပြန်၍ ပေးအပ်နေမိသည်။

'ငါ မယူဘူး ခရေစံ၊ မင်းတစ်ခုပဲ သိထားဖို့က လူကြီး တွေ စီစဉ်တာကို ငါ မလွဲမရှောင်သာလို့ လက်ခံလိုက်တာဆို တာပဲ၊ မင်းကို မချစ်ဘူး၊ အထင်လည်း မကြီးဘူး။ ဒါပေမဲ့ ငါ မလွဲမသွေလက်ထပ်ရမှာက မင်းပဲ'

ခရေစံအနားမှ သူထွက်လာခဲ့မိတော့သည်။ လူကြီးတွေ လည်း ပြန်ကြ၏။ သူ့စိတ်တွေထဲမှာ ခရေစံနှင့် ပတ်သက်ပြီး အလိုမကျမှုတွေ ပြင်းပြစွာ ဖြစ်ပေါ်နေမိတော့သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

စေ့စပ်တဲ့နေ့က တိတ်ဆိတ်ငြိမ်သက်စွာ ပြီးဆုံးသွားရသည်။ အေးစက်စက်။ ဂုဏ်သရေရှိသော ဖနီးမောင်နှံက စေ့စပ်လက်စွပ်ကို ဝတ်ဆင်ပေးသည်။ စေ့စပ်ပွဲသို့ မမကမတက်မာဓိကတော့ ကျေနပ်စွာ ပြုံးရွှင်နေသည်။ အခမ်းနားဆုံး ဟိုတယ်ကြီးတစ်ခုမှာ စေ့စပ်ကြခြင်း ဖြစ်သည်။ ကိုကို့မိဘတွေက သူမအတွက် အခမ်းနားဆုံးဖြစ်အောင် လုပ်ပေးကြသည်။ ကျက်သရေရှိစေ၏။

အမြန်ဆုံး စီစဉ်နေကြခြင်းသာ ဖြစ်၏။ သူမ ဘယ်လိုလုပ်ရမလဲ။ ကိုကို့မျက်နှာပေါ်မှာ တင်းမာခက်ထန်မှုတွေပဲ ရှိနေသည်။

အလိုမကျပေ။ လက်ထပ်ဖို့အတွက် ကိုကို့ဘက်မှ ဘယ်လိုမှ သဘောမတူကြောင်း သက်သေပင်။ စေ့စပ်ပွဲပြီးတော့ သူမ





တို့ တိုက်မှာ ဆုံမိကြသည်။ ကိုကိုကတော့ အလုပ်များတယ်ဆိုပြီး အပြင်ထွက်သွား၏။

ရင်ထဲမှာ ပူလောင်လောင်ကြီးပဲ။

'ခရေစံ'

'ရှင်… မေမေ'

'သမီးလေးကို မေမေ့အနူးအညွတ် တောင်းပန်ချင်တာကတော့ စိတ်အားမလျှော့လိုက်ဖို့ပဲ'

'ရှင်'

'သားအတွက် လုံးဝဂရုမစိုက်နဲ့၊ ပြီးတော့ သမီးဘက်ကနေ အိမ်ရှင်မပီသအောင် ပြုစုစောင့်ရှောက်စေချင်တယ်'

'ကျွန်မ'

သူမ…။ တုန်လှုပ်နေမိသည်။ ထိတ်လန့်နေ၏။ မိမိဘယ်လိုတုံ့ပြန်မလဲ။ ကိုကိုပြည့်လွှမ်းကလည်း စိတ်မပါတဲ့ပုံ။ စိတ်ပျက်လိုက်တာ။ ခရေစံကရော ကိုကို့ကို ချစ်ရဲ့လား။ အင်း ချစ်တယ်။ ကိုကိုနှင့်လက်ထပ်လိုက်ရင် အနစ်နာဆုံးက ကိုကိုဖြစ်နေမှာပါပဲ။ ချစ်သူအား ထိခိုက် နစ်နာမှုတွေ မဖြစ်စေချင်မိ။

'ကျွန်မတို့ တစ်ဖက်သတ်ကြီးလုပ်လို့ မဖြစ်သေးဘူးထင်တယ် မေမေ၊ ကိုကို့စိတ်ထဲမှာ ကျွန်မအပေါ် အရှုံးမုန်းသွားမှာလည်း ကြောက်နေမိသလိုပဲ'

'မေတ္တာဆိုတာ ရောင်ပြန်ဟပ်ပါတယ်၊ သမီးလေးရေ



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ အားမငယ်ပါနဲ့၊ မေမေကတော့ သမီးလေးစိတ်ခိုင် မာဖို့ပဲ'

မေတ္တာဆိုတာ အသွားအပြန် ရှိတယ်တဲ့။ ကျွန်မအတွက်ကတော့ လုံးဝမဖြစ်နိုင်ဟု ထင်နေမိသည်။ ကိုကိုက ခရေစ်ကို ချစ်မှာမဟုတ်။ မျှော်လင့်ချက်က မဲ့လွန်းနေ၏။ ကိုကို အထင်ကြီးတာက မမ။ လက်ထပ်လိုတာကလည်း မမပါပဲ။ ပြီးတော့…။ ကိုကိုချစ်တာလည်း မမပါ။ သူမမျက်ဝန်းတွေထဲမှာ မျှော်လင့်ချက်ဆိုတာ မရှိ။

'သမီးလေး'

'ရှင်'

'မေမေ့ကို ကတိတစ်ခုပေးစမ်းပါ'

'ရှင်'

'သားရဲ့ ချစ်ဇနီးအဖြစ် ရာသက်ပန် နေသွားပေးပါ့မယ်လို့'

သူမရဲ့ ဆန္ဒက မေမေတို့ဆန္ဒနဲ့ တစ်ထပ်တည်းပါပဲ။ ဒါပေမဲ့ မဖြစ်နိုင်ပါဘူး မေမေ။

'ကျွန်မ ဒီကတိကိုတော့ မပေးပါရစေနဲ့ မေမေ၊ ကိုကို့ဟာ ကျွန်မအတွက် စိတ်အနှောင့်အယှက် မဖြစ်စေချင်တာပါ'

'သမီးလေး စိတ်တွေမပျော့ညံ့ပါနဲ့၊ ကိုကို့ကို သမီးလေး ချစ်တယ် မဟုတ်လား'





'ရှင်'

ချစ်တယ် မဟုတ်လားတဲ့။ မဖြေတတ်ဘူး။ ကိုကို့ကို ကျွန်မချစ်လား။ သူမ နှလုံးသားတွေထဲမှာ အတုမဲ့သော ခံစားမှုဝေဒနာတွေ တိုးဝင်လာသည်။

'သမီးလေး ပြောလေ'

သူမ ငြိမ်သက်နေမိသည်။ ဝန်ခံခြင်းလား။

'ကိုကို့ဘဝမှာ သမီးလေး ရှိနေသင့်တယ်၊ သားအိမ်ထောင်ဖက်က သမီးလေးပဲ ဖြစ်သင့်တယ်'

'ကိုကိုက ကျွန်မကို လက်ထပ်ချင်တာမှ မဟုတ်တာ၊ ပြန်ပြီး စဉ်းစားပါဦး မေမေရယ်နော်'

'မစဉ်းစားနိုင်ဘူး၊ မေမေ့ကို ကူညီပါကွယ်နော်၊ သမီးလေး သစ္စာရှိဖို့'

မာမီကလည်း သူမကိုပဲ အနူးအညွတ်တောင်းပန်နေသည်။ ကိုကို့မေမေနဲ့ ထပ်တူပဲ။ ကိုကို့ကို လက်ထပ်ဖို့ပဲ ရွေးချယ်လိုက်ပါ သူမဘက်က ငြင်းမည်ကို ကြောက်နေသည်။

'မာမီ'

'သမီးလေး မငြင်းပါနဲ့၊ လူကြီးတွေစကားကို လက်ခံရမယ်၊ မေမေ့ကို စိတ်ချမ်းသာစေချင်တယ် မဟုတ်လားဟင်'

ကိုကို့မေမေက မာမီ့ထက်ပင် ပို၍ စိုးရိမ်သောအကြည့်တွေများကာ ခရေစ် သစ္စာမရှိမှာပဲ ကြောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'အင်း'

'မောင်ပြည့်လွန်းကို သမီး လက်ထပ်ပါ'

သူမ ငြိမ်သက်စွာဖြင့် ထိုင်နေမိသည်။ အန်တီခင်က အားပေးစကားတွေ အထပ်ထပ်ပြောပြီး ပြန်သွားသည်။ သူမ ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ ငြိမ်သက်စွာဖြင့် ကျန်ခဲ့၏။ ငိုပစ်ချင်နေသည်။

'သမီးလေး'

'ရှင်… မာမီ'

'မောင်ပြည့်လွန်းဘဝ တည်ငြိမ်အေးချမ်းမှုအတွက် သမီးလေးပဲ အိမ်ရှင်မ ဖြစ်သင့်ပါတယ်ကွယ်'

'မာမီ'

'ပြော'

'မမကို ဘာဖြစ်လို့ မရွေးချယ်ရတာလဲ'

'ပင်တိုင်စံရဲ့ စိတ်တွေက ပုံမှန်အတိုင်း မဖြစ်တော့ဘူး သမီး'

'ဘာပြောတယ် မာမီ'

'အတ္တတွေကြီးမားပြီး လူတွေအားလုံးအပေါ် အနိုင်ကျင့် ဗိုလ်ကျချင်တယ်၊ နောက်ဆုံးသူ့ကို အရှုံးပေးမှပဲ ကျေနပ်တော့တယ်'

မောင်ပြည့်လွန်းက သမီးကြီး အကျင့်စရိုက်တွေရဲ့





ပြောင်းလဲမှုတွေကို မသိ။ ကွဲကွာနေကြတာ ကြာပြီပဲ။ သမီးကြီး ပင်တိုင်စံသည် စိတ်ဝေဒနာတစ်မျိုး ခံစားနေရသည်။ အတ္တလွန် ဝေဒနာ။ တစ်လောကလုံးကို အနိုင်ယူ ဗိုလ်ကျချင်သောစိတ်တွေသာ လွှမ်းမိုးနေသည်။

'သမီးကြီးဟာ အိမ်ထောင်မပြုသင့်ဘူး ခရေစံ'

'ရှင်'

'အိမ်ထောင်ရေး အဆင်မပြေမှုတွေနဲ့ပဲ ရင်ဆိုင်ရလိမ့်မယ်'

သူမသည် မမရဲ့ ရန်လိုစွာ တုံ့ပြန်မှုကိုတော့ ခံရမှာပဲ ဖြစ်သည်။ ကိုကိုနှင့် မမအပြင်ထွက်သွားကြ၏။ မမလည်း ညဉ့်တဲ့အထိ ပြန်မရောက်လာပေ။ မာမီ စိတ်ပူနေသည်။ ဖုန်းတွေ ဆက်၏။

ညဉ့်နက်မှ မမပြန်ရောက်လာတော့သည်။

'ပင်တိုင်စံ'

'ရှင်… မာမီ'

'ဒီနေ့ ညီမလေးစေ့စပ်တဲ့နေ့မှာ သမီးကြီးလည်း ရှိနေသင့်တယ်'

'စံမှ သဘောမတူတာပဲ မာမီ'

'မောင်ပြည့်လွန်းလို ယောက်ျားတစ်ယောက်နဲ့ ညီမလေးကို ဘာဖြစ်လို့ သဘောမတူရတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ပြည့်လွှန်းကို သွားမေးကြည့်လေ မာမီ၊ ဘယ်သူ့ကို လက်ထပ်ချင်လဲလို့'

'မောင်ပြည့်လွှန်းက လက်ခံတာပဲ'

'မလွန်ဆန်နိုင်လို့ပါ မာမီ၊ လူကြီးတွေက မတရားလုပ်တာ၊ ပင်တိုင်စံဆိုတဲ့ မိန်းမနဲ့ လက်မထပ်စေချင်လို့ ခပ်ညံ့ညံ့ မိန်းမတစ်ယောက်နဲ့ လက်ထပ်ပေးကြတာ'

သူမ နှုတ်ခမ်းတွေ ရှုတင်းပစ်လိုက်ပြီး တိုက်ထဲဝင်ခဲ့သည်။

'ပင်တိုင်စံ... မောင်ပြည့်လွှန်း လက်ထပ်တာ သမီးညီမလေးပဲ၊ သမီးအနေနဲ့က ယောကျ်ားတစ်ယောက်ကို ခေါင်းခေါက်ရွေးနိုင်တာပဲ'

'ကျွန်မ ပြည့်လွှန်းကိုပဲ လက်ထပ်ချင်တယ်၊ ပိုင်ဆိုင်ချင်တယ်၊ ဒါပဲ မာမီ ကျွန်မသွားတော့မယ်'

'နေဦး သမီးကြီး'

'သမီးအိပ်ချင်ပြီ၊ တစ်နေကုန် အလုပ်တွေ သိပ်များနေတယ်၊ မာမီ အနားယူသင့်ပြီထင်တယ်'

'ညီမလေးကို အားပေးသင့်တယ်လို့ ထင်တယ်'

'ကျွန်မ ဘယ်တော့မှ အားမပေးဘူး မာမီ၊ သဘောလည်း မတူဘူး၊ ပင်တိုင်စံကို စော်ကားတဲ့ လက်ထပ်ပွဲပဲ'

'မဟုတ်ဘူး ပင်တိုင်စံ၊ ညည်းမှားနေပြီ၊ ခရေစ်ဟာ





နုံအအမိန်းကလေးတစ်ယောက်ဖြစ်လို့ အားလုံးက အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးကြတာပဲ'

'မာမီ သမီးနှစ်ယောက်လုံးကို ချစ်တယ်၊ သမီးကြီးကိုတောင် ပိုချစ်တယ်၊ ဒါပေမဲ့ သမီးငယ်ရှေ့ရေးအတွက်လည်း အမိမသေခင် စီစဉ်ပေးသင့်တယ်ထင်လို့'

မာမီကို ကျောခိုင်းပြီး ထွက်လာခဲ့မိသည်။

'ဝှန်း'

ပိုက်ဆံအိတ်ကို စားပွဲပေါ်ပစ်တင်လိုက်သည်။ တစ်လောကလုံးကို မကျေနပ်။

မဖြစ်သင့်ဘူး။ ပင်တိုင်စံဆိုတဲ့ မိန်းမနဲ့ လက်ထပ်သွားမှာ ဒီလောက်ပဲ စိုးရိမ်ထိတ်လန့်နေကြလား။

'တောက်'

အိပ်လို့မရ။ ပြည့်လွှန်းကိုယ်တိုင် ခရေစ်နဲ့ လက်ထပ်လိုတဲ့ ဆန္ဒမရှိပေ။ ဒါပေမဲ့ မိဘစကားကို နားထောင်လွန်းသောသားလိမ္မာတစ်ယောက်။ ဟွန်း။ ကိုယ် မချစ်မနှစ်သက်တဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်သည်တဲ့။ လူညံ့၊ ပျော့လိုက်တာ။ မနာလိုဝန်တိုစိတ်တွေကသာ သူမတစ်ကိုယ်လုံးကို လွှမ်းမိုးနေသည်။ ထိုင်မရ ထမရ။ လောကကြီးကို ဒေါသတွေနှင့် ရင်ဆိုင်ပစ်ချင် နေမိသည်။ ဦးနောင်လတ်နှင့်ဒေါ်ခင်ခင်၊ ပြည့်လွှန်း မိဘတွေကိုလည်း မကျေမနပ်ဖြစ်နေမိသည်။ သူတို့



www.burmeseclassic.com

www.burmeseclassic.com



သားက ဘာမို့လို့လဲ ပင်တိုင်စံကိုများ ဥပေက္ခာပြုရတယ်လို့ ရ
အောင်ယူပြမယ်။

ခရေစံ ညည်းကရော ပြည့်လွှန်းကို လက်ထပ်ဖို့ ဘာဖြစ်လို့ လက်ခံရတာလဲ။ ငါက ငြင်းဖို့ပြောတာ။ ညည်း လက်မခံဘူး။ မာမီလည်း မတရားတာပဲ။ ပင်တိုင်စံအတွက် ဘာကြည့်လို့လဲ။ မခံချင်စိတ်တွေနှင့် ဝုန်းဒိုင်းကြဲပစ်ချင်သည်။ တစ်လောကလုံး မတရားဘူး။ သူမကို အမြဲတမ်း အလိုလိုက်ခဲ့တဲ့ မာမီ။ ခရေစံဘက်လိုက်သွားပြီး ရှုံးတော့မယ်။ ငါရှုံးတော့မယ်။ ပင်တိုင်စံဆိုတဲ့ မိန်းမကိုများ ရှင်တို့က ချွေးမအဖြစ် ရွေးချယ်ရမှာ မလိုလားကြတဲ့ သဘောပဲလား။

'တောက်'

ဒေါသတွေနှင့် ပေါက်ကွဲချင်တိုင်း ပေါက်ကွဲနေသည်။ ပြည့်လွှန်းကိုယ်တိုင်က သူမနှင့် လက်ထပ်ဖို့ဆန္ဒတွေ ရှိခဲ့၏။ လူကြီးတွေက တမင်သက်သက် ပင်တိုင်စံကို ချိုးနှိမ်ပစ်ကြတာပဲ။ ဘာလို့။ ပင်တိုင်စံကို မရွေးချယ်ကြရတာလဲဟင်။ မဖြစ်သင့်ဘူး။ မဖြစ်သင့်ဘူး။ ခေါင်းကိုသာ တအားခါရမ်းပစ်လိုက်မိတော့သည်။ သူမ ရင်ထဲမှာ မကျေနပ်မှုတွေက အဆောက်အအုံကြီးမားစွာ အမြစ်တွယ်နေသည်။ အရူးတစ်ယောက်လို ဆောက်တည်ရာမရအောင် အော်ဟစ်ပစ်ချင်လာ၏။ ကျွန်မလက်မခံနိုင်ဘူး။ ရှင်တို့တွေအားလုံး ကျွန်မရဲ့ ဂုဏ်သိက္ခာကို စော်ကားနေကြတာပဲ။





ပင်တိုင်စံအကြောင်း သိစေရမယ်။ အိပ်စက်လိုတဲ့ ဆန္ဒတွေကင်းမဲ့စွာ ကြောင်နေမိသည်။ နှုတ်ခမ်းသားလေးတွေကို ပေါက်ကွဲထွက်လုမတတ် သွားများဖြင့် ကိုက်ထားပစ်လိုက်မိ၏။ ပြည့်လွှန်း။ နင့်ကို ပင်တိုင်စံတစ်ယောက်တည်းပဲ ပိုင်ဆိုင်ခွင့် ရှိရမယ်။ ရင်ထဲမှာ ပေါက်ကွဲနေသည်။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

သူမလက်တွေ တုန်ယင်နေသည်။ သွေးလည်ပတ်မှုတွေ ရပ်ဆိုင်းသွားကြပြီလားပင် မသိတော့။ လက်ဖျားလေးတွေ အေးစိမ့်လာသည်။ သူမ။ ကိုကိုနှင့် လက်ထပ်ပြီးလျှင် နေရမည့် တိုက်လှလှလေးဆီသို့ နှစ်ဖက်မိဘတွေနှင့် လာခဲ့ကြခြင်းဖြစ်သည်။ ချစ်စရာကောင်းလွန်းတဲ့ ပန်းခြံလေးထဲမှ တိုက်လှလှလေးပင်။

'သမီးလေး'

'ရှင်'

'သဘောကျရဲ့လား'

ကိုကို့ မေမေက မေးသည်။

'ဟုတ်ကဲ့'

'မင်းတို့ ဇနီးမောင်နှံဖြစ်တဲ့အခါ ဒီတိုက်လေးမှာ နေကြရမယ်'





'ရှင်'

'ဗျာ'

ထိတ်လန့်တုန်လှုပ်ကာ မျက်နှာပေါ်မှာပင် သွေးမရှိတော့သလို ဖြူဖပ်ဖြူရော် ဖြစ်သွားရသူက ကိုကိုပြည့်လွန်းပါ။ ကိုကို့အကြည့်တွေက တုန်လှုပ်ခြောက်ခြားမှုတွေနှင့် ညှို့မှိုင်းနေသည်။

ဆတ်ခနဲ သူမကြည့်၏။ မင်းငြင်းဆန်ပါဟု ပြောနေသယောင် အမိပွာယ်တွေကို သူမ ကြောက်လာသည်။

ဟုတ်တယ်။

သူမ ကိုကို့ကို စိတ်ချမ်းသာစေလိုသည်။ ကိုကိုက မင်းဘက်က ငြင်းတဲ့ မိဘတွေရဲ့ အငြိုးအငြင်ကို သူမတစ်ယောက်တည်း ခံစားရပါစေ။

'ဒီလောက်ကြီးတော့ အမြန်အဆန်ကြီး မလုပ်သင့်သေးပါဘူး၊ မေမေ ခရေစံ လုံးဝ လက်မခံနိုင်ဘူး'

လူကြီးတွေ အားလုံးကို သူမ တောင်းပန်နေမိသည်။ သူမ ငြင်းရမယ်။ ကိုကို့ကို သနားတယ်။ အဲဒီလောက်ကြီးတော့ ကိုကို့အပေါ် အကြပ်မကိုင်သင့်ပါဘူး။ ဒါက ဘဝတစ်သက်တာ အရေးပါ။

'သမီးလေးတို့က တရားဝင် အကြင်လင်မယားတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော့မှာပဲ၊ အသင့်နေနိုင်အောင်လည်း အစောကြီးကတည်းက စီစဉ်ထားပြီးပြီ'

သူတို့နှစ်ယောက်ရဲ့ အသုံးအဆောင်ပစ္စည်းတွေကအစ အားလုံး ပြည့်စုံအောင် ဖြည့်စွမ်းပေးထားကြသည်။

'မင်းတို့ နေရမယ်'

'သမီးတော့ လုံးဝ လက်မခံနိုင်ပါဘူး မေမေ၊ အဓိပ္ပာယ်မရှိတဲ့ အလုပ်တစ်ခုကို ခရေစ် မလုပ်နိုင်ဘူး၊ သမီးကို ကိုကိုမချစ်ဘဲနဲ့ လက်ထပ်ရမှာ သမီးကြောက်တယ်'

သူမ ပြတ်သားတင်းမာစွာ ငြင်းဆန်ပစ်လိုက်သည်။ ကိုကိုက ငြိမ်သက်နေ၏။ ဝင်းလက်တောက်ပစွာ မျှော်လင့်ခြင်း မျက်ဝန်းအစုံ။

သူမရဲ့ ငြင်းဆန်မှုကို လက်ခံသည့်သဘောမျိုး ဖြစ်နေသည်။

'ခရေစ် သမီးလေးအနေနှင့် လူကြီးမိဘတွေရဲ့ ဆန္ဒကို မပယ်ရှားရဘူး၊ လောကကြီးအကြောင်း ညည်းဘာမှ မသိသေးပါဘူးကွယ်'

မာမီက ဝင်ပြောသည်။ သူမရဲ့ အခက်အခဲတွေကို မာမီလည်း သိနေမှာပါ။ မမသည် အေးစက်တဲ့ မျက်ဝန်းတွေနှင့် စူးစိုက်ကြည့်နေသည်။ သူမ ခေါင်းခါပစ်လိုက်သည်။





'သမီး··· သမီး ဒီကိစ္စ မဖြစ်နိုင်ဘူးလို့ ထင်တယ် ဓာမီ၊ အရှက်သိက္ခာအတွက် သမီးငြင်းဆန်နေရတာပါ'

'ခရေစ်'

'ရှင်'

'မင်းတို့နှစ်ယောက် ဒီမှာနေပြီး ဆွေးနွေးကြပေါ့၊ သားရော လက်ခံတယ်၊ မင်းလည်း မေမေတို့ဆန္ဒကို လက်ခံတယ် ဟုတ်လား သား'

ကိုကို့ဘက်သို့ အန်ကယ်လတ်က ချည်ပြီး တုပ်ပြီး မေးနေသည်။

'သားကတော့ ခရေစ်သဘောဆန္ဒအတိုင်းပါပဲ မေမေ၊ မိန်းကလေးတစ်ယောက်ရဲ့ ဆန္ဒကို ဦးစားပေးရမှာပဲ'

ကိုကို့သဘောထားသည် သူမ သဘောအတိုင်းပဲဆိုတာ ရှင်းနေသည်။ သူမ ရှုံးသွပ်စွာ ထွက်ပြေးသွားချင်လိုက်တာ။ သူမအတွက် ငြင်းဆန်ဖို့မှလွဲ၍ တခြားရွေးချယ်စရာနည်းလမ်း ရှိတော့။ သေချာတာက ကိုကို့အမုန်းတွေပဲ ရတော့မည်။ ကံဆိုးလိုက်တာ။

ငိုချင်လာသည်။ သူမ ဘဝတစ်လျှောက်လုံး အခက်အခဲ အကျပ်အတည်းတွေနှင့်ပဲ ရင်ဆိုင်ဖြတ်သန်းနေရတာ အနှင်းအိမ်ခံမှာ နေ့ရက်ပေါင်းများစွာ ဖြစ်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'သမီးစကားကို မေမေတို့ ဘယ်လိုနည်းနဲ့မှ လက်မခံနိုင်ဘူး ခရေစံ၊ မင်းတို့နှစ်ယောက်ကို လက်ထပ်ပေးရမှာပဲ။ သေချာတာက မင်းတို့ မကြာခင် တရားဝင်ဇနီးမောင်နှံ ဖြစ်ကြရတော့မယ်ဆိုတာပဲ'

ကိုကို့မေမေက တိကျပြတ်သားစွာ ပြောသည်။ ပြီးတော့ သားနဲ့သမီး အတူတူဒီတိုက်လေးထဲမှာ နေရစ်ခဲ့ကြတဲ့။ သား မင်းက ခရေစံကို လိုက်ပို့တဲ့။

'ခရေစံက မင်းရဲ့ ဇနီးလောင်းလေးပဲ သား၊ မေမေ ဒါပဲပြောချင်တယ်၊ လူကြီးမိဘတွေကောင်းမယ်ထင်လို့ စီစဉ်ထေ တာ မင်းလုံးဝ ငြင်းခွင့် မရှိဘူးနော် ပြည့်လွှမ်း'

ကိုကိုဘာမှ တုန့်ပြန်၍ မပြောဆိုပေ။ ခရေစံကလည်း ကိုကိုနှင့်အတူ စိတ်ညစ်ညူးစွာ ကျန်ခဲ့သည်။ လူကြီးတွေအားလုံး ခုံးမစကားတွေ အသီးသီးပြောကြားပြီး ပြန်သွားကြ၏။ ကိုကိုနှင့် ခရေစံ တိတ်ဆိတ်စွာဖြင့် ထိုင်နေမိကြသည်။

တကယ့်ကို စိမ်းစိမ်းပဲ လှပခမ်းနားစွာ ချစ်စရာကောင်းသော တိုက်လေးက သူမနှင့် ကိုကို့အတွက် မင်္ဂလာလက်ဖွဲ့ပစ္စည်း တစ်ခုပဲ ဖြစ်နေ၏။

ချစ်သူတွေ မဟုတ်ကြသော ကိုကိုနှင့် သူမအတွက် အဓိပ္ပာယ် ကင်းမဲ့လွန်းသည်။ ကိုကိုက စာဖတ်နေ၏။ သူမက





အရေးပင် မလုပ်။ အင်းလေ။ နံ့အသိမ်ငယ်တဲ့ သူမသည် ကိုကို့အတွက်ကတော့ အိမ်ဖော်အဆင့်လောက်ပဲ ရှိနေမှာပါ။ အစေအပါးအဆင့်လောက်တောင် သဘောရဲ့လား ကိုကို။

ခရေစံ ရင်ထဲမှာ အချစ်တွေပဲ ရှိနေပါတယ်လေ။ သူမကို ဘယ်လိုပဲ သဘောထားထား ကျေနပ်ပါတယ်။ ကိုကို့ဘက်က အမုန်းတွေပါပဲ။

ကိုကိုထားရာနေ စေရာသွားမှာပါ။ ကိုကို့ရဲ့ ဇနီးမယားအဖြစ် တစ်ခဏတာလေး ဖြစ်ခွင့်ရတာပဲ၊ သူမ ပျော်ရွှင်ကြည်နူးနေမိတဲ့သူပါ ကိုကိုရယ်။

မီးဖိုခန်းထဲ ဝင်လာခဲ့သည်။ စားသောက်စရာတွေက အဆင်သင့်။ သူမ ယူလာခဲ့သည်။

'ကိုကို'

သူမထံ တင်းမာခက်ထန်တဲ့ အကြည့်တွေ ရောက်လာသည်။

'မင်း ဘာလာရှုပ်တာလဲ'

'တစ်ခုခု စားလိုက်ပါလား ကိုကို'

'ငါ မစားဘူး'

သူမ ဘာဆက်ပြောရမှန်း မသိတော့အောင်ပဲ ဖြစ်သွားရသည်။

'ကိုကို ဆာနေမှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ခရေစ်'

'ရှင်'

'မင်း စိတ်ထဲမှာ ငါ့ကို မင်းရဲ့ လင်ယောကျ်ားဖြစ်လာမယ့် လူတစ်ယောက်လို့ ထင်မနေနဲ့'

'ရှင်'

'ငါ လက်ထပ်ရမယ့် ကိစ္စဟာ တကယ့်ကို မလွှဲမရှောင်သာလို့ပဲ ခရေစ်'

ကိုကိုရယ်… သူမရင်ထဲမှာ ကြေကွဲဝမ်းနည်းမှုတွေ အတိုင်းအဆ မရှိအောင် ခံစားရသည်။ ပြောရက်လိုက်တာ။

'အမှန်အတိုင်း ပြောရင် မင်းကို ငါမချစ်ဘူး၊ အထင်လည်း မကြီးဘူး၊ ငါ လက်ထပ်ချင်တာက ပင်တိုင်စံပဲ၊ မင်းက ငါ့အတွက် အသုံးမဝင်ဆုံး မိန်းမကွ၊ ငါ့ဘဝဆုံးပြီ ခရေစ်၊ အဲဒါကို မင်းသိလား'

'ကိုကိုပြောချင်တာ ပြောပါ၊ ကျွန်မနာခံပါမယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်မကြောင့်တော့ အစာမစားပဲ မနေပါနဲ့၊ ကျွန်မစိတ်ထဲမှာ ကိုကို့အပေါ် သံယောဇဉ်ကြီးမိတာက လွဲပြီး…'

'တိတ်စမ်း ငါ့အပေါ် ဘာသံယောဇဉ်မှ ရှိစရာမလိုဘူး ခရေစ်'

တစ်မိသားစုထဲမှာပင် အနိမ့်ခံဘဝမှာ ကျေနပ်နေတတ်တဲ့ မိန်းမပဲ။ အစေအပါးဘဝကို မက်မောသူ ထက်မြက်မှုလည်း





မရှိ။ သာမာန်မိန်းမပဲ။ အရာရာကို ကိုယ်ပိုင်ဆုံးဖြတ်ပြီး တိုးတက်မှု လမ်းကြောင်းပေါ် မလျှောက်တတ်တဲ့ မိန်းမ။

ကြည့်လေ။ ယောကျ်ားတစ်ယောက်ကို ကျိုးနွံစွာ ဆက်ဆံနေခြင်းကိုပဲ ဘဝအတွက် ဘာတိုးတက်မှုကိုမှ ဖန်တီးပေးနိုင်သည့် အစွမ်းအစမရှိ။ ညှိုးငယ်သိမ်နုတ်စွာ နေသည်။ အရိုင်းစိုင်းဆုံး ပြောရရင်တော့ လူတောထဲမတိုးတဲ့ မိန်းမ ဖြစ်နေသည်။

'ကိုကိုရယ် ကျွန်မ ဘာလုပ်ပေးရမလဲဟင်၊ ကိုကို့အတွက် ဘယ်အရာမဆို ကျွန်မဆောင်ရွက်ပေးချင်ပါတယ်'

'မင်း ငါ့အနားကနေ ထွက်သွားတာဟာ အကောင်းဆုံးပဲ ခရေစ်၊ မင်းရှိနေလို့ ငါ့စိတ်တွေအနှောင့်အယှက် ဖြစ်တယ်'

အဲဒီလောက်အထိ ရက်ရက်စက်စက်ကြီး မပြောပါနဲ့ ကိုကိုရယ်။ မျက်ရည်တွေ ပြည့်နှက်စွာ နာကြည်းမိသည်။ ကျွန်မ သွားပါ့မယ်။

'ငါ့ကိုလည်း မင်း ဘာမှ လာကျွေးစရာမလိုဘူး၊ ညနေစောင်းရင် မင်းကို အိမ်ပြန်ပို့မယ်၊ နောက်ထပ် ဘာကိစ္စနဲ့မှ ငါ့အနားလာဖို့ မင်းမစဉ်းစားနဲ့တော့ ခရေစ်'

သူမ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်ကျလာသည်။ သူမ နာကျင်လွန်း၍ နှုတ်ခမ်းသားလေးတွေ တဆတ်ဆတ် တုန်ရီနေ၏။

'သွားလေ'



www.burmeseclassic.com

www.burmeseclassic.com



သူမ ချာခနဲလှည့်ကာ ထွက်သွားတော့သည်။

'ဟူး...'

ပြည့်လွန်း သက်ပြင်းမောကြီးကို မှုတ်ထုတ်ပစ်လိုက်မိသည်။ သူ ခေါင်းကိုပဲ ခါရမ်းမိ၏။ သွားပြီ။ တကယ့်ကို စိတ်ပျက်စရာ အလကားမိန်းမပဲ။ ညှို့ဖျင်းလွန်းသည်။ မင်း လူတွေရဲ့ စေပါးရာကိုပဲ လိုက်နာဆောင်ရွက်နေတော့မှာလား။ အစွမ်းအစ လုံးဝမရှိလိုက်တာ။ ငါ့ကို ဘာလို့ မဆန့်ကျင်ရာတာလဲ ခရေစံ။

ဘာဖြစ်လို့ မယှဉ်ပြိုင်ရတာလဲ။ ငါ အမုန်းဆုံးက အစွမ်းအစမရှိတဲ့ မင်းအကျင့်စရိုက်တွေပဲ။ ဒါအဲဒီ အကျင့်စရိုက်ကို မကြိုက်ဘူး။ ငယ်စဉ်ကလည်းက လူတွေမတ်ရားလုပ်သမျှ ခရေစံ ခေါင်းငုံ့ ခံတတ်သည်။ မျက်ရည်ကျမည်။ ပင်တိုင်စံ စီမံသမျှ မဆန့်ကျင်ရဲတဲ့ ခရေစံ။

မင်းဟာ သူများ အစေအပါးလား။ ဒေါ်အေမီစံရဲ့ သမီးအရင်းတစ်ယောက်ပဲမဟုတ်လား။ အခွင့်အရေးတွေကို အကြောင်းမဲ့ စွန့်လွှတ်နေသူဟု ပြည့်လွန်း ငယ်ငယ်လေးထဲက အားမလိုအားမရနှင့် မနှစ်သက်ခဲ့မိပေ။

ဘာဖြစ်လို့။ အနှိမ်ခံဘဝမှာ နေရတာလဲ။ သူ အထင်သေးသော အချက်သည် ထိုအချက်က အဓိကဖြစ်နေသည်။ ပင်တိုင်စံကို သူ အထင်ကြီးရတာလည်း သူမက ဘဝတိုးတက်မှု





တွေအတွက် သွက်လက်ထက်မြက်စွာ ရယူနိုင်ခြင်းကြောင့် ဖြစ်သည်။

ခရေစံဘဝတစ်လျှောက်လုံး မီးဖိုခန်းထဲမှာ အချိန်တွေကုန်လွန်စေရသည်။ သူ အမုန်းဆုံးပဲ။ အထွေ့အသေးဆုံးပဲ။ မျက်ရည်တွေ ကြေကွဲမှုတွေနှင့်ပဲ တန်တဲ့မိန်းမဟု တွေးနေမိသည်။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

တစ်လောကလုံးကို မကျေမနပ်ဖြစ်နေသူက ပင်တိုင်စံပင်။ အရူးတွေ လူယုတ်မာတွေ။ ဘယ်လောက်ခံပြင်းစရာကောင်းတဲ့ ကိစ္စတွေလည်း ပြည့်လွန်းကို ခရေစံနှင့် ဖွတ်အတင်းကြီး စီစဉ်နေသည်။ သူမနှင့် နီးစပ်သွားမှာ စိုး၍ပင်။ အိမ်ထောင်ရှင် ဇနီးမောင်နှံအဖြစ်သို့ မဖြစ်မနေပို့ဆောင် ဖန်တီးပေးနေကြ၏။ ဘာကြောင့်လည်းဆိုတော့ ပင်တိုင်စံကြောင့်ပဲပေါ့။ ရှင်ကြီးတို့က ပင်တိုင်စံ မာနကို လာထိကြတာပဲ။

ပြည့်လွန်းကို ပင်တိုင်စံနဲ့ လက်ထပ်သွားမှာကြောက်လို့ မဟုတ်လား။ တွေးမိတိုင်း ဒေါသတွေ ပေါက်ကွဲရသည်။ သူ့ နှုတ်ခမ်းသားလေးကို တင်းကျပ်စွာ ဖိကိုက်ထားမိသည်။ လုံးဝ လက်မခံနိုင်တဲ့ကိစ္စ။ ပင်တိုင်စံ အကြောင်းသိစေရမယ်။ သူမကားနှင့် ပြန်၍ထွက်လာခဲ့မိသည်။ ပြည့်လွန်းနှင့် ခရေစံတို့ရဲ့ မင်္ဂလာတိုက်လေးဆီသို့ ဖြစ်၏။





သူတို့နှစ်ယောက် ရှိနေတဲ့နေရာ မင်္ဂလာလက်ဖွဲ့ ပြင်ထားတဲ့တိုက်ကလေးက ခရေစံအတွက်တဲ့။ ပိုင်ဆိုင်ခွင့်တောင် ပေးပြီးပြီ။ တခမ်းတနားလည်း ပြင်ဆင်ထားပေးလိုက်ကြတာ။ သူမ ကားလေးက ခြံထဲသို့ မောင်းဝင်လာခဲ့သည်။

'ပင်တိုင်စံ'

'ပြည့်လွန်း'

'ဘာလာလုပ်တာလဲဟင်'

'စံနေလို့မရဘူး ပြည့်လွန်း၊ အဲဒါကြောင့် ပြန်လာခဲ့တာလေ'

ပြည့်လွန်းကတော့ လုပ်ရဲကိုင်ရဲရှိတဲ့ ပင်တိုင်စံသတ္တိကိုပဲ သဘောကျမိသည်။

'စံ'

'ဟင်'

'ဘာကိုနေလို့ မရတာလဲ'

'ရှင့်ကြောင့်လေ'

'ကိုယ့်ကြောင့်'

'ရှင်တကယ်ပဲ ခရေစံနဲ့ လက်ထပ်တော့မှာလား'

ပင်တိုင်စံ မကျေမနပ်နှင့် မေးပစ်လိုက်မိသည်။

'ဖြေပါဦး ပြည့်လွန်းရယ်'

ပြည့်လွန်းလက်မောင်းတွေကို လှုပ်ခါပြီးမေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမဘာကို မကျေနပ်မိတာလဲဆိုတာ စဉ်းစားမရ။

'ပြည့်လွှန်း၊ ရှင် ဘာဖြစ်လို့ မဖြေနိုင်တာလဲ'

'ကိုယ်လည်း အဲဒီအချက်ကိုပဲ စဉ်းစားနေတာပဲ၊ ပင်တိုင်စံရယ်'

ပြည့်လွှန်းကိုယ်တိုင်လည်း ထိုအချက်ကို လက်မခံနိုင်ပဲ ဖြစ်ရသည်။

'ကိုယ်လဲ လက်ခံနိုင်ဖို့ အစွမ်းကုန်ကြိုးစားနေတယ်စံ'

'ရှင် လက်မခံနိုင်ဘူး မဟုတ်လား'

'ကိုယ်လက်ခံရမှာပဲ၊ မိဘတွေ စီစဉ်ထားတဲ့ကိစ္စတစ်ခု ဖြစ်နေတယ်လေ'

မိဘတွေကို သူ ဆန့်ကျင်ရမည့် အလုပ်အတွက် သူ ဝန်လေးနေမိသည်။

'ခရေစံက ရှင်နဲ့ လိုက်ဖက်တဲ့ ဇနီးကောင်းတစ်ယောက် မဖြစ်နိုင်ဘူး၊ အဲဒါရော ရှင်သိတယ် မဟုတ်လား'

'သိတယ်စံ ကိုယ်အမြဲတမ်း လက်ခံထားတဲ့အချက်ပဲ ဒီလို ခပ်ညုံ့ညုံ့ မိန်းမတစ်ယောက်နဲ့ ဘယ် လက်ထပ်ဖို့ စိတ်ကူးထဲမှာတောင် မရှိဘူး'

'ကို'

'ဟင်'





ပင်တိုင်စံထံမှ အခေါ်အဝေါ် အပြောင်းအလဲကြောင့် မှု အထိတ်တလန့် ဖြစ်သွားမိသည်။

'ကို' တဲ့။

အကြည့်ချင်း ဆုံမိသွားသည်။

'စံရင်ထဲမှာ အရမ်းကို ခံစားနေရတယ်၊ ရှင်နဲ့ ဘာဖြစ်လို့ ဖူးစာမဆုံ ဖြစ်ရတာလဲ၊ ရှင်ရဲ့ဇနီးမယားတစ်ယောက် ဘာဖြစ်လို့ မဖြစ်ခဲ့ရတာလဲ'

စံသည် သူမရင်ထဲမှာ ခံစားချက်တွေကို ဖွင့်ဟလာသည်။ မျက်နှာချင်းပင် ထိလုမတတ်ပဲ။ ပြည့်လွှန်းကလည်း ငြင်လင်းမှုရှိတဲ့ မိန်းမတစ်ယောက်ရဲ့ စိတ်ခံစားကို သဘောကျနေမိ

ယှဉ်ပြိုင်ရဲတဲ့ သတ္တိ။ အရှုံးမပေးလိုတဲ့စိတ်ဓာတ်တွေကိုပဲ စ်သက်သည်။ ပင်တိုင်စံသည် သူသဘောကျသော အရည် ချင်းတွေနှင့် ပြည့်စုံနေသည်။

'ပြည့်လွှန်း'

'ဟင်'

'ရှင် သတ္တိမရှိဘူးလား၊ ပျော့ညံ့တဲ့ ယောကျ်ားတစ် ယောက်အဖြစ် ဘဝ တစ်သက်လုံး ရပ်တည်နေတော့မှာလား'

သူမက အားမလိုအားမရနှင့် သူ့ကို ဖိအားပေးနေသ ောက် သူ သတ္တိကြောင်စွာ တိကျတဲ့အဖြေတစ်ခုကို မပေးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့။ ပင်တိုင်စံ ဆန္ဒကို မလိုက်လျောနိုင်။ ထိုအချိန်တွင်း အမှ မထင် ခရေစံ ရောက်လာသည်။

'ဟင်... ခရေစံ၊ နင်... နင် ငါတို့ကို လာချောင်းတာ ပေါ့လေ၊ ပိုင်စိုးပိုင်နင်း ဝင်လာတာလား၊ ပြောလေ... ပြော'

ပင်တိုင်စံရဲ့ ဒေါသတွေ ခရေစံထံ ကျရောက်သွား သည်။

'မဟုတ်ပါဘူး မမ၊ ကိုကို ဒီအချိန်အထိ ဘာမှ မစား သေးလို့ လာမေးတာပါ'

'ခရေစံ မလိမ်ရဲပါဘူး မမရယ်၊ အမှန်တကယ်ပဲ ကိုကို ဘာမှ မစားရသေးလို့ မေးဖို့ဝင်လာမိတာပါ'

'နင်ဟာလေ၊ ငါ့ကို ဒီတစ်ခါတော့ အနိုင်ရပြီဆိုပြီး ပမာမခန့် လုပ်တာပဲ၊ ငါနဲ့ ပြည့်လွှမ်းအခြေအနေကို သိသိကြီးနဲ့ လူကြီးတွေ စီစဉ်တာ မဆန့်ကျင်ခဲ့ဘူး'

ပင်တိုင်စံရဲ့ ဒေါသမျက်ဝန်းအကြည့်တွေက မီးတောက် တွေ ကဲ့သို့ပင် ရဲရဲနီနေသည်။ ညီမဆိုတာလည်း မရှိဘူး။ သူ ဘဝတစ်လျှောက်မှာ ဘယ်တော့မှ အရှုံးမပေးခဲ့သူလေ။ ဘယ် လောက် ခံပြင်းစရာကောင်းလဲ။

'နင်... နင်'

'ဖြန်း...'

'ဖြန်း...'





ခရေစံ ဘာမှပြောမနေတော့ဘဲ အခန်းထဲမှ ပြေးထွက် သွားခဲ့သည်။

'စံ မင်း ဘယ်လိုလုပ်လိုက်တာလဲ၊ လာ... မြန်မြန်စို့ နော်. ကိုယ်လိုက်ပို့မယ်'

ပင်တိုင်စံ စိတ်မြန်လက်မြန်ပင် ပြည့်လွှမ်းလက်ထဲက ကားသော့ကိုယူပြီး ကိုယ်တိုင် တက်မောင်းလိုက်သည်။ ပြည့်လွှမ်း လို ယောကျ်ားတစ်ယောက်နဲ့ အလိုက်ဖက်ဆုံးက ပင်တိုင်စံ။ ရှင်းရှင်းလင်းလင်းကြီးပဲဟာ။ ဒင်းတို့ ဘာဖြစ်လို့ ရွေးမအဖြစ် ရွေးချယ်ခဲ့ရတာလဲ။ ပြည့်လွှမ်းကို ကားပေါ်တင်ကာ မောင်း ထွက်လာခဲ့မိသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ကိုကိုလည်း ပြန်မလာသေးပေ။ ဘာတွေဖြစ်သွားရတာလဲ။ မမနှင့် ကိုကိုတို့က ချစ်သူတွေအဆင့်ပင်ရောက်နေကြသည်။ မမရဲ့ ကြောက်မက်ဖွယ် ရန်လိုမှုတွေ။ ခရေစံတစ်ယောက် ကြေကွဲစွာဖြင့် တသိမ့်သိမ့် ရှိုက်ငိုနေမိသည်။ ပြန်လည်း မပြန်တတ်ဘူး မမရယ်။ ရက်စက်လိုက်တာ။ ညီမလေးတစ်ယောက်အပေါ် ဘာဖြစ်လို့များ အကြင်နာကင်းမဲ့နေရတာလဲ။ ညီအစ်မ အရင်းတွေပါနော်။

ကိုကိုနှင့် မမ ထွက်သွားကြတာ အချိန်အတော်ကြာနေပြီဖြစ်သည်။ ပြန်မလာကြသေး။ သူတို့ထွက်သွားကြပြီလား။ အတူနေကြမှာလား။ လက်ထပ်လိုက်ကြပြီလား။ လူကြီးတွေကို အသိပေးမယ်။

ခရေစံတစ်ယောက်တည်း ဘာဆက်လုပ်ရမှန်း မသိတော့ ငိုနေမိသည်။ ပြန်သွားဖို့ကလည်း သူမ ဘယ်ရောက်နေ





မှန်းပင် မသိ။ အိမ်ထဲမှာပဲ အနေများသော သူမသည် မသွားတတ်။

ပြန်လျှင်လည်း မာမီတို့ကို ဘယ်လိုပြောရမှန်း မသိ။ တစ်ယောက်တည်း ထိုင်နေမိသည်။ တကယ်တော့။ သူမ အပြစ်တွေပါပဲ။ လူကြီးတွေ စီစဉ်တဲ့ကိစ္စကို ဖွတ်အတင်း ငြင်းဆန်သင့်သည်။

ကိုကို။

ကျွန်မကို ဘာဖြစ်လို့ မုန်းတာလဲ။ မချစ်ရင်တောင် ကျွန်မကို ဒီလောက်အထိ မမုန်းသင့်ပါဘူး။ ကျွန်မမှာ ဘာအပြစ်ရှိနေလို့လဲဟင်။ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လျှံကျလာသည်။

'အဟင့်… ဟင့်… အဟင့်'

'ခရေစံ'

'ဟင်'

'ဘာဖြစ်နေတာလဲ'

ကိုကို့အသံက သူမအနားမှာ နီးကပ်နေသည်။ သူမ တအံ့တသြ မော့ကြည့်မိသည်။ ညှို့နက်နေပြီပဲ။ ကိုကိုပြန်ရောက်လာ၍ သူမ ကြေကွဲဝမ်းနည်းမှုတွေ လှိုက်ခနဲတက်လာသည်။

'အဟင့်… ဟင့်… အဟင့်'

'ဘာဖြစ်လို့ ငိုနေတာလဲ ခရေစံ'



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကတော့ သူမ ဘာပဲလုပ်လုပ် အမြင်ကတ်နေတော့မှာပါပဲလေ။ ပျော့ညံ့တာ ကိုကိုမှ မနှစ်သက်တာ။ အငိုတိတ်သွားသည်။

'မင်းဘာဖြစ်လို့ ဒီလောက်တောင် ပျော့ညံ့နေတာလဲ ခရေစံ'

'ကျွန်မကြောက်လို့ပါ'

သူထင်ထားတဲ့အတိုင်းပင် သူမ တစ်ယောက်တည်း ရှိနေခဲ့ပင်ဖြစ်သည်။ တသိမ့်သိမ့်ရှိုက်ငိုနေသည်။ တော်သေး၏။ လူကြီးတွေထံ သတင်းမပေါက်ကြားသေးဘဲ ဖြစ်နေသည်။

'ခရေစံ'

'ရှင်'

'ဒီကိစ္စ လူကြီးတွေကို မပြောနဲ့'

'ဟုတ်ကဲ့'

'ဒီနေ့တော့ ဒီမှာပဲ အိပ်လိုက်တော့'

'ဖြစ်ပါ့မလား ကိုကို၊ လူကြီးတွေက တစ်မျိုးထင်နေကြဦးမယ်'

ခရေစံက မျက်ဝန်းဝိုင်းဝိုင်းလေးများဖြင့် ပြူးကြောင်ကြောင် ကြည့်ကာ အလန့်တကြား ငြင်းပယ်နေသည်။ ထိုအခါ ကောင်မလေးတစ်ယောက်ဟု ထင်လိုက်မိသည်။ ပင်တိုင်စံနှင့် တခြားစီပဲ။ သူနှင့် တရားဝင်လက်ထပ်တော့မှာ လူကြီးတွေက





သဘောတောင် ကျကြဦးမည်။ ကောင်မလေးက ကြောက်နေသည်။

စဉ်းစားဆင်ခြင်တဲ့တရား ကင်းမဲ့လွန်းနေသည်။ ခရေစံ မျက်ဝန်းတွေက အရှက်အကြောက်ကြီးလွန်းစွာ အထိတ်တလန့် ဖြစ်နေ၏။

'ခရေစံ'

'ဟင်'

'မင်း အိပ်တော့'

'ဟုတ်… ဟုတ်ကဲ့'

ခရေစံက မီးဖိုခန်းထဲမှာ ငုတ်တုတ်ထိုင်နေသည်။ သူ ထွက်လာခဲ့၏။ စာကြည့်ခန်းမှာ အိပ်ဖို့ ပြင်နေမိသည်။

'ကိုကို ကျွန်မအိပ်ရာတွေ ပြင်ပေးမယ်နော်'

မင်္ဂလာအိပ်ခန်းကြီး ပြင်ဆင်ထားပါလျက်နှင့် တစ်ယောက် တစ်နေရာအိပ်ဖို့ ပြင်ဆင်နေကြသည်။ ခရေစံက စောင်တွေ အိပ်ရာခင်းအပိုတွေ ယူလာပြီး ခင်းပေး၏။ သေသေသပ်သပ် စနစ်တကျတော့ ရှိသည်။

'ကိုကို'

'ပြော'

'ကော်ဖီလေးတစ်ခွက်လောက် သောက်ပါလား'

သူမမျက်ဝန်းတွေက အကြင်နာပြည့်နှက်နေသည်။ တစ်



www.burmeseclassic.com

www.burmeseclassic.com



နေကုန် ဘာမှ မစားမိဘဲ ဆာနေ၏။ စိတ်ရှုပ်စရာ မောပန်းနွမ်းနယ်စရာတွေနှင့်ပဲ ကြုံတွေ့နေရသည်။

'သောက်မယ်'

သူမ ဝမ်းသာအားရ ထွက်သွားတော့သည်။

'သား ဘဝတစ်လျှောက်လုံး စိတ်ချမ်းသာမှု ပေးနိုင်တာ ခရေစံပဲ ဖြစ်နိုင်မယ်'

မေမေပြောတဲ့ စကားတွေကို ပြန်၍ကြားယောင်လာသည်။

'သားက စီးပွားရှိနေပြီပဲ၊ အိမ်ရှင်မ ပီသတဲ့ မိန်းကလေး တစ်ယောက်ပဲ လိုအပ်တယ်'

ခရေစံသည် မိန်းကလေးပီသတဲ့ မိန်းမဖြစ်နေသည်။ အတ္တမရှိတဲ့ မိန်းကလေးပဲ။ သူ့စိတ်တွေ အေးငြိမ်းနေသလိုပင်။ ဒါပေမဲ့လည်း သူ့စိတ်ထဲမှာ အစွမ်းအစမရှိဘူးဟု ထင်နေမိသည်။ ကော်ဖီဖျော်ပြီး ခရေစံ ရောက်လာ၏။

'ရော့… ကိုကို'

'ထားခဲ့တော့'

ယောက်ျားတစ်ယောက်ကို ရိုကျိုးစွာ ဆက်ဆံနေတာပဲ သူ သဘောမကျမိ။ ပင်တိုင်စံနဲ့တော့ လုံးဝ ဆန့်ကျင်ဘက်ဖြစ်နေသည်။ သွက်လက်ဖြတ်လတ်သော ပင်တိုင်စံသည် လုပ်ရဲကိုင်ရဲ၏။ ပြတ်သားသည်။ အစွမ်းအစရှိသော မိန်းမတစ်ယောက်





ဖြစ်နေ၏။ အခု တစ်ယောက်တည်း ကျန်ခဲ့သည်။ သူမ သတ္တိရှိစွာ နေခဲ့၏။ တစ်ယောက်တည်း သွားလာနေထိုင် လုပ်ကိုင်ရဲသည်။

ပြည့်လွန်းက သတ္တိရှိရှိ ရင်ဆိုင်ဖြေရှင်းစေချင်သည်။ ပင်တိုင်စံသည် စီးပွားရေးအရလည်း အောင်မြင်သည်။ လိုချင်တဲ့ အရာကိုလည်း အရယူနိုင်၏။ ခရေစံကတော့ ညံ့လွန်းသည်။ ကြောက်စိတ်တွေကသာ သူမတစ်ကိုယ်လုံးကို ဖုံးလွှမ်းခြုံထားသည်။

မျက်ရည်သာ သူမရဲ့အဖော်။ သူနှင့် ခရေစံ ချစ်ကြည်နူး နေကြပြီဟု ထင်ကြမှာပဲ။ တစ်ညလုံး အတူရှိကြသည်။ မတတ်နိုင်တော့။

ခရေစံကို ချစ်ဇနီးမယား တစ်ယောက်ကဲ့သို့ ဆက်ဆံပြုမူရန် သူ တွန့်ဆုတ်နေမိသည်။ မချစ်တတ်တာက ခက်နေ၏။ သူမနှင့် ပတ်သက်လာလျှင် သူ ရင်မခုန်ချင်ပေ။ မုန်းတီးမှုတွေပဲ ရှိနေသည်။

သူ့နှလုံးသားတွေထဲမှာ ခါးသည်း နာကျင်နေ၏။ ကော်ဖီကို သောက်မိသည်။ လက်ရာကောင်းသားပဲ။ ခရေစံ အချက်အပြုတ်အစားအသောက်ကိစ္စတော့ နိုင်နင်းသည်။ မိန်းကလေး တစ်ယောက်အတွက် ဒီအချိန်မှာ အိမ်ရှင်မ ပီသလွန်းတာလည်း သူ သဘောမကျနိုင်ဘဲ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရှင်ဟာ သတ္တိမရှိတဲ့ ယောကျ်ားပဲ၊ ဆုံးဖြတ်ချက် မခိုင်မာတဲ့ ယောကျ်ားပဲ'

ပင်တိုင်စံက သူ့ကို ဝေဖန်ပြောဆိုသော စကားတွေပင် ဖြစ်သည်။

'မိဘစကားကို ပယ်ရှားတဲ့သားတစ်ယောက်အဖြစ် မေမေ ဘယ်တော့မှ သားနဲ့ ပတ်သက်လာရင် မျှော်လင့်မထားဘူး'

သူ ခေါင်းရှုပ်လာသည်။ အိပ်ပျော်အောင် ကြိုးစားမိနေ၏။ အတွေးတွေကို သူ့ခေါင်းထဲမှ မောင်းထုတ်ပစ်မိသည်။ ခက်လိုက်တာ။

ခရေစံ မျက်နှာလေးကို မြင်ယောင်လာသည်။ သူမ ဘယ်မှာ အိပ်နေလဲ။

ကြောက်ရွံ့တုန်လှုပ်စွာဖြင့် သူမတစ်ယောက်တည်း အားငယ်နေပြီလား။ ခရေစံအကြောင်း မတွေးတာ ကောင်းတယ်။ အိပ်သည်။ မရ။ အိပ်ရာမှထပြီး မီးဖိုခန်းထဲသို့ ဝင်လာခဲ့မိသည်။ ထင်ထားတဲ့အတိုင်းပင်။ ခရေစံ အိပ်နေသည်။ ဒီလိုမြင်တွေ့ရတော့လည်း သူ စိတ်မကောင်းဖြစ်သွားမိ၏။

'ခရေစံ'

'ရှင်'

အအိပ်တော့ဆတ်သည်။ ဆတ်ခနဲ နိုးလာသည်။

'မင်း အိပ်ခန်းထဲမှာ သွားအိပ်လေ'





လေသံကို တင်းတင်းမာမာပင် ပြောပစ်လိုက်မိသည်။ မျက်နှာကလည်း တင်းနေ၏။ ကောင်မလေးကို ဂရုစိုက်တဲ့ အမူအရာ မပြလိုပေ။

'ကျွန်မ… ကျွန်မ ဟိုအိပ်ခန်းကြီးထဲမှာ မအိပ်ရဲဘူး'

'ဘာဖြစ်လို့လဲ၊ မင်းဟာ မီးဖိုခန်းထဲပဲ သဘောကျနှစ်သက်တာမျိုးလား'

'ရှင်'

'အသုံးမကျတဲ့ မိန်းမပဲ'

'ရှင်'

မိန်းကလေးတစ်ယောက်အတွက် သင့်တော်မည့် ရွေးချယ်မှုကိုတော့ လိုအပ်သည်ဟု ထင်မိသည်။ ရောက်တဲ့ဘဝမှာ ရောင့်ရဲတင်းတိမ်နေတာမျိုး မဖြစ်သင့်။ ခရေစံက သူမဘဝကို ရောင့်ရဲနိုင်သည့် မိန်းကလေး ဖြစ်နေသည်။

'ထစမ်း ခရေစံ'

'ဟို… ဟိုလေ'

'ဒီမှာ မင်း မအိပ်သင့်ဘူးဆိုတာ နားလည်ဖို့ ကောင်းတယ်၊ မင်းဟာ အိမ်ဖော်အဆင့်ပဲရှိတဲ့ မိန်းကလေးလား'

ကိုကိုရယ် ကျွန်မ ကြောက်လို့ပါ။ ကိုကိုရဲ့ ဇနီးမယားတစ်ယောက်နေရာမှာ မနေရဲလို့နော်၊ မင်္ဂလာအိပ်ခန်းထဲ ထဲမှာ သမလောက် ရှက်ကြောက်နေမိသည်။

www.burmeseclassic.com



'လောလောဆယ်တော့ ဒီအိပ်ခန်းကြီးထဲ မဝင်သင့်သေးဘူး ထင်လို့ပါ ကိုကို'

'ဒီအိပ်ခန်းကို ဘာမှ အလေးအနက်ထားစရာ မလိုဘူး၊ အချိန်အခါတွေ ရွေးမနေနဲ့ ခရေစံ မင်းသွားအိပ်'

'ဟုတ်ကဲ့'

ခရေစံသည် သူ့စကားတွေ နာခံကာထသွားသည်။

'တောက်'

ပြည့်လွှမ်းတစ်ယောက် ခရေစံနှင့် ပတ်သက်လာလျှင် အလိုမကျနိုင်။ တုန်တုန်ချိချိနှင့် ထွက်သွားတော့သည်။ ယောကျ်ား တစ်ယောက်ကို ယှဉ်ပြိုင်နိုင်ခြင်း မရှိပေ။ ထားရာမှာနေ စေရာ သွားတတ်တဲ့ မိန်းမပဲ။ ခရေစံလို ညံ့ဖျင်းသော မိန်းမတစ်ယောက် နှင့် လက်ထပ်မိသည်ကို ပြည့်လွှမ်း အစိုးရိမ်ဆုံးပင်။ ထမင်းဟင်း ချက်တဲ့ အလုပ်ဆိုတာ ဘယ်သူမဆို လုပ်နိုင်တာပဲ။ သူ...။ စာဖတ်ခန်းထဲ ပြန်ဝင်လာမိတော့သည်။ နာရီကြည့်မိလိုက်သည်။ ညဥ့်နက်နေပြီပဲ။

'တီ... တီ'

'တီ...'

သူ့ဟမ်းဖုန်းမှ မြည်လာသည်။ ညဥ့်နက်နေပြီဖြစ်၍ စိတ်တော့ပူသွားမိသည်။

'ဟဲလို'





'ကိုလား'

'ဘုရားရေ မင်း စံ'

'ဟုတ်တယ်လေ'

'မင်းဘယ်ကနေ ဆက်နေတာလဲ စံ'

'လမ်းက'

'ဘာ'

ညဥ့်နက်တဲ့အထိ ပင်တိုင်စံလမ်းမှာပဲ ရှိနေသေးသည် တဲ့။

'ကျွန်မ အိပ်လို့မရဘူး၊ ကိုယ် ရှင့်အကြောင်းတွေက ကျွန်မရင်ထဲမှာ ပြည့်ကျပ်နေလို့'

'စံ မင်းတကယ်ပဲ လမ်းမပေါ်မှာလား'

'အင်း... မယုံရင် မာမီဆီ ဖုန်းဆက်ကြည့်ပေါ့၊ အခု လောက်ဆို သမီးနှစ်ယောက်လုံး ပြန်မလာလို့ မာမီ စိတ်ပူပြီး သေတော့မယ် ထင်တယ် ကိုယ်'

'မင်းဘာဖြစ်လို့ ဒီလိုစကားမျိုးတွေ ပြောရတာလဲ၊ စံ အန်တီအေမီက မင်းကို သိပ်ချစ်တယ်'

'ဘာပြောတယ်'

'အန်တီအေမီ မင်းကို အရမ်းချစ်တယ်လေ'

'ခရေစံကိုပါ'

'မင်းကိုပဲ ပင်တိုင်စံ'



www.burmeseclassic.com

www.burmeseclassic.com



'ဟား… ဟား… ဟား'

'စံ'

'ဘာချစ်တာလဲ၊ မာမီချစ်တာ ခရေစံပဲ'

'မင်း မှားနေပြီ'

'မမှားဘူး၊ အမှန်ပဲ၊ သူ့သမီးအငယ်ကိုချစ်လို့ ဘဝကောင်းစားရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်ပေးနေတာပေါ့ ကိုယ်'

ပင်တိုင်စံအသံတွေက ပုံမှန်မဟုတ်တော့ဟု ထင်မိသည် ရယ်မောလှောင်ပြောင်ကာ မထေမဲ့မြင် ဖြစ်နေသည်။

'မင်း ဘာတွေလုပ်တာလဲ ပင်တိုင်စံ',

'နည်းနည်းပါးပါးပါ ကို'

'ဟာ'

'ဒါ ဘာဆန်းလို့လဲ ကို၊ ကျွန်မ စိတ်ညစ်နေတယ် အရမ်းပဲ သိလား ကို၊ သိပါတယ်နော် ကျွန်မက အရှုံးသမားဖြစ်နေတယ်လေ'

'ပင်တိုင်စံ'

'ကျွန်မ ကားတစ်စီးနဲ့ လျှောက်သွားနေတယ် မနက်မိုးလင်းရင်တော့ မာမ့်ဆီ ပြန်မှာပါ စိတ်ချ'

'မင်း တစ်ခုခုဖြစ်လိမ့်မယ်၊ ပင်တိုင်စံ မင်းအိမ်ပဲ ပြန်သင့်တယ်'





'ရှင်က စိတ်ပူနေတာလား'

'ဟုတ်တယ်၊ မင်းမလုပ်သင့်တာတွေ ဘာဖြစ်လို့ လျှောက်လုပ်နေရတာလဲ'

'အပိုတွေ ပြောနေမယ့်အစား ကျွန်မဆီ လာခဲ့ပါလား'

'မဖြစ်ဘူး'

အမှားအယွင်းတွေ လုပ်မိသွားမှာ သူအကြောက်ဆုံး ဖြစ်နေ၏။ မိဘတွေကို မျက်နှာမပျက်စေလို။ စိတ်တွေကို ထိန်းချုပ်ထားမိသည်။

'ကို'

'ဟင်'

'ကျွန်မ စိတ်တွေ လေးနေတယ်၊ ရှင် ပစ်ထားရက်တယ်ပေါ့လေ၊ လာခဲ့ပါ ကိုယ်၊ ကျွန်မဆီလာခဲ့နော်'

'မဖြစ်ဘူး ပင်တိုင်စံ၊ မင်းကိုယ့်ကို ချစ်တယ်ဆိုရင် အိမ်ပြန်ပါနော်၊ ကိုယ့်စကားတွေ နားထောင်မယ် မဟုတ်လား'

'အင်း ရှင့်ကိုချစ်လို့နော်၊ ကျွန်မ ဘယ်လောက်သတ္တိရှိလဲဆိုတာ ရှင် သိပါတယ်'

'အင်းပါ၊ စံရယ် မင်းပြန်တော့နော်၊ နောက်နေ့မှ တွေ့ကြမယ်နော်'

'ဋွတ်လပ်'

'ရွတ်'



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းခွက်လေးကို နမ်းရှိုက်တဲ့ အသံတွေကို ကြားလိုက်ရသည်။

သူ။

ငေါင်တွေ သွားရသည်။

အိပ်ဖို့အတွက် စိတ်တွေကို အတတ်နိုင်ဆုံး ထိန်းချုပ်နေရ၏။

ပင်တိုင်စံ။

ပင်တိုင်စံ။

မင်းတော်တော်ကြောက်စရာ ကောင်းတဲ့မိန်းမပါပဲလား။

❐ ❐ ❐



## အခန်း (၁၄)

ဒေါ်အေမီစံ စိတ်ပူနေမိသည်။ သမီးကြီးရော သမီးလေးပါ နှစ်ယောက်လုံး ပြန်မလာကြပေ။ တစ်ညလုံး အိပ်၍မရ။ ဖုန်းဆက်ဖို့ စဉ်းစားပေမဲ့ စပ်စုရာ ရောက်မှာစိုး၍ မဆက်ဖြစ်။ သမီးငယ်က မောင်ပြည့်လွှမ်းနဲ့ အတူတူလား။ သမီးကြီးကတော့ ပြန်လာသင့်တယ်။ ဘာဖြစ်လို့ မလာရတာလဲ။ တစ်ခါတလေတော့လည်း ထင်ရာစိုင်းနေတတ်တဲ့ သမီးကြီးအကျင့်ကို သိထားသည်။ မောင်ပြည့်လွှမ်းကို သမီးငယ်ဆီမှ လုယူဖို့ ကြံစည်နေ၏။ အလိုလိုက်ထားမိ၍ဖြစ်သည်။

'တီ… တီ'

'ကားဟွန်းသံပဲ'

သမီးကြီးပြန်လာပြီ ထင်တယ်။ ဒေါ်အေမီစံတိုက်ထဲမှ ပြေးထွက်ပြီး ကြိုမိသည်။ ကားပေါ်မှ သမီးကြီး ဆင်းလာသည်။

'သမီးကြီး'



www.burmeseclassic.com

www.burmeseclassic.com



သမီးကြီး ခန္ဓာကိုယ်က ယိမ်းယိုင်နေတာ တွေ့လိုက်သည်။ ခြေလှမ်းတွေက မမှန်။

'ဘာဖြစ်လို့ ဒီအချိန်မှ ပြန်လာတာလဲ ကွယ်'

'စိတ်ညစ်လို့ စံ စိတ်ညစ်တယ်၊ အဲဒါ မာမီကြောင့်ပဲ ကျွန်မ အရှုံးကြီး ရှုံးခဲ့ရတာ မာမီကြောင့်ပဲ'

'စံ သမီးကြီး ဘာတွေ လျှောက်ပြောနေတာလဲ၊ မာမီဟာ သမီးကြီးကို အချစ်ဆုံးပါကွယ်'

'မဖြစ်နိုင်ဘူး လုံးဝ မဖြစ်နိုင်တဲ့ကိစ္စပဲ၊ မာမီချစ်တာ ခရေစံ'

'သမီးကြီး အတွေးချော်နေပြီ၊ မာမီက သမီးကြီးအလိုဆန္ဒတွေ အားလုံး ဖြည့်စွမ်းပေးခဲ့တာပါပဲ'

'မာမီ လိမ်တာ၊ ပြည့်လွှန်းနဲ့ ခရေစံကို မာမီလက်ထပ်ပေး ကတည်းက ခရေစံ ကောင်းစားစေချင်လို့ မဟုတ်လား'

သမီးကြီးကို ကြည့်ပြီး ဒေါ်အေမိစံ စိတ်ထိခိုက်ရသည်။

'ပြောလေ မာမီ'

'ခရေစံဟာ သမီးကြီးရဲ့ ညီမအရင်းခေါက်ခေါက်ပဲကွယ်၊ မာမီ့အနေနဲ့ ခင်ခင်တို့ ရွေးချယ်မှုကို လက်ခံလိုက်တာပဲ ရှိတာပါ'

**သမီးလေး ကလေးဘဝကလည်း ပျော်ရွှင်ချမ်းမြေ့ အပြည့်အဝ မရခဲ့ပေ။ ကြာလေ စိတ်ပူရလေပဲ။ သူမ လက်ထပ်**





ရတော့မည်။ ယောက်ျားသည် သူမကို အထင်သေးလွန်းနေတဲ့ ယောက်ျားဖြစ်နေသည်။ အိမ်ထောင်ရေးသုခဝေးစွ ပြင်းထန်တဲ့ အတိုက်အခိုက်တွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရမှာ သေချာသည်။

'ခရေစံလည်း ပြန်မလာသေးဘူး၊ ဘာတွေ ဖြစ်နေကြတာလဲ မသိပါဘူးကွယ်'

'မာမီ စိတ်ပူနေပြီ မဟုတ်လား'

'ထားလိုက်ပါ သမီးကြီးရယ်၊ မာမီတို့ အထဲဝင်ကြရအောင်'

'မဝင်ဘူး'

'အပြင်မှာအေးတယ် သမီးကြီး၊ ညဥ့်လဲ နက်လှပြီ'

'စံ တစ်ယောက်တည်းနေမယ်၊ မာမီ ဘာမှစိတ်ပူနေစရာ လိုပါဘူး၊ ဟန်ဆောင် သိပ်ကောင်းမနေပါနဲ့ မာမီရယ်'

'စံ'

'ဟင်'

'ညည်း ဘာဖြစ်လို့ မာမီ့စေတနာမေတ္တာတွေကို မသိရတာလဲ'

'နားမလည်ဘူး၊ စေတနာမေတ္တာ ဘာတွေလဲ ပြည့်လွှန်းဟာ ကျွန်မလက်ထပ်မယ့် ယောက်ျားဆိုတာ မာမီ ကြိုတင်သိထားခဲ့တယ်'

**'ကဲပါ သမီးကြီးရယ်၊ တိုက်ထဲ ဝင်ကြရအောင်နော်'**



www.burmeseclassic.com

'မဝင်ဘူး'

'သမီးကြီး ဘာဖြစ်လို့ ခေါင်းမာနေရတာလဲ'

'စံရင်ထဲမှာ အရမ်းခံစားနေရတယ် မာမီ၊ ပြည့်လွှန်းက
ကျွန်မကို ချစ်တယ်၊ လက်ထပ်ဖို့ ရည်ရွယ်ထားတယ်၊ ဒါပေမဲ့
ခရေစံကို လက်ထပ်ရတော့မယ့်အတွက် ပြည့်လွှန်းလည်း စိတ်
ညစ်နေတာ မာမီသိလား'

ဒေါ်အေးမိစံ သက်ပြင်းမောကြီးကိုသာ မှုတ်ထုတ်
လိုက်မိသည်။ ပြည့်လွှန်းမိဘတွေ ဆန္ဒလည်း ဖြစ်နေ၏။ ဘယ်
လိုလုပ်မလဲ၊ သမီးကြီးလည်း ပြောမရ၊ ဆိုမရနှင့် ခက်သည်

'မာမီ'

'ဟင်'

'ကျွန်မ လိုချင်တာကို မရရအောင် ယူတတ်တယ်နော်

'သမီးကြီး ပင်တိုင်စံ ဘာတွေ ပြောနေတာလဲ၊ ဒ
ထင်တိုင်း လုပ်သင့်တဲ့ ကိစ္စတွေ မဟုတ်ဘူး'

သူမ ခေါင်းကိုသာ ခါယမ်းပစ်လိုက်မိသည်။ သူ
အရှုံးမခံနိုင်ဘူး။ ပြည့်လွှန်းကို စံချစ်တာ မချစ်တာထက် ရယ
ချင်နေသည်။

ကျွန်မကို ချွေးမအဖြစ် မရွေးချယ်ခဲ့တဲ့ အန်ကယ်
လက်နဲ့ အန်တီခင်တို့ကို ရှုံ့ပစ်ချင်နေ၏။ ရှင်တို့ကြောင့် အခုလ
ကျွန်မ အရှုံးကြီး ရှုံးရတာပဲ။



'ဟား... ဟား... ဟား'

'သိပ်ရယ်ရတာပဲ၊ လူတွေ သိပ်ရယ်ရတယ်၊ ဟား...
ဟား... ဟား'

စံ ကိုယ်လေးလှုပ်ခါပြီး အူလှိုက်သည်းလှိုက် ရယ်မော
နေသည်။

'လာစမ်း၊ စံ တိုက်ထဲဝင်မယ်၊ ညဥ့်နက်နေပြီ၊ သမီးရဲ့
ဘဝမှာ မောင်ပြည့်လွှန်းထက်သာတဲ့ လူတွေ အများကြီးရွေးချယ်
ပိုင်ခွင့် ရှိတာပဲ'

'မဟုတ်ဘူး... မဟုတ်ဘူး၊ ခရေစံဟာ ကျွန်မထက်
ဘယ်လိုနည်းနဲ့မှ မသာရဘူး'

'ခရေစံဟာ သမီးရဲ့ ညီမလေးလေ၊ စီးပွားရေးတွေရော
ငွေကြေးတွေအားလုံး သမီးကြီး ပိုင်ဆိုင်ထားတာ မဟုတ်လား'

'မသိဘူး၊ မာမီသွားတော့၊ ကျွန်မတစ်ယောက်တည်း
ထဲမှာ ထိုင်နေဦးမယ်'

'မဖြစ်ဘူး၊ သမီးကြီး ကျန်းမာရေး ထိခိုက်လိမ့်မယ်'

ဒေါ်အေးမိစံ ဖွတ်အတင်းခေါ်ပြီး အိပ်ခန်းထဲပို့လိုက်ရ
သည်။ ပင်တိုင်စံ။ ညည်းရဲ့အတွေ့တွေက ကြောက်စရာ ကောင်း
လိုက်တာ။ သွေးသားရင်း ညီမလေးကောင်းစားဖို့တောင် စေတနာ
တွေ့တရားတွေ မထားနိုင်ပါလား။ ကြောက်စရာကောင်း
လောက်အောင် လောဘရမ္မက်မီးတွေ လောင်မြိုက်လွှန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ခရေစံ ညည်းသိမယ်၊ ပင်ကိုင်စံအကြောင်း သိစေ
မယ်'

သမီးကြီး ယောင်ယမ်းအော်ဟစ်နေတော့သည်။ အိပ်ခန်း
တံခါးပိတ်ပြီး ပြန်ထွက်လာခဲ့မိ၏။ ဒေါ်အေမိစံ စိတ်ထိခိုက်ကြေ
ကွဲမှုတွေ ခံစားနေရသည်။ သမီးကြီးကို ဘယ်လို ထိန်းသိမ်းဆုံး
သွန်သင်ရမလဲ။

အလိုမလိုက်သင့်တဲ့ နေရာမှာ မမျှတစွာ အလိုလိုက်မိ
သည်။ မိမိအမှားတွေကြောင့်ပါ။ သမီးလေးရယ်။ မာမီကြောင့်
ပါ။

သွေးသားရင်းဖြစ်လျက်နဲ့ ဘဝမှာ အနိမ့်ကျဆုံးဘဝမှာ
ရင်ဆိုင်နေရရှာသည်။ မာမီစိတ်မကောင်းပါဘူးကွယ်။ သမီးလေး
လည်း ဘယ်လိုအခြေအနေနှင့် ရင်ဆိုင်နေရရှာပြီလဲ။ သမီးကို
ပြည့်လွန်း မချစ်ပါဘူး။ အိမ်မှုကိစ္စတွေကလွဲပြီး ဘာမှ မသိသူဖြစ်
သည်။

သမီးကြီးကလည်း ဘာတွေ နှောင့်ယှက်မလဲ မသိပါ
ဘူး။ သမီးလေးရော အိပ်၍မပျော်အောင် ဖြစ်နေသည်။

နောက်နေ့ နေအတော်မြင့်မှ သမီးလေးနှင့် မောင်ပြည့်
လွန်း ပြန်ရောက်လာသည်။

'သမီးလေးရယ် မာမီ စိတ်ပူလိုက်ရတာ၊ သမီးလေးတို့
နှစ်ယောက် ဆွေးနွေးရတာ အဆင်ပြေရဲ့လားကွယ်'





မောင်ပြည့်လွန်းကတော့ ခရေစံကို ပို့ပြီး ပြန်ထွက်သွား
သည်။ မျက်နှာက တင်းတင်းမာမာနှင့် လူငယ်တွေ စိတ်ဆင်းရဲ
နေပြီလားပင် မသိတော့။

'သမီးလေး'

'မာမီ'

'မောင်ပြည့်လွန်းနဲ့ ဆွေးနွေးရတာ အဆင်ပြေရဲ့လား'

'ပြေပါတယ် မာမီ'

'ဘာဖြစ်လို့ မနေ့က ပြန်မလာရတာလဲ'

ခရေစံ ဘာပြန်ပြောရမှန်း မသိအောင် ဖြစ်သွားမိသည်။

'ခရေစံ'

'ရှင်'

'မာမီ မေးနေတယ်လေ သမီးငယ်'

'ဘာမှ မဖြစ်ပါဘူး မာမီ၊ ကိုကိုက လူကြီးတွေ ကျေနပ်
အောင် နေပြတာ'

မမနှင့် ပတ်သက်တဲ့အကြောင်းတွေ သူမပြောရမှာ ဝန်
လေးနေမိသည်။ မလိမ်မညာချင်ပါဘူး။ ကိုကိုလည်း မပြောဖို့
မှာထား၏။

'သမီးလေး ဘာမှ စိတ်ဓာတ်မကျနဲ့နော်၊ တစ်နေ့ကျရင်
ချစ်ခြင်းမေတ္တာဆိုတာ အသွားအပြန်ရှိပါတယ်ကွယ်'

အချိန်အတိုင်းအတာတစ်ခုကို စောင့်ရမှာပါလို့ မာမီက



www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။ ခရေစံ သတ္တိတွေ ရှိလို့လား။ ဘယ်အထိလဲ၊ ဟင် ဘဝတစ်သက်တာလား။ သူမ ကြောက်ရွံ့နေမိသည်။ မမနှင့် ရင်ဆိုင်ရမှာပင် မလိုလားနိုင်အောင် ဖြစ်နေ၏။

'သမီး မီးဖိုခန်းထဲ ဝင်တော့မယ်နော် မာမီ'

'ခရေစံ'

'ရှင်'

'မီးဖိုခန်းထဲမှာ သမီးပိုင်ဆိုင်ထားတဲ့ အချိန်တွေကို ဖြုန်းပစ်လိုက်တော့မှာလား'

'သမီးက ဒီတစ်ခုပဲတတ်တယ်လေ မာမီ'

ဒေါ်အေမီစံ အထိတ်တလန့်နှင့် သမီးခန္ဓာကိုယ်လေးအား စိုးရိမ်တကြီး ဆွဲယူပွေ့ဖက်ထားမိလိုက်တော့သည်။ ဟုတ်သားပဲ။ သမီးဘဝမှာ ဖြတ်သန်းခဲ့ရတဲ့ အချိန်တွေအားလုံး မီးဖိုခန်းထဲမှာပဲ ဖြစ်နေရတော့သည်။ အိမ်ဖော်တွေထားနိုင်ပါလျက်နှင့် သမီးလေး မီးဖိုခန်းထဲဝင်ရ၏။ ပင်တိုင်စံကြောင့်ပဲ။ မနာလိုဝန်တို စိတ်တွေက သမီးကြီးထံမှာ များနေသည်။

'သမီး သွားမယ်နော်'

'နေဦး'

'သမီးလေးလည်း ဆယ်တန်းအောင်ထားတာပဲ၊ မိန်းကလေးတစ်ယောက် တတ်သင့်တဲ့ ခေတ်ပညာတွေ သမီးလေးသင်ရမယ်'





သမီးလေးကို အိမ်ထဲမှာပဲ မထားဖို့ ဒေါ်အေမီစံ ဆုံးဖြတ်လိုက်သည်။ လူ့လောကကြီးထဲ တိုးဝင်စေနိုင်အောင် သင့်တင့်တဲ့ ပညာတွေ တတ်မြောက်အောင် သင်ရမည်ဖြစ်သည်။ မာမီမရက်စက်နိုင်တော့ဘူး။

'မီးဖိုခန်းထဲမှာပဲ သမီးလေး အချိန်မဖြုန်းရတော့ဘူး'

ခရေစံ တအံ့တသြနှင့် မာမီကို ကြည့်နေမိသည်။ ဖြစ်နိုင်ပါတော့မလား။ အချိန်တွေ နောက်ကျနေပြီ။ အပြင်လောကနှင့် ပတ်သက်ဆက်ဆံရေးမှာပင် သူမ တုန်လှုပ်ကြောက်ရွံ့နေမိသည်။ အိမ်ထဲမှာပဲ အလုပ်သမားတွေနှင့် တန်းတူနေရသည်။

'သမီး အပြင်လောကတွေနဲ့ မပတ်သက်မဆက်ဆံချင်တော့ပါဘူး'

'မဟုတ်ဘူး သမီးလေး၊ လုပ်သင့်တာတော့ သမီးလေးလုပ်ရမယ်၊ မာမီမသေခင် လူ့လောကကြီးထဲမှာ သမီးလေးရပ်တည်နေနိုင်ဖို့လိုအပ်တယ်'

မောင်ပြည့်လွန်းကလည်း သမီးလေးအပေါ် အထင်မကြီးနိုင်။ ဆက်ပြီး အနှိမ်ခံဘဝနှင့် နေရဦးမှာလား။ သမီးမှာ အထင်ကြီးစရာလည်း ဘာတစ်ခုမှ မရှိပေ။

'မာမီစီစဉ်တာတွေ အားလုံး သမီးလေး လက်ခံပါ၊ ရင်ဆိုင်နိုင်တဲ့ သတ္တိတွေလည်း မွေးပါကွယ်'



www.burmeseclassic.com

www.burmeseclassic.com



မမှရောက်လာသည်။

'မာမီ ခရေစံကို ဘာတွေ မြှောက်ပေးနေတာလဲ'

သူမ ရင်ဆိုင်မှာကို အကြောက်ဆုံးက မမပင်။

'မမ'

'ညည်း လုပ်စရာရှိတာ သွားလုပ်စမ်း ခရေစံ၊ ငါမနက်စာ မစားရသေးဘူး'

'ဟုတ်ကဲ့'

'သွား'

သူမ မီးဖိုခန်းထဲသို့ထွက်လာပြီး စားစရာတွေ စီစဉ်နေမိသည်။ မမအော်ငေါက်တာနှင့် ခရေစံနေစရာ မရှိတော့။ မင်းဘဝကို မီးဖိုခန်းထဲမှာ အချိန်ကုန်နေတာ အမှန်းဆုံးပဲတဲ့။ ကိုကို့စကားတွေ ကြားလာသည်။ သူမ သေချင်မိသည်။ တကယ်တော့ သူမအနေနဲ့ ကိုကို့အား လက်ထပ်ဖို့ မသင့်တော်ဆုံးဖြစ်သည်။ မမက မီးဖိုခန်းထဲအထိ လိုက်လာသည်။

'ခရေစံ'

'ရှင်… မမ'

'ညည်း မာမီ စီစဉ်တာတွေကို တစ်ခုမှ မလုပ်ရဘူး ခရေစံ'

'ဟုတ်ကဲ့'





မမစကားတွေကို နားထောင်ဖို့ပဲ သူမ ဆုံးဖြတ်ထားမိတာ ငယ်စဉ်လေးကတည်းကပင် ဖြစ်နေသည်။ မမကို ဆန့်ကျင်မိသည်နှင့် မာမီက ဆူပူပြောဆို ရိုက်နှက်သည်။ သူမဘဝမှာ အေးချမ်းမှုတွေပဲ လိုအပ်နေ၏။

'ပြည့်လွှန်းကို ညည်းတော်တော်မက်မောနေလား ခရေစံ'

မမစကားတွေက သူမပေါ် ညှာတာထောက်ထားခြင်း မရှိ။ ခရေစံမှာ အင်အားမရှိတာ မမသိနေတာပဲ။ သူမဘဝမှာ လူကြီးတွေ စီစဉ်တာပဲ နာခံနေရတာပါ။

'မမဲမြင်ချင်တာတွေ ကျွန်မ လုပ်ပေးချင်ပါတယ်၊ လူကြီးတွေ စီစဉ်ကြတာပါ'

'တော်စမ်း'

ပြည့်လွှန်း အထင်ကြီးစေမည့် အလုပ်တွေကို ခရေစံ ဘာတစ်ခု လုပ်စရာမလို။ ဘာသင်တန်းတက်မှာလဲ။ သူမ တားဆီးရမည်ဖြစ်သည်။

'နင်ဟာ အရည်အချင်းမရှိတဲ့ မိန်းမတစ်ယောက်ပဲ ဖြစ်စေရမယ် ခရေစံ'

မမသည် ရက်စက်တဲ့စကားတွေပြောပြီး ပြန်သွားသည်။ နင်သေသွားမယ်တဲ့။ သူမ ဘာမှလည်း မလုပ်ရသေးပဲနှင့် မမက တားဆီးနေ၏။ အစ်မတစ်ယောက်၏ ချစ်ခြင်းမေတ္တာကို



www.burmeseclassic.com

www.burmeseclassic.com



အံ့သြမိသည်။ ဘာဖြစ်လို့များ ရန်သူတစ်ယောက်ကဲ့သို့ ဆက်ဆံချင်ရတာလဲ။ ခရေစံက မာမီမွေးခဲ့တာပါ။ မျက်ရည်တွေက ဝဲချင်လာသည်။ မမ…။

ကျွန်မအပေါ် မရက်စက်ပါနဲ့။ မရက်စက် ပါနဲ့။ သူမ အော်ဟစ်ချင်စိတ်တွေ ဖြစ်ပေါ်လာမိတော့သည်။

□ □ □



## အခန်း (၁၅)

ပြည့်လွှမ်းနှင့် ခရေစံတို့ မင်္ဂလာဧည့်ခံပွဲက **နီးသထက်** နီးလာနေသည်။ ပင်တိုင်စံ နေမထိ၊ ထိုင်မသာနှင့် မှောလိုဝန်တို့မှ တွေသာ တဖြည်းဖြည်း ကြီးမားပြင်းထန်လာရတော့သည်။ သူမ လက်လွှတ်ဆုံးရှုံးရတော့မယ့် အခြေအနေဖြစ်နေ၏။ လူကြီးတွေ က နောက်မဆုတ်ကြ။ ပြည့်လွှမ်း သတ္တိမရှိဘူး။ မငြင်းဆန်ရဲဘူး။ မိဘစကားကိုပဲ နာခံမည်ဟု ဆုံးဖြတ်သည်။ နင့်ကို မုန်းတယ်။ ညံ့ဖျင်းတဲ့ကောင် အသုံးမကျတဲ့ ယောကျ်ားပဲ။ ကိုယ် မချစ်မနှစ် သက်တဲ့ မိန်းမတစ်ယောက်ကို နင် လက်ထပ်မှာလား။ အဓိက ပြည့်လွှမ်းမိဘတွေပဲ။ ရှင်တို့ ကျွန်မကို ဘာဖြစ်လို့ မရွေးချယ်တာ လဲ။

ကျွန်မ အသုံးမကျလို့လား။ ပြည့်လွှမ်းနှင့် ခရေစံကတော့ မကြာခင် အကြင်လင်မယားအဖြစ် အတူနေထိုင်ကြရတော့မည်။ အစီအစဉ်တွေအားလုံးနီးပါး စီစဉ်ပြီးနေသည်။ ပြည့်လွှမ်းကို



www.burmeseclassic.com

www.burmeseclassic.com



ခရေစ် ပိုင်ဆိုင်သွားမှာ မလိုလားဆုံးပဲ။ ပင်တိုင်စံ လက်ပိုက်ကြည့် မနေနိုင်။

အချိန်တွေက သူမအတွက် သိပ်ပြီးမရှိတော့ပေ။ အရှုံး ပေးရမည့် အချိန်တွေ တဖြည်းဖြည်း နီးကပ်လာသည်။ ပြည့်လွန်းကလည်း လက်ခံနေ၏။ သူမ စိတ်တွေ ဆောက်တည်ရာ မရအောင် ဖြစ်နေသည်။

ပြည့်လွန်းမိဘတွေကိုလည်း မုန်းတီးနာကြည်းနေသည်။ ပင်တိုင်စံနှင့် နီးစပ်သွားမှာ စိုးရိမ်ပြီး ခရေစ်နှင့် အတင်းအကြပ် လက်ထပ်စေသည်။

ထိုအချိန်တွင် အန်ကယ်နောင်လတ်နှင့် အန်တီခင်တို့ ရောက်လာကြတော့သည်။ လက်ထပ်ပွဲအတွက်ပဲ ဖြစ်မယ်။ တိုက်ကြီးထဲဝင်လာ၏။ ဒီလောက်တောင်ပဲ ခရေစ်ကို ချွေးမတော်ချင်လား၊ အကြည့်တွေက မီးဝင်းဝင်းတောက်နေ၏။ သိမယ်။ ပင်တိုင်စံကို ချွေးမအဖြစ် ဘာကြောင့် မရွေးချယ်ရတာလဲ။ ထိုအချက်က အထိုးနက်ဆုံးပဲ။ မုန်းတီးနာကြည်းမှုတွေပဲ သူမ ရင်ထဲ တိုးဝင်လာရသည်။ သူမကိုပင် အရေးအရာမလုပ်ကြ။

'သမီးလေး စိတ်လှုပ်ရှားနေမှာ စိုးလို့ လာပြီး အားပေးကြတာလေ'

ဟွန်း…။

**အဖြစ်သည်းနေလိုက်ကြတာ ပြောပုံကကြည့် သူမအမြင်**





ကတ်လာမိတော့သည်။ စိတ်ကမရ ခြံထဲဆင်းလာခဲ့မိ၏။ မမြင် မတွေ့ချင်လို့။ ပင်တိုင်စံကို စိတ်အနှောင့်အယှက် လာပေးတဲ့သူ တွေ။ ဘယ်တော့မှ ခွင့်မလွှတ်နိုင်ဘူး။ သူမရဲ့ရင်ထဲမှာ ဒေါသ တွေနှင့် မုန်းတီးနာကြည်းမှုတွေပဲ ရှိနေသည်။ မီးတောက်ချင်နေ ၏။ ချစ်ခြင်းမေတ္တာဆိုတာ သူမ နားမလည်ခဲ့သော အကြောင်း အရာ ဖြစ်မိသည်။

သည်းမခံနိုင်ဘူး။ ပြည့်လွန်းကရော ဘာဖြစ်လို့ လက်ခံ ရတာလဲ။ နင့်ကို ငါချစ်တာ မဟုတ်ဘူး။ ခရေစ်ကိုပါ အရှုံးမပေး ချင်တာ။ အကျော့မခံချင်တာ။ ငါကလွဲပြီး ဘယ်မိန်းမမှ ငါ့ ထက်သာတာ ငါမလိုလားဘူး။ လက်မခံနိုင်ဘူး။

ပင်တိုင်စံ စိတ်ထဲမှာ မလိုမုန်းထားမှုတွေ ရှိနေသည်။ သူမကတော့ နောက်မဆုတ်တော့ဖို့ ဆုံးဖြတ်ထားမိသည်။ တစ်ခုခု တော့ လုပ်ဖြစ်ရမှာပဲ။

တိုက်ကြီးထဲ ပြန်ဝင်လာခဲ့သည်။ အမြင်ကတ်စရာ ခရေစ်အတွက် မင်္ဂလာဆည်ခံပွဲမှာ ဝတ်ဆင်မည့် စိန်ထည်တွေကို အစမ်းဝတ်ဆင်ကြည့်နေကြသည်။

'သမီးလေးကို မင်္ဂလာလက်ဖွဲ့မယ် ပစ္စည်းတွေပဲ **မေမေ တို့မှာက ဒီသားလေးတစ်ယောက်ပဲ ရှိတာလေ'**

**သူမ ကြားဖြစ်အောင် ကြားလိုက်သေးသည်။ လာကြ လေ။ ကျွန်မရင်ထဲ ဒေါသတွေ မထည့်ကြနဲ့။ ခရေစ်လို ငတုံးအ**



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို ရွေးချယ်တာ ရှင်တို့ ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်ဖို့ မဟုတ်လား။

'ခရေစံလေး မေမေတို့နဲ့ လိုက်ခဲ့ဦးနော်၊ လိုအပ်တာတွေ သွားဝယ်ကြရအောင်'

'ကျွန်မအတွက် တော်လောက်ပါပြီ မေမေ၊ အရမ်းများနေပြီ ထင်တယ်'

'မများပါဘူး၊ နောက်ဆို သမီးလေး ပျော်ရွှင်ချမ်းမြေ့မှုတွေနဲ့ပဲ ထာဝရနေရပါတော့မယ်'

မမကို သူမ ကြောက်ရွံ့နေမိတာ ဘယ်သူမှမသိပေ။ အရွဲ့တိုက်တတ်သော မမပါ။ သူမစိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေမိသည်။ ရင်ထဲမှာ လေးလံနေသလိုပင်။ ညှော်ခံပွဲအတွက် စိတ်ထဲမှာ ပျော်ရွှင်ကြည်နူးမှုတွေ ရှိမနေ။ စိုးရိမ်ထိတ်လန့်မှုတွေပဲ ရှိနေသည်။

'သွားစို့ သမီးလေး'

'ခရေစံလိုက်ဖို့ လိုသေးလို့လား မေမေ'

'လိုတာပေါ့၊ သမီးလေးအတွေ့အကြုံရပြီး လူတောထဲတိုးဝင်မှုရှိသွားအောင် လေ့ကျင့်ပေးမလို့'

ကြောက်ရွံ့ထိတ်လန့်နေသော ခရေစံလေးကို အရာရာ ရင်ဆိုင်တတ်စေရန် အလိုအပ်ဆုံးဖြစ်သည်။ ဒေါ်ခင်ခင်က ချွေးမကို လေ့ကျင့်ပေးနေခြင်း၊ ပြီးတော့ ပင်တိုင်စံ အနိုင်ကျင့်တာ





ခံရဖို့ အိမ်ထဲက အိမ်ပြင်မထွက်သော မိန်းကလေးတစ်ယောက် ...မနေစေလိုတော့ပေ။

'အေမိ သမီးလေးကို ခဏခေါ်သွားမယ်နော်'

'ခေါ်သွားလေ'

ဒေါ်အေမိစံကတော့ သမီးကြီး ပင်တိုင်စံကို ဖျောင်းဖျ...မည် ဖြစ်သည်။

'ခင်က သမီးလေးကြောက်နေမှာ စိုးတယ်၊ ဒါကြောင့် ...တွေကြားထဲကို တမင်ခေါ်ထုတ်သွားတာလေ'

'အေမိအမှားတွေပါ ခင်၊ သမီးလေးကို အခုလို ကြင်နာ...ယမယ့် ခင်ရှိနေတော့ အေမိ စိတ်ချမ်းသာရတယ်'

သမီးကြီး ပင်တိုင်စံအတွက်ပဲ ဒေါ်အေမိစံ စိတ်ညစ်နေ...သည်။ လူသတ်တော့မယ့်အတိုင်းပဲ။ သမီးလေး မင်္ဂလာညှော်ခံပွဲ ...ပ်လျှင် ဟန့်မပျက်တက်ရောက်ရန် ပြောရဦးမည်ဖြစ်သည်။ ...ာင်းပန်ခယရင်း ဒေါ်ခင်ခင်တို့ ထွက်သွားကြ၏။ သမီးလေး ...ပေါ် ငယ်စဉ်ကလေးကပင် ခင်ခင်က သံယောဇဉ်ကြီးသည်။ ...းပေးနှစ်သိမ့်မှုတွေ ပေးခဲ့ကြ၏။ စိတ်အားငယ်နေတဲ့ သမီး...းကို ချစ်ကြတဲ့သူတွေပါ။

ဒေါ်အေမိစံ နောင်တတွေနှင့်အတူ သမီးလေးအနာဂတ် ...တွက် စိတ်အေးသွားမိသလို ဖြစ်ရ၏။ သမီးကြီးကိုတော့ ...ောင်းဖျရမည်။ မင်္ဂလာညှော်ခံပွဲ ကိစ္စပြီးရင်တော့ စိတ်အေးရပြီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ မောင်ပြည့်လွန်းနှင့် သမီးလေးတို့က သီးသန့်နေကြ
မည်ဖြစ်၍ သမီးကြီးနှင့် ဝေးသွားမှာပဲဖြစ်သည်။

သမီးလေးကို ကားပေါ်အထိ လိုက်ပို့ပြီး ဒေါ်အေမီး
တိုက်ထဲဝင်လာမိသည်။ သမီးကြီးအိပ်ခန်းထဲဝင်ပြီး ဖျောင်းဖျ
စကားတွေ ပြောနေရပြီ။ လူကြီးလူကောင်းပီသပါလို့။

'မပူပါနဲ့ မာမီ၊ သမီး ဒီမင်္ဂလာဆွေခံပွဲကို တက်မှာပ
စိတ်ချ'

ဒေါ်အေမီစံ နည်းနည်းတော့ စိတ်မောသက်သာသွား
သည်။

□ □ □



## အခန်း (၁၆)

ဖုန်းဝင်လာသည်။

ဖေဖေနှင့် မေမေတို့ ကားအက်ဆီးဒင့်ဖြစ်လို့တဲ့ သူ
ိုက်သွားသည်။ ဆေးရုံမှာတော့ အန်တီအေမီစံကို တွေ့ရ၏။

'မောင်ပြည့်လွန်းရယ်၊ ဘာတွေဖြစ်ကုန်ပြီလဲဆိုတာ မသိ
ောပါဘူး၊ အန်တီစံ မျက်စိအောက်တွင် သူတို့ထွက်သွားကြတာ
ခုတော့'

'ဘယ်သူတွေ ဘာတွေဖြစ်ကြသေးလဲ အန်တီစံ'

'ကိုအောင်လတ်နဲ့ ခင်ခင်တော့ ဆုံးပြီ၊ သမီးလေးတော့
က်ရာရထားတယ်၊ ခုထိ သတိမရသေးဘူးကွယ်'

'ဗျာ'

ဖေဖေနှင့် မေမေ ဆုံးသွားကြပြီတဲ့။ လုံးဝ မထင်မှတ်တဲ့
ရပဲ။ ကံကြမ္မာတွေက ဘာတွေလဲ၊ အပြောင်းအလဲတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ကြီးပဲ မြန်ဆန်သွားရလား။ ကားကို မေမေမောင်းသွားတာတဲ့။ မေမေသည် ကားမောင်းကျွမ်းကျင်ကာ သတိထားသူဖြစ်သည်။ ဖေဖေ့ကိုပင် မမောင်းစေပါ။ ဘယ်လို ဖြစ်သွားရတာလဲ။

'ဘယ်လိုဖြစ်တာလဲ၊ အန်တီအေမီ ပြောပါဦး'

'မသိပါဘူးကွယ်၊ သမီးလေးကို ခေါ်ပြီး ပစ္စည်းတွေသွားဝယ်တာပဲ'

'ဖြစ်မှဖြစ်ရလေဗျာ'

အဖြစ်အပျက်တွေအားလုံးက မယုံကြည်နိုင်အောင် ဖြစ်သည်။ ပြည့်လွှန်းပင် လက်မခံနိုင်သေး။ ဖေဖေနှင့် မေမေတို့ မရှိကြတော့ဘူး ဆုံးပြီတဲ့။ သားရဲ့မင်္ဂလာပွဲကိုတောင် ပြီးဆုံးအောင် ဆောင်ရွက်ပေးနိုင်စွမ်း မရှိကြ။ အသက်ကင်းမဲ့နေသည်။ ပြည့်လွှန်းနှလုံးသားတွေထဲမှာ အစားထိုး၍မရသော ကြေကွဲထိခိုက်မှုတွေသာ ခံစားနေရတော့သည်။

'ဖေဖေနှင့်မေမေ မိဘတွေ စကားနားထောင်ဖို့ ကြိုးစားခဲ့ပါတယ်၊ လုံးဝဆန့်ကျင်ခြင်း မရှိပါဘူးနော်၊ သား တာဝန်ကျေပါတယ်'

ဖေဖေနှင့်မေမေသည် ချိုးဝါးသောက်ကြမ္မာကို ရင်ဆိုင်ပြီး သေဆုံးသွားကြသည်။ ခရေစံနှင့် လက်ထပ်ဖို့ စီစဉ်ရင်း ဖြစ်ရတာပါ။ မင်း ဂြိုဟ်မွှေလို့ပဲ ခရေစံ၊ မင်းကြောင့် ခရေစံအ





တွက် သူ့မိဘတွေ စိတ်သောကများခဲ့ကြသည်။ အနှိမ်ခံမလေးဆိုပြီး သူနှင့် လက်ထပ်ဖို့ စိတ်မောလူမော ဖြစ်ခဲ့ရ၏။ မေမေစိတ်တွေများပြီး ခြေချော်လက်ချော် ဖြစ်သွားရတာပဲ ဖြစ်နိုင်သည်။

'ခရေစံ အဲဒါ မင်းကြောင့် မင်းဂြိုဟ်မွှေလို့'

'မောင်ပြည့်လွှန်း သမီးလေးကို အဲဒီလို မပြောဝါနဲ့ကွယ်၊ အခု သတိတောင် မရသေးဘူး သေမလား ရှင်မလားပဲ'

အန်တီအေမီကို အားနာ၍ ဆက်မပြောတော့ပေ။ ဒါပေမဲ့ မိဘတွေအတွက် သူ့စိတ်ထဲမှာတော့ ခရေစံအပေါ် အခဲမကျေပိ။ ဂြိုဟ်မလေး၊ နင့်ကြောင့်ပဲ။ သူမနှင့် လက်ထပ်ဖို့ စီစဉ်ကတည်းက ဘာတစ်ခုမှ အဆင်မပြေခဲ့။ ပြဿနာတွေနှင့် ရှုပ်ထွေးနေသည်။ စိတ်အနှောင့်အယှက်တွေ ကြီးစွာ ဖြစ်ရသည်။ မိဘတွေ သေဆုံးသွားတဲ့အထိ ပြဿနာတွေဆက်တိုက်ဖြစ်နေ၏။ ခွင့်မလွှတ်နိုင်ဘူးကွ။

မင်းကြောင့်ပဲ။ ခရေစံထံ သူ လုံးဝသွားမကြည့်။ ဖြစ်ချင်ရာဖြစ်။ ခက်နေတာက နှစ်ရက်လောက်ပဲ လိုတော့သည့် မင်္ဂလာဧည့်ခံပွဲအတွက်ပင်။ ဧည့်သည်တွေကို ဖိတ်ထားပြီးပြီဖြစ်၍ ဖိတ်ပင်တားဆီးဖို့ အချိန်မရှိ။

သတို့သမီးက ဆေးရုံမှာ။ သူ့ဘက်မှ လိုက်ပါမည့် မိဘတွေလည်း မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



'မင်္ဂလာဆောင်ခံပွဲအတွက် ဘယ်လိုလုပ်ကြမလဲ အန်တီ'

မင်္ဂလာဆောင်ခံပွဲ အစီအစဉ် ရွှေ့ဆိုင်းကြောင်းပြောလျှင် အချိန်က မမီတော့။ နီးကပ်နေပြီ ဖြစ်သည်။

'စံ ရှိတာပဲ ပြည့်လွန်း'

ပင်တိုင်စံအတွက် အကွက်ဝင်သွားရပြီဖြစ်သည်။

'ကိုယ် ဘာလုပ်ရမှာလဲ စံ'

'သတို့သမီးနေရာ ဝင်ပေးလို့ရတာပဲ'

'ဟင်'

သမီးလေးအသက်ထင်ရှား ရှိနေပါလျက်နှင့် သတို့သမီး နေရာအစားထိုးဖို့ သမီးကြီးက ဝင်ပြောသည်။ သမီးကြီးစကားကို အထိတ်တလန့်ဖြစ်သွားမိသူက ဒေါ်အေးမီစံပင်။ ကြည့်စမ်း ရက်စက်လွန်းသည်။ သတို့သမီးနေရာ ဖွတ်အတင်းဝင်ဖို့ ကြံစည်နေသည်။ မဖြစ်နိုင်ဘူး။ လက်မခံနိုင်ဘူး။ သမီးလေးပဲ ဖြစ်ရမယ်။ လူကြီးတွေဆန္ဒပဲ။ မောင်ပြည့်လွန်းနှင့် သမီးလေးသာ တရားဝင် လက်ထပ်ရမယ်။

'သတို့သမီး ဘယ်သူလဲဆိုတာ သိပ်သိကြတာမှ မဟုတ်ဘဲ၊ စံဝင်ပြောတာ ဘာပြဿနာမှ မရှိနိုင်ပါဘူးနော် ပြည့်လွန်း'

ပြည့်လွန်းအတွက်ကတော့ ဆုပ်လည်းစူး၊ စားလည်းရှူး ဖြစ်နေရသည်။ ရင်ထဲမှာ မီးတောက်နေပြီ။ မင်္ဂလာဆောင်ခံပွဲက ရွှေ့ပစ်လို့ မဖြစ်အောင် နီးကပ်နေ၏။ ဧည့်ပရိသတ်က လာကြ





မှာပါ။ ဖြစ်သလို လုပ်ရမှာပဲ။ စံက ဝင်မယ်တဲ့၊ ပင်တိုင်စံ ဝင်လည်းကောင်းတယ်။ သူ လက်ထပ်သင့်တဲ့ မိန်းကလေးက ပင်တိုင်စံပဲဖြစ်သည်။ ကံကြမ္မာတွေက ဖေးမကူညီပြီး ခရေစံနဲ့ ခွဲဖယ်ပစ်တာပဲ။

'ကောင်းတယ် စံ သတို့သမီးနေရာ မင်းပဲဝင်ပါ'

ဒေါ်အေးမီစံ ဘာမှ ဝင်မပြောသာဘဲ ဖြစ်နေရသည်။ သမီးကြီးရဲ့ ရန်လိုမှုကို ခံရဦးမည်ဖြစ်၏။ နေကြပါစေ။ မောင်ပြည့်လွန်းက လက်ခံလိုက်သဖြင့် ပြောပိုင်ခွင့် မရှိတော့ပေ။ ကံဆိုးရှာတဲ့ သမီးလေး အနားမှာပဲ မိမိနေလိုက်သည်။

'မာမီ'

'ဟင်'

'ခရေစံကတော့ သူ့ကံနဲ့သူပဲ၊ အမှန်တကယ်လည်း သတို့သမီးနေရာက သမီးပဲ ဖြစ်သင့်တာပါ'

ပင်တိုင်စံနှင့် အတိုက်အခံ မပြောလိုတော့ပေ။ မောင်ပြည့်လွန်း ကျေနပ်ရင် ပြီးတာပါပဲလေ။ မိမိနှင့် သမီးလေးဘက်မှ ရပ်တည်ပေးကြမည့် သူတွေလည်း သေဆုံးကုန်ကြပြီပဲ မဟုတ်လား။

'မောင်ပြည့်လွန်း သဘောကျသာ စီစဉ်လိုက်ပါတော့ကွယ်'

ဒေါ်အေးမီစံ သမီးလေးအနားမှာပဲ စောင့်ကြည့်နေမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မင်္ဂလာပွဲမှာ မိမိမရှိပေ။ ပင်တိုင်စံကတော့ လာ၍

မကြည့်။

မင်္ဂလာပွဲညစ်ခံပွဲအတွက် ပြင်ဆင်နေတော့သည်။ ညည့်မှာ ဒီလောက်အထိ အကြင်နာကင်းမဲ့ပြီး ရက်စက်တဲ့နှလုံးသားတွေ ရှိလိမ့်မယ်လို့ မာမီမထင်မိဘူး ပင်တိုင်စံ။ ငါ့အမှားတွေပဲ အမိပွာယ်မရှိလိုက်တာ။ ယဉ်ကျေးလိမ္မာတဲ့ သမီးတစ်ယောက်ဖြစ်အောင် ငါမဆုံးမခဲ့မိဘူး။

မိခင်ကိုတောင် အရေးမလုပ်ခဲ့။

သမီးလေး ခရေစံရယ်။ မာမီ ဘယ်လိုမှ မဖြေနိုင်အောင် ခံစားနေရပါပြီကွယ်။ သမီးလေး သတိရလာသည်။

'ဒေါက်တာ သမီးလေးအခြေအနေ'

'ဘာမှတော့ မစိုးရိမ်ရတော့ပါဘူး၊ ခေါင်းမှာ ထိသွားတာပဲ ရှိတယ်၊ အခုတော့ အားလုံးချုပ်ပြီးပါပြီ၊ အခြေအနေကောင်းပါတယ်'

သမီးလေးခေါင်းမှာ ဒဏ်ရာရသွားပြီး ပွန်းပဲ့ ဒဏ်ရာတွေလောက်ပဲရှိသည်။ ဒဏ်ရာ အကြီးအမားမရှိ။ သတိရလာတော့ မောင်ပြည့်လွန်း မိဘတွေကို မေးပြီး ကြောက်လန့်ကာနေသည်။

'သမီးလေး'

'ဟင်'





'သက်သာလားဟင်၊ သမီးလေး သတိရလာပြီနော် သမီးလေး… သမီးလေး'

ခရေစံ မျက်ခွံလေးတွေက တဖြည်းဖြည်း ပွင့်လာသည်။ စတင်၍ မြင်တွေ့လိုက်ရသူက မာမီဖြစ်သည်။

'ဟင်… မာမီ'

'အား'

'သမီးလေး ခေါင်းမှာ ဒဏ်ရာရထားတယ်၊ မထနဲ့ဦးလေ'

ခေါင်းမှာ ဒဏ်ရာရထားကြောင်း သူမ အသိဝင်လာသည်။ တုန်လှုပ်ခြောက်ခြားစရာကောင်းတဲ့ အဖြစ်အပျက်တွေ။ ဘာတွေ ဖြစ်ကုန်မှန်းပင် မသိ။ အဖြစ်အပျက်တွေက အလွန်လျင်မြန်သွား၍ ဖြစ်သည်။

'မာမီ'

'သမီးလေး'

'အန်ကယ်လတ်နဲ့ အန်တီခင်တို့ရောဟင် သမီးကို ပြောစမ်းပါ၊ ဖေဖေနှင့် မေမေဘာမှ မဖြစ်ကြဘူး မဟုတ်လား'

ဒေါ်အေမိစံ ဘယ်လိုပြောရမှန်းပင် မသိတော့။ သမီးလေး သတိရတဲ့အချိန်တွင် အသုဘကိစ္စပင် စီစဉ်နေကြပြီဖြစ်သည်။

'ပြောလေ မာမီ'



www.burmeseclassic.com

www.burmeseclassic.com



'စိတ်မကောင်းတော့ မဖြစ်ပါနဲ့ သမီးလေးရယ်၊ သင်္ခါရ သဘောအတိုင်းပဲပေါ့၊ ကိုနောင်လတ်နဲ့ ခင်ခင်တို့ ဆုံးသွားပြီ ကွယ်'

'ဟင်'

မာမီထံမှ ကြားလိုက်ရတဲ့စကားကြောင့် သူမတုန်လှုပ် ချောက်ချားစွာဖြင့် ကြည့်လိုက်မိတော့သည်။

မဖြစ်နိုင်ဘူး။ မဖြစ်နိုင်ဘူး။ အဲဒါ လုံးဝမဖြစ်နိုင်တာပဲ။

'မာမီ မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး သမီး မယုံဘူး'

'ယုံပါ သမီးလေးရယ်၊ တကယ်ပဲ ကိုနောင်လတ်နဲ့ ခင်ခင်တို့ ဆုံးသွားကြရှာပြီ'

ခရေစံ ဘယ်လိုမှ မဖြေနိုင်ဘဲ ကြေကွဲစွာ ငိုချပစ်လိုက် မိသည်။ ကံကြမ္မာကလည်း ဆိုးလိုက်တာ။ သူမ ဘာဆက်လုပ်ရ တော့မလဲ။ မကြာခင်မှာ ကိုကိုနှင့် သူမတို့ရဲ့ မင်္ဂလာဧည့်ခံပွဲက ရှိနေသည်။ ဘာလို့ ဒီလိုဖြစ်ရတာလဲ။ အခြေအနေတွေက မယုံနိုင် အောင်ပါပဲလား။

'မာမီ မင်္ဂလာဧည့်ခံပွဲအတွက် ဘယ်လိုလုပ်ကြမလဲ ဟင်'

'မင်္ဂလာပွဲကိစ္စ သမီးလေးခေါင်းထဲမှာ မထည့်ပါနဲ့ကွယ်၊ သူ့ဟာသူ ဖြစ်သွားလိမ့်မယ်၊ အရေးကြီးတာက သမီးလေး ကျန်း မာဖို့ပါပဲ'





သတို့သမီးနေရာ သမီးကြီး ဝင်မည်ဖြစ်ကြောင်း သမီး လေးကို အသိမပေးချင်။ သမီးငယ်အား စိတ်မထိခိုက်စေလို။ သမီးလေးကို ဖျောင်းဖျဖို့ပဲ ဒေါ်အေမီစံ ဆုံးဖြတ်ထားသည်။

'ကိုကိုရော မာမီ၊ သူ့မိဘတွေအတွက် သိပ်ပြီး စိတ်ထိ ခိုက်နေမှာပဲ၊ သမီးကို အပြစ်တွေ တင်နေပြီလား'

ခရေစံစိတ်ထဲမှာ ကိုကို့အတွက်ပဲ ပူလောင်သောကတွေ တိုးဝင်လာကာ ဆောက်တည်ရာမရအောင် ဖြစ်ရသည်။

'သမီးလေး ဘာမှမတွေးပါနဲ့၊ အရာအားလုံး ကံတရား ပေါ်မှာပဲ ပုံချထားလိုက်ကွယ်'

ကိုကိုရယ်၊ ရှင် ကျွန်မကို လာပြီးတောင် မကြည့်တော့ ဘူးနော်။ သူ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ လိမ့်ဆင်းကျလာ သည်။

ကိုကို နာကြည်းနေမှာပါ။ မမရော။ ကျွန်မထံ ရောက်မ လာဘူး။ ညီမအရင်းခေါက်ခေါက်ဖြစ်ပါလျက် ရက်စက်လွန်း သည်။

'မင်္ဂလာပွဲပျက်ပြီပေါ့နော် မာမီ'

'သမီးလေး ခရေစံကလွဲပြီး ဘယ်မိန်းကလေးကိုမှ ချွေး မအဖြစ် လက်မခံနိုင်ဘူး၊ ဒီလက်ထပ်ပွဲကို မေမေ လုံးဝအပျက် မခံနိုင်ဘူးဆို ခရေစံ'

သူမအပေါ် ချစ်ကြင်နာမှုတွေ ပေးကြတဲ့ ဦးနောင်လတ်

www.burmeseclassic.com



နှင့် ဒေါ်ခင်ခင် မရှိတော့။ ဆုံးသွားကြပြီတဲ့။ ကြေကွဲဝမ်းနည်းမှုတွေက အတိုင်းအဆမရှိအောင်ပင်။

'ဘယ်တတ်နိုင်မလဲ သမီးလေးရယ်၊ ကံကြမ္မာက ဒီအတိုင်းပဲ ဖန်တီးလာပြီပဲဟာ'

ဒေါ်အေးမိစံကတော့ သမီးလေးကို အားပေးနှစ်သိမ့်နေမိသည်။ အလှည့်အပြောင်းကို လက်ခံပါ။ ညည်းဘဝမှာ စိတ်ထိခိုက်ကြေကွဲစရာတွေနဲ့ပဲ အမြဲတမ်းကြုံတွေ့နေရတာပဲ သမီးငယ်ရယ်။

'သမီးလေးအတွက် မာမီ စိတ်မကောင်းပါဘူး၊ သမီးလေးဘဝမှာ အခက်အခဲ ဒုက္ခတွေနဲ့ ရင်ဆိုင်နေရတာ မာမီကြောင့်ပဲ၊ မာမီတောင်းပန်ပါတယ်ကွယ်'

'ဟင့်အင်း၊ မာမီကြောင့် မဟုတ်ပါဘူး၊ သမီး ကံကြမ္မာကြောင့်ပါ၊ ဘယ်သူ့ကိုမှ အပြစ်မတင်ပါဘူး မာမီရယ်'

'ဒါဆို သမီးလေး စိတ်အားကိုတင်းပါ၊ ရင်ဆိုင်ရမယ့်အခက်အခဲတွေအားလုံး ရင်ဆိုင်နိုင်အောင် သတ္တိတွေမွေးပါ၊ ကြေကွဲဝမ်းနည်းစရာအကြောင်းတွေကို မစဉ်းစားပါနဲ့နော်'

နောက်ဆုံးအနေနှင့် ကျေးဇူးရှင် အန်ကယ်လတ်နှင့် အန်တီခင်ခင်ကို တွေ့ချင်မိ၏။ သူမ တောင်းဆိုမိသည်။

'သမီး သက်သာနေပြီပဲ၊ မာမီ ဆေးရုံက ဆင်းလို့ရပြီလားဟင်'





'တစ်ပတ်လောက်တော့ နေရဦးမယ်လို့ ပြောတယ် သမီးလေး'

'အန်ကယ်နဲ့ အန်တီတို့ရဲ့ နောက်ဆုံးခရီးကို သမီးလေး လိုက်ပို့ပါရစေနော်'

ဒေါ်အေးမိစံကတော့ ကြေကွဲထိခိုက်မှုတွေနှင့်ထပ်၍ မဆုံစေချင်တော့။ နောက်တစ်နေ့တွင် အသုဘကိစ္စ စီစဉ်မည်ဖြစ်သည်။ တကယ်တော့ သမီးလေး ဆေးရုံမှ ဆင်း၍ရနေပြီဖြစ်သည်။ ဒါပေမဲ့ မိမိက မဆင်းသေးပေ။ စိတ်သောကရောက်စရာတွေနှင့် ရင်မဆိုင်စေလို၍ပဲ ဖြစ်သည်။ သနားလိုက်တာကွယ်၊ မောင်ပြည့်လွှမ်းနှင့် မင်္ဂလာဧည့်ခံပွဲမှာ အတူယှဉ်တွဲဧည့်ခံကြမည်ဖြစ်သည့် သတို့သမီးနေရာကို သမီးကြီးပင်တိုင်စံက ရယူတော့မည် မဟုတ်လား။ ဘယ်လိုလုပ်ရမလဲ။ သမီးလေးအတွက် စိတ်ထိခိုက်လို့ မဆုံးနိုင်ပေ။

'သမီးခေါင်းမှာ ဒဏ်ရာနဲ့မို့ လောလောဆယ် အနားယူရမယ်တဲ့၊ ဆရာဝန်ကိုယ်တိုင်က ခွင့်မပြုဘူးကွယ်'

ဘယ်အရာမဆို အတင်းအကျပ်မလုပ်တတ်သော သမီးလေး ခရေစံသည် မိခင်စကားအတိုင်းပဲ ဖြစ်စေသည်။ အတင်းအကျပ် တောင်းဆိုခြင်း မပြုတော့ပေ။

'စိတ်ကို အနားပေးလိုက်ပါတော့ သမီးလေးရယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးခရေစံသည် ဆေးရုံမှဆင်းလျှင် ရင်ဆိုင်ရမည် ဖြစ်သည်။ ဘယ်လောက်ကြေကွဲရှာမလဲ။ ကာကွယ်စောင့်ရှောက် ပေးမည့် ကိုနောင်လတ်နှင့် ဒေါ်ခင်ခင်လည်း မရှိတော့။ ရက်စက် မှုတွေပဲ ရှိသည်။ ညည်းအခက်အခဲတွေ စိတ်သောကဖိစီးမှုတွေနဲ့ ရင်ဆိုင်ရဦးမှာပါ။ သမီးလေးရယ်။ မာမီဘာမှ မတတ်နိုင်ဘူး။ ဒီအတိုင်းကြည့်နေရမယ်။ သမီးလေးဘဝအတွက် တာဝန်ကျေ အောင် ဆောင်ရွက်ပေးနိုင်စွမ်း ရှိပါ့မလားဟု ဒေါ်အေမီစံ မိမိ ကိုယ်မိမိ သံသယဝင်နေမိသည်။

□ □ □



## အခန်း (၁၇)

ပင်တိုင်စံအတွက် အောင်ပွဲပင်။

သတို့သမီးနေရာကို သူမ အရယူနိုင်ပြီဖြစ်သည်။ သူမ နှုတ်ခမ်းသားတွေပေါ်မှာ ကျေနပ်ပီတိတွေ တင်ကျန်နေ၏။ အရာ ရာ ပင်တိုင်စံ အတွက်ပဲလေ။

သတို့သမီး ပြောင်းလဲမှုအတွက် အကြောင်းသိတွေပဲ တအံ့တသြဖြစ်ကြသည်။ ပြည့်လွန်းကတော့ မတုန်မလှုပ် ကျောက်ရုပ်ကဲ့သို့ ဖြစ်နေသည်။ အရေးကြီးတာက သူ့ကို ရယူ ဖို့ပဲ။

ပြည့်လွန်းလက်တွေကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိ သည်။ သူမပိုင်ပြီ။ ဦးနောင်လတ်နဲ့ ဒေါ်ခင်ခင်တို့ ဘာတတ်နိုင် သေးလဲ၊ ခရေစံရော ဘာတတ်နိုင်တော့မှာလဲ၊ ပြည့်လွန်းဇနီးက ပင်တိုင်စံပဲ။



www.burmeseclassic.com

www.burmeseclassic.com



နင် မဟုတ်တော့ဘူး ခရေစံ။ ပင်တိုင်စံဟာ ကိုယ်လို ချင်ရာတစ်ခုကို ရအောင်ယူတတ်တယ်။ ပြည့်လွန်းကတော့ မိဘ တွေစကားကို မပယ်ရှားချင်ပေ။

'ကျွန်မကို ရှင့်မိန်းမအဖြစ် ပတ်ဝန်းကျင်က အသိအမှတ် ပြုလိုက်ကြတော့မယ်နော်'

သူ ဘာတွေဖြစ်ပြီး ခရေစံကိုပဲ သတိရနေတာလဲ။ အမှန်တကယ် လက်ထပ်ချင်တာက ပင်တိုင်စံပဲဖြစ်သည်။ ခရေစံ ကို မဟုတ်။

'ကို'

'ဟင်'

'ရှင် ဘာတွေ တွေဝေနေတာလဲ'

'ခရေစံက ကိုယ့်ကို ဘာပြောမလဲလို့'

'ကျွန်မတို့နှစ်ယောက်ရဲ့ဖူးစာပဲ ကိုယ်၊ ခရေစံက ရှင့်ဇနီး မယားအဖြစ် မတန်လို့ ဖြစ်မှာပဲ'

ပင်တိုင်စံပြောတာလည်း အမှန်တွေပဲ ဖြစ်နိုင်သည်။ ဖေဖေနှင့် မေမေ ရုတ်တရက် သေဆုံးသွားရ၏။ ခရေစံ ဒဏ်ရာ ရသွားသည်။ စံနှင့် ဆုံဆည်းဖို့ ကံတရားတွေပဲလား။

'မာမီကတော့ ဘာမှမပြောမှာ မဟုတ်ဘူး ကို၊ သူ့သမီး ကြီးပဲဟာ၊ ခရေစံကလည်း ရှင့်ကို မလွဲမရှောင်သာလို့ လက်ထပ် ရမှာပါ'





ခရေစံသည် ဆေးရုံမှာ ရှိနေဆဲပင် ဖြစ်သည်။ သူ သွားမကြည့်။ နာကြည်းနေသည်။ ဒီမိန်းမကို သူ့စိတ်တွေထဲမှာ မုန်းတီးနာကြည်းနေမိသည်။

'ကို'

'ဟင်'

'ခရေစံအကြောင်းတွေ ရှင်တွေးနေတာလား'

'မတွေးပါဘူး'

'မေ့လိုက်နော်'

'ကိုယ် ရွေးချယ်ထားတဲ့ ဇနီးမယားက မင်းပါ စံ'

'ကိုရယ်'

သူမအတွက် အရာအားလုံးပြည့်စုံသွားပြီဟု ထင်မိ သည်။ ပျော်ရွှင်လွန်း၍ ခုန်ပေါက်ချင်သည်။ ကိုယ်က ကျွန်မကို ရွေးချယ်ထားတာပါပဲ။ သူမကိုယ်လုံးလေးက ကိုယ့်ရင်ခွင်ထဲ တိုးဝင်သွားသည်။ ကိုယ့်ရဲ့ အကြင်နာတွေကို ကျွန်မ မျှော်လင့် နေမိ၏။

'ဒါ… ဒါပေမဲ့ စံရယ်'

'စိတ်ညစ်စရာတွေ အားလုံး မေ့ပစ်လိုက်ပါ ကို၊ ကျွန်မ တို့ ပျော်ပျော်ရွှင်ရွှင် နေကြရအောင်နော်'

သူမ မြူးြွှယ်သော်လည်း ကိုယ်ကမလှုပ်။ ခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



ခါရမ်းပစ်သည်။ ရှင် ဘာဖြစ်လို့ ဒီလောက်တောင် သတ္တိတွေ ကြောင်နေရတာလဲ။

အချစ်ကို ရှင်မခံစားတတ်ဘူးလား။ လှပတိတ်ဆိတ်တဲ့ ခြံလေးတစ်ခြံထဲမှာ တိုက်လေးတစ်လုံး။ ပြည့်လွန်း လက်ထပ် လိုတဲ့သူက သူမ။

ချစ်သူနှစ်ယောက်တည်း ရှိနေတဲ့ အချိန်တွေ ဖြစ်သည်

'ကို'

'ဟင်'

'ရှင့်စိတ်ထဲမှာ ခရေစံပဲ ရှိနေတယ်'

'မဟုတ်ဘူး စံ၊ ကိုယ့်မိဘတွေအတွက် ကိုယ် ခံစားနေ တယ်'

သူ့အတွေးထဲမှာ မိဘတွေရဲ့ အသုဘကိစ္စပဲ ရှိနေသည်။ ပြည့်လွန်းရွေးချယ်တဲ့ သတို့သမီးက ပင်တိုင်စံပါပဲ။ လောလော ဆယ်တော့ မဟုတ်။

ခရေစံက ရှိနေသေးသည်။ ဒီခြံနှင့် တိုက်ပင် ခရေစံ နာမည်နှင့် မေမေက လွှဲပြောင်းပေးထား၏။

'ကိုယ့်ကို နားလည်ပါ စံ၊ အသုဘအိမ်မှာ ကိုယ်ရှိနေ သင့်တယ်'

'ဒါဆို စံလည်း လိုက်ခဲ့မယ်'





'မဖြစ်သေးဘူး စံ၊ ခေါင်းအေးအေးထားပြီး ကိစ္စတွေ ဆောင်ရွက်ကြမယ်နော် စံ'

'ရှင် ဘာသတ္တိကြောင်နေတာလဲ၊ ကျွန်မက ရှင့်ရဲ့ ဇနီး ဖြစ်တော့မယ့် လူတစ်ယောက်အဖြစ် လူပုံအလယ်မှာ လက်မ ထောင်ချင်တယ်'

သူမ၏ အမိန့်အာဏာအတိုင်းပဲ လုပ်ဆောင်ရမည်ဖြစ် သည်။ ပြည့်လွန်း တွေဝေနေတာ လက်မခံနိုင်။ ပြည့်လွန်း ခံ စားချက်က အရေးမကြီးပါဘူး။ သူမ ဆန္ဒအတိုင်းပဲ ဖြစ်စေရ မယ်။

ပင်တိုင်စံမှာ ငဲ့ညှာထောက်ထားတွေ မရှိဘူးနော်။ လူပုံ အလယ်မှာ ရှင့်ဇနီးလောင်းအဖြစ် ကျွန်မ မတ္တာပ်တိုင် တက်ပြရ မယ်။

'ကျွန်မ တစ်ယောက်တည်း ဒီမှာနေခဲ့ရမှာလား'

'စံကို ကိုယ်ပြန်ပို့ပေးထားမယ်လေ'

ပြည့်လွန်းသည် အရှက်အကြောက် ကြီးသောယောကျ်ား ဖြစ်သည်။

အတွက်တော့ မကြီးပေ၊ ဂုဏ်သိက္ခာနှင့် နာမည်ကို လွန်စွာ ထိန်းထားသူဖြစ်၏။

မင်္ဂလာပွဲတောင် မလွှဲသာလို့ လုပ်ရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



'ခရေစံနှင့် ရှင့်ကို သဘောတူထားတာ ဘယ်သူမှ မသိ ကြဘူးလေ၊ ကျွန်မနဲ့က ပတ်ဝန်းကျင်အားလုံး သိတော့မှာပဲ'

'စံ'

'ကျွန်မလိုက်တာ ရှင့်အတွက် ဘာဂုဏ်သိက္ခာ ကျစရာ ရှိလို့လဲ'

ဖေဖေနှင့် မေမေက စံကို သူ့ဇနီးမယားအဖြစ် အသိ အမှတ်ပြုကြတာ မဟုတ်၍ ခက်နေရသည်။ ပင်တိုင်စံနှင့် သူ့ကို တွဲလျက် မာမီတို့ သဘောကျပါ့မလား။

'ဖေဖေနှင့်မေမေ ဆန္ဒကို နောက်ဆုံးအနေနဲ့ ကိုယ်ဖြည့် စွမ်းပေးချင်လို့ပါ'

'ဘာ'

နေရာတကာ မိဘတွေဆန္ဒပဲ ပြောနေ၍ ပင်တိုင်စံ ဒေါ သဖြစ်သွားမိသည်။

'ရှင့်မိဘတွေက သေပြီပဲ၊ ဘာသိတော့မှာလဲလို့'

သူမ ဒေါသတကြီး အော်ဟစ်ပစ်လိုက်မိသည်အထိ ပေါက်ကွဲသွားသည်။ ပြည့်လွှန်းက ဆတ်ခနဲ မော့ကြည့်သည်။ ဘာဖြစ်လဲ ရှင်အသုံးမကျတဲ့ လူညံ့တစ်ယောက်ပဲ။

'ရှင့်မိဘတွေကို အကြောင်းပြပြီး ခရေစံအပေါ် မပြတ် သားနိုင်တာ မဟုတ်လား'





ပြည့်လွှန်းက သူမကို နားမလည်နိုင်သလို ကြည့်သည်။ ...င်း တဖြည်းဖြည်းကြမ်းတမ်းလာပြီ။ စံ ဘာတွေ ဖြစ်နေတာလဲ။ ...ာန်မဆောင်နိုင်။

သူ ပြောတာက ရှင်းသည်။ မေမေတို့၏ နောက်ဆုံး ...ရီးအထိ စိတ်ချမ်းသာစေချင်၏။ အရှက်တရားတွေလည်း ရှိသင့် သည်။

ပင်တိုင်စံကို သူ့ဇနီးလောင်းအဖြစ် မိဘတွေရဲ့ အသိုင်း ...ာ ရှိမနေသင့်ဟု သူထင်မြင်ထားမိသည်။ လက်မခံနိုင်တာက ...င်တိုင်စံ။

ခါးခါးသည်းသည်းပဲ။ ကိုယ့်အပေါ် နားလည်မှုပေးသင့် သည်ဟု ထင်မိသည်။

'ကိုယ့်ကို ဒီတစ်ခုတော့ လိုက်လျောပါတယ်နော် စံ၊ ...ရေစံနဲ့ ပြတ်ပြတ်သားသား ရှင်းပြီးရင် မင်းဆန္ဒတွေအတိုင်းပဲ ...ဖြစ်စေရပါ့မယ်'

'မရဘူး၊ ကျွန်မကို ခေါ်ထားဖို့ ရှင်မကြိုးစားနဲ့၊ အသို ...ာမှာ ကျွန်မရှိနေတာ ကျက်သရေမဲ့လို့လား ကိုယ်'

'ခက်တာပဲ စံရယ်'

ပင်တိုင်စံကို နားလည်သဘောပေါက်အောင် ဘယ်လို ...င်းပြရမှန်းပင် မသိ။ ခေါင်းမာလွန်းတာပါ။

မိဘတွေရဲ့ ရှာပနမှာ ပင်တိုင်စံက သာမန်ရှုံ့သည်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် အနေနဲ့ပဲ ရှိသင့်သည်။ သူ့ဇနီးလောင်းနေရာမှာ ရှိမနေသင့်ဟု ထင်မိ၏။

'ယှင့်အင်း ကျွန်မ လိုက်မယ်'

ပင်တိုင်စံကလည်း အရှုံးမပေးဖို့ ဆုံးဖြတ်ထားမိလိုက်သည်။ ပြည့်လွှန်း မိဘတွေ သေတော့ ပင်တိုင်စံ အရမ်းပျော်ရွှင်ဝမ်းသာနေတာ ဟန်ပင်မဆောင်နိုင်တော့ ပြည့်လွှန်းဆန္ဒကို မလိုက်ပါဘူး။ လိုက်သွားမယ်။ ကျွန်မက ရှင့်ဇနီးလောင်းပဲ။ တရားဝင်ဖြစ်အောင် သူမ ဆောင်ရွက်ပြရမည်ဖြစ်သည်။

'ကျွန်မကို လိုက်ခွင့်မပြုရင် ရှင်လဲ မသွားနဲ့'

'စံ'

'ကျွန်မအကြောင်းကို ကိုယ်သိတယ်နော်'

သူမရဲ့ ဆက်ဆံမှုတွေက တင်းမာလာသည်။

'မိဘတွေက သေပြီပဲ၊ ရှင်ကြောက်နေတာ အဓိပ္ပာယ်လုံးဝမရှိဘူး၊ ကိုယ် ကျွန်မလိုက်မှာပဲ'

ပင်တိုင်စံကို သူ ဘာမှ ဆက်မပြောလိုတော့ပေ။ သူထားရာနေ စေရာသွားမယ့် မိန်းမတစ်ယောက် မဟုတ်ဘူးဆိုတာ ပြည့်လွှန်းအစောကြီးကတည်းက သိထားသည်။

'ကျွန်မကို ထားခဲ့ဖို့တော့ ရှင် လုံးဝမစဉ်းစားနဲ့နော်ကို'

သူ ဘာမှ မပြောတော့ဘဲ ပင်တိုင်စံကိုပါ ခေါ်ခဲ့ရသည်။





မာမီအေမီစံလည်း လာ၏။ ဘာမှမပြောပေ။ သူ့အနေနှင့် ခရေစံသတင်းကို နည်းနည်းပါးပါး မေးသင့်သည်။

ဒါပေမဲ့ မမေးမိ။ ပင်တိုင်စံ မကျေနပ်မှာလည်း စိတ်ပူသေးသည်။ လူတွေ ရှိနေ၏။

ပြဿနာမတက်အောင် သူ ထိန်းသိမ်းနေရသည်။

'မာမီ'

'ပြောလေ မောင်ပြည့်လွှန်း'

'ပင်တိုင်စံက ကျွန်တော့်ရဲ့ ဇနီးလောင်းတစ်ယောက်အဖြစ် ရှုထုပရိသတ်ရှေ့မှာ ထုတ်ဖော်ပြသခဲ့ပြီ မဟုတ်လား'

'အင်း… ကောင်းပါတယ်၊ ခင်ခင်တို့မှ မရှိကြတော့ပဲ၊ မင်းဆန္ဒအတိုင်းပဲ လုပ်ပါကွယ်'

ဒေါ်အေမီစံအနေနှင့် တခြားပြောစရာစကား မရှိတော့။ သမီးကြီး အကြောင်းကိုလည်း သိသည်။ သူမ အနိုင်ရမှ။ မောင်ပြည့်လွှန်းကိုယ်တိုင်လည်း သမီးကြီးပင်တိုင်စံနှင့် လက်ထပ်ချင်နေတာပဲ မဟုတ်လား။ ဒင်းတို့ ဆန္ဒအတိုင်းသာ လုပ်ပါစေ။

'သမီးလေးနဲ့ စေ့စပ်ထားတော့ ဖျက်သိမ်းဖို့ အန်တီအေမီစဉ်းစားပေးပါ့မယ်၊ လောလောဆယ်တော့ မပြောချင်သေးဘူးကွယ်၊ စိတ်ချပါ၊ မင်းတို့ရဲ့ ပျော်ရွှင်မှုကို မနှောင့်ယှက်ပါဘူး၊ ပင်တိုင်စံကလည်း အန်တီအေမီရဲ့ သမီးကြီးပါပဲ'

ဒေါ်အေမီစံကတော့ ခင်ခင်တို့အတွက် ကြေကွဲလို့ မဆုံး



www.burmeseclassic.com

www.burmeseclassic.com



ပေ။ သူတို့မရွေးချယ်ခဲ့သော ချွေးမလောင်းသည် သူတို့သားနှင့် ယှဉ်တွဲကာ ချွေးမလောင်းနေရာ အခန့်သား ယူပစ်လိုက်နိုင်ပြီ ဖြစ်သည်။

ဒေါ်အေးမိစံရဲ့ သမီးကြီးပါပဲ။ တစ်လောကလုံးကို ဂရုမစိုက်တတ်သော ပင်တိုင်စံ ဖြစ်သည်။

'သမီး ဘယ်တော့မှ အရှုံးမပေးဘူး၊ အဲဒါ မာမီမှတ်ထားပါ၊ သမီးကို ချွေးမအဖြစ်မရွေးချယ်ကြတဲ့ လူတွေ တစ်နေ့ကျရင် သမီးဟာ သူတို့ချွေးမပဲ ဖြစ်စေရမယ်'

ပင်တိုင်စံရဲ့ ကြိမ်းဝါးမှုတွေကို ဒေါ်အေးမိစံကြားယောင်နေမိသည်။

အသုဘတွင် မောင်ပြည့်လွှမ်းနှင့်အတူ ပင်တိုင်စံပါ ဦးဆောင်၍ စီစဉ်နေ၏။ မျက်စိနောက်စရာ လူအများလာသော အသုဘတွင် ပင်တိုင်စံက မောင်ပြည့်လွှမ်းရဲ့ ဇနီးလောင်းအဖြစ် မဏ္ဍပ်တိုင် တက်ပြနေခဲ့သည်။ သမီးကြီးဟာ သိပ်ပြီး အတ္တကြီးလွန်းသည်ဟု ထင်မိ၏။ ညီမလေးအကြောင်းကို နည်းနည်းလေးမှ မမေးခဲ့။

အသုဘကိစ္စ ပြီးသည်နှင့် ဒေါ်အေးမိစံ ပြန်ထွက်လာခဲ့မိသည်။ လမ်းမှာ မျက်ရည်ကျသည်။ ခင်ခင်ရေ…။ မင်းကတော့ ငြိမ်းအေးသွားပြီ။ အေးမိပဲ သောကတွေ ဒုက္ခတွေ ရင်မှာပိုက်ပြီး ကျန်ခဲ့ရတယ်။ မောင်ပြည့်လွှမ်းကို မတားနိုင်တော့ဘူး။





သမီးလေးကို ဘာပြောရမလဲ။ ဘယ်လို အားပေးရမလဲ။ မောင်ပြည့်လွှမ်းနှင့် ကိစ္စကို ရပ်သိမ်းလိုက်ဖို့ပဲ ပြောရတော့မည် ဖြစ်သည်။ စိတ်ထိခိုက်လိုက်ရတာ သမီးလေး ကံဆိုးတယ်။ အတိတ်ကံပဲလား။ မှာမည်နဲ့လိုက်အောင် နိမ့်ကျတဲ့အကြွေခံဘဝ အနှင်းခံဘဝမှာပဲ ရပ်တည်နေရတော့မှာလားကွယ်။ ဒေါ်အေးမိစံ သမီးလေးခရေစံ ရှိနေတဲ့ ဆေးရုံသို့ ပြန်လာခဲ့မိသည်။

□ □ . □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

'ရှင်... ဘာဖြစ်လို့ ဒီမိန်းမကို ဂရုစိုက်နေရတာလဲ၊ ပြောစမ်း ရှင် ဘာကြောက်နေလဲ'

ပင်တိုင်စံ အသံတွေ၊ ဒေါသတွေနှင့် ပေါက်ကွဲနေရသည်။ ပြည့်လွှမ်းရှေ့မှာ ရပ်လိုက်၏။ အရူးတစ်ယောက်ကဲ့သို့ ဆောက်တည်ရာမရအောင် အော်ဟစ်နေသည်။ အရူးကောင်ပဲ၊ ပြည့်လွှမ်းစိတ်တွေက မတည်ငြိမ်ဟု သူမ ထင်မိပြန်သည်။ သူ့စိတ်က နောက်ပြန်ဆုတ်လိုသည်။ 'လာပြန်ပြီတစ်ယောက်။ ရှင်ရော။

ပင်တိုင်စံကို လက်မထပ်ချင်တော့ဘူး မဟုတ်လား။ တစ်တိုက်တည်းနေသည်။ အကြင်လင်မယားအဖြစ် အတူတကွ အထမြောက်စွာ နေထိုင်ကြခြင်း မရှိခဲ့ကြ။ သူမ စိတ်တွေကို အားမလို အားမရ ဖြစ်နေသည်။ ဒေါသတွေ ဖြစ်နေရင်း...

'ပြည့်လွှမ်း'





'ဟင်'

'နင် ခရေစံကို မပြတ်သားနိုင်ဘူး မဟုတ်လား ပြောလေ'

'ကိုယ် ပြောပြီးပြီပဲ၊ သူနဲ့ကိုယ်က တရားဝင် လက်ထပ်ထားဖို့ ဖေဖေနဲ့ မေမေက စီစဉ်ခဲ့တာလေ၊ လောလောဆယ် သူမှာ ဒုက္ခရောက်နေတယ်၊ အချိန်နည်းနည်းတော့ပေးပါ စံ'

'အချိန် ဘာအချိန်လဲ ကျွန်မမှာ လုပ်စရာအလုပ်တွေ အများကြီးရှိနေသေးတယ်၊ ရှင် ပြတ်ပြတ်သားသား လုပ်ပါ'

ပြည့်လွှမ်းစိတ်တွေက ဝေခွဲမရအောင်ဖြစ်နေသည်။ ပင်တိုင်စံကတော့ သူသဘောကျ ရွေးချယ်ချင်ခဲ့တဲ့ မိန်းမပဲ။ နည်းနည်းလေးတော့ ပြန်၍ စဉ်းစားရမည်။ ဖေဖေနှင့်မေမေက ရွေးချယ်ပေးတာ ခရေစံ ဖြစ်နေသည်။ တမလွန်မှာ ရှိနေလျှင် သူ့ကို ကြည့်နေကြမှာ မိဘရဲ့ ဆန္ဒကို ဆန့်ကျင်ပြီး ပျော်နေတဲ့ သားဟု ထင်ကြမှာပဲ။ ဘဝရဲ့ အရှုပ်အထွေးတစ်ခုအတွက် သူ ဖြေရှင်းဖို့ ခက်နေရ၏။ မိဘတွေဆန္ဒ အလေးအနက်ထားသင့်ပါတယ်။

ခရေစံ ဒုက္ခရနေသည်။ ဧည့်ခံပွဲက နီးနေသည်။ လက်ထပ်ပွဲ ဖျက်သိမ်းဖို့အတွက် ပြောဖို့ ခက်နေရတော့၏။

'ခရေစံကို ရှင် ရှင် မပြတ်သားနိုင်ဘူး မဟုတ်လား'

'စံ'



www.burmeseclassic.com

www.burmeseclassic.com



'ပြော'

'ပြဿနာတစ်ခုကို အေးအေးဆေး ဖြေရှင်းကြတာ အကောင်းဆုံးပဲ'

'ပြီးတော့ ဒီခြံနဲ့တိုက်ကိုလည်း ကိုယ့်မိဘတွေ ဆန္ဒအတိုင်း ခရေစ်ကိုပဲ ပေးလိုက်မယ်'

'မပေးရဘူး၊ သူတို့က သူ့ဇနီးမယားဖြစ်လာမယ့် သူကို ပေးတာပဲ'

ခရေစ် ချမ်းသာသွားတာကို ပင်တိုင်စံ မလိုလားပေ။ သူမထက် အမြဲတမ်း နိမ့်ကျနေရမည်ဖြစ်သည်။

'ခရေစ်ဟာ ဘယ်ပစ္စည်းမှ ထိန်းသိမ်းနိုင်မှာ မဟုတ်ဘူး၊ ကိုယ် ဘာမှ ပေးစရာလည်း မလိုဘူး'

'ကိုယ့်မိဘတွေရဲ့ ဆန္ဒအတိုင်း ကိုယ်ဆောင်ရွက်ချင်တယ် စံ'

ပင်တိုင်စံ မကျေနပ်ဆုံးက ပြည့်လွှန်းပြောနေတတ်တဲ့ မိဘတွေရဲ့ စကားကို မလွန်ဆန်နိုင်၍ဆိုတဲ့ စကားတွေပင်။

'ရှင့်မိဘတွေက သေပြီပဲ'

'စံ'

'စံက အမှန်တရားတွေကို ပြောပြတာပဲ ပြည့်လွှန်း၊ လောလောဆယ် ကိုနဲ့ ကျွန်မတို့အိမ်ထောင်ရေး တည်တံ့နိုင်မြဲဖို့ အဓိကထားပြီး ဆောင်ရွက်သင့်တယ်'





'ကိုယ့် မိဘတွေဆုံးတာ မကြာသေးဘူးလေ စံ'

ပင်တိုင်စံနှင့် ယှဉ်ပြိုင်ပြောရန်အတွက် အခက်ခဲဆုံးဖြစ်နေသည်။ ကြောက်စရာကောင်းအောင် ငြင်းဆန်သည်။ သူမသည် သူမ ဖြစ်ချင်တာတွေကိုပဲ ဇွတ်တရွတ် လုပ်တတ်သူဖြစ်သည်။

စီးပွားရေးလုပ်ငန်းကြီးတွေပင် ဦးဆောင်၍ လုပ်ဆောင်နေခဲ့သောသူဖြစ်၏။ လူတွေကို သူမ အလုပ်သမားတွေဟုပဲ ထင်မှတ်နေသည်။ ဘယ်သူ့အမိန့်ကိုမှ မနာခံတတ်။ ပြည့်လွှန်း စကားတွေကိုလည်း ပင်တိုင်စံက လက်မခံ။ အရှက်ခွဲဖို့လည်း ဝန်လေးမှာမဟုတ်။ ယောက်ျားသည် သူမအတွက်ကတော့ သိပ်ပြီး အသုံးကျမှာ မဟုတ်ပေ။

'ကို ဘယ်အကြောင်းအရာပဲမဆို ကျွန်မဆုံးဖြတ်တာပဲ ရှင်နာခံရမယ်၊ ရှင် ဘာဖြစ်လို့ ဒီလောက်တောင် တွေဝေနေရတာလဲ'

'လုပ်သင့်လုပ်ထိုက်တာကိုပဲ လုပ်ရမယ် စံ'

'မလုပ်နိုင်ဘူး၊ စံက ရှင့်ထက် လုပ်ငန်းကြီးတွေကို စီမံဆောင်ရွက်နေရတဲ့ သူပဲ ကို'

စံကတော့ ယောက်ျားအပေါ် အမြဲတမ်း အနိုင်ယူချင်တဲ့ မိန်းမဖြစ်သည်။ အခုကတည်းက လွှမ်းမိုးသွားပြီး ပြည့်လွှန်းရဲ့ တွေဝေတတ်တဲ့ စိတ်တွေကို ဖယ်ရှားပစ်ရမယ်။



www.burmeseclassic.com

www.burmeseclassic.com



'ခရေစံက ကျွန်မ ညီမပဲ၊ ကျွန်မအမေနဲ့ ကျွန်မညီမ တောင် ကျွန်မ အားမနာဘူး ကို၊ ရှင် အနေသာကြီးပါနော်'

ခေါင်းမာစွာ ဖွတ်တရွတ်နိုင်လွန်းတဲ့ မိန်းမဖြစ်သည်။ သူနှင့် ယှဉ်ပြိုင်ရမည့် မိန်းမကို ပြည့်လွန်း လက်ထပ်ယူလိုခဲ့၏။ ထက်ထက်မြက်မြက် မိန်းမ ဖြစ်စေရမည်။ သူမ ပင်တိုင်စံပဲ။ စီးပွားရေးလုပ်ငန်းတွေမှာ အအောင်မြင်ဆုံးဖြစ်နေသော မိန်းမ သည် ပင်တိုင်စံပဲ ဖြစ်နေတော့သည်။ ပြည့်လွန်း အစီအမံတွေကို ဘယ်တော့မှ လက်ခံမှာ မဟုတ်မှန်း တဖြည်းဖြည်း သိရှိသဘော ပေါက်လာရ၏။

'ပြည့်လွန်း'

'စံ'

'ရှင် ခရေစံနဲ့ ကိစ္စ ဖျက်သိမ်းဖို့ လိုလားတယ် မဟုတ်လား'

'အင်း'

'ကျွန်မ စီစဉ်မယ်'

ခရေစံနှင့် ပြည့်လွန်းတို့ကိစ္စ ဖျက်သိမ်းဖို့အတွက် သူမ ဆောင်ရွက်ရမည်ဖြစ်သည်။ အမွေတွေအားလုံးလည်း သူမပဲ အပိုင်စီးပစ်ရမည်ဖြစ်၏။ ပင်တိုင်စံကို အတ္တကြီးသည်ဟု ပြော တတ်ကြသည်။ ဘာဖြစ်လဲ။ ချမ်းသာဖို့ပဲ အဓိက။ သူမ စီးပွား ရေးလုပ်နေတာ ချမ်းသာဖို့ပဲ မဟုတ်လား။ တစ်လောကလုံး





ပင်တိုင်စံနှင့် ဘယ်သူမှ ယှဉ်ပြိုင်ဖို့ မစဉ်းစားနဲ့။ နာပြီသာမှတ် ပြည့်လွန်းကိုလည်း သူမအနေနှင့် ချစ်မြတ်နိုးလွန်း၍ လက်ထပ် လိုတာမဟုတ်။

ခရေစံကြောင့်ပဲ သူမ စေလိုရာစေခဲ့သော ခရေစံသည် ပြည့်လွန်းနှင့် လက်ထပ်လိုက်မှ အရှင်သခင်မ ဖြစ်သွားတာမျိုး တော့ သူမ လက်မခံနိုင်ပေ။

ပြီးတော့ ပြည့်လွန်း မိဘတွေကိုလည်း လက်စားချေ လို၍ ဖြစ်သည်။ သူမကို ချွေးမအဖြစ် မရွေးချယ်ကြတဲ့ ရှင်တို့ အတွက် ရှင်တို့သားကို ရအောင်လက်ထပ် ယူပြမယ်။

အခု ဘာတတ်နိုင်ကြသေးလဲ။ ရှင်တို့ မရွေးချယ်ပေမဲ့ ကျွန်မက ရှင်တို့အချစ်ဆုံးသားရဲ့ မိန်းမဖြစ်တော့မယ်လေ။

'စံ'

'ပြော'

'ခရေစံကို သွားတွေ့မယ်၊ ကိုယ့်ကိစ္စကိုယ် ရှင်းပစ်တာ အကောင်းဆုံးပဲ'

'ကောင်းပြီလေ၊ ရှင် မစွမ်းဆောင်နိုင်ရင်တော့ ကျွန်မ လုပ်ရလိမ့်မယ်'

ခရေစံဘက်က လူကြီးမိဘတွေဖြစ်သော အန်တီအေးမီ ကို သူ အားနာမိသည်။ သေဆုံးသွားကြတဲ့ မိဘတွေရဲ့ ဆန္ဒက

www.burmeseclassic.com

www.burmeseclassic.com



ရှိ၏။ အန်တီအေမီစံကိုတော့ သူ လေးစားသင့်သည်ဟု ထင်မိ၍ သူကိုယ်တိုင်ရှင်းဖို့ ဆုံးဖြတ်လိုက်၏။ ယဉ်ကျေးမှု ရှိချင်သည်။ ခရေစံ ဆေးရုံမှဆင်းသွားပြီဟု သတင်းရထားသည်။ ဒေါ်အေမီစံကိုတော့ သွားပြီး ရှင်းလင်းပြောဆိုရမည်။ မေမေရဲ့ အချစ်ဆုံး ငယ်သူငယ်ချင်းပါ။

ပြည့်လွန်း သူ့စိတ်တွေကို တင်းထားသည်။ ပြည့်လွန်း ခရေစံနှင့် တွေ့ဆုံရန် မျက်နှာပူမိနေ၏။ မတတ်နိုင်။ ပြဿနာကို ရှင်းရမည်။

ခရေစံနှင့်သူ လက်ထပ်ဖို့ ဆန္ဒ လုံးဝမရှိတော့တာ အမှန်ပဲဖြစ်သည်။ မိဘတွေမှ မရှိတော့တာပဲ။ ပင်တိုင်စံပြောသလို အပြတ်သားဆုံး လုပ်ဆောင်ရမည်သာ ဖြစ်၏။ ကံကြမ္မာအရပဲလေ။

ခရေစံထံ ရောက်သွားသည်။ အိမ်မှုကိစ္စတွေနှင့် အလုပ်များနေသော ခရေစံသည် ရွှင်လန်းတက်ကြွနေ၏။ ဒဏ်ရာက မပြင်းထန်ဘူးပဲ။ သူ့ကို မြင်လိုက်သည်နှင့် ချိုရွှင်သော အပြုံးလေးနှင့် ဆီးကြိုနှုတ်ဆက်သည်။

'ကိုကို'

အမှန်ထာကယ်။ ချေစပ်ထားပြီးသား။ ခရေစံသည် သူ့ရဲ့ တရားဝင်ဇနီးလောင်း တစ်ယောက်ဖြစ်နေသည်။ သူမ နှစ်နာမှု





အတွက် မစဉ်းစားဘဲ အေးချမ်းတဲ့ မျက်နှာလေးကို ပိုင်ဆိုင်ထားတာပဲဟု တွေးမိသွား၏။

'မာမီ မရှိဘူးကိုကို'

ခရေစံ မျက်ဝန်းတွေထဲမှာ ဒေါသတွေ၊ အာဃာတတွေ ကင်းမဲ့နေသည်။

'မင်းနဲ့ တွေ့ဖို့လာတာပဲ ခရေစံ'

'ကိုကို နေကောင်းလား'

'အင်း'

'ထိုင်လေ ကိုကို၊ ကျွန်မ အအေးသွားယူလိုက်ဦးမယ်နော်၊ ခဏလေးနော် ကိုကို'

ခရေစံရဲ့ ယဉ်ကျေးသိမ်မွေ့မှုတွေကို အမှတ်မထင် သတိထားမိသွားသည်။

'မင်းဘဝ တစ်လျှောက်လုံးအတွက် စိတ်ချမ်းသာမှုတွေကို ပေးစွမ်းနိုင်မယ့် မိန်းကလေးတစ်ယောက်ကို မေမေတို့က ရွေးချယ်ပေးတာပဲ သား'

မေမေပြောခဲ့တဲ့ စကားတွေကို ပြည့်လွန်း ပြန်၍ ကြားယောင်လာမိသည်။ ဖြစ်နိုင်သည်ဟု ထင်နေ၏။ ပြည့်လွန်းလုပ်ရပ်တွေ မှားယွင်းနေပြီလား။ ကံကြမ္မာကြောင့်လား။ ပင်တိုင်စံရဲ့ အတ္တကြီးမှုကြောင့်လား။ သူ့ရဲ့ တွေဝေမှုကြောင့်ပဲလား။ ခရေစံ ပြန်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



'အအေး သောက်လိုက်ဦးနော် ကိုကို'

သူ့ကို အပြုံးချိုချိုလေးနှင့် လှမ်းပေးတဲ့ အအေးခွက်ကို ယူ၍ သောက်လိုက်တဲ့ အချိန်တွင် ရင်ထဲမှ ပူပင်သောကတွေ ပျောက်သွားသည်ဟု ထင်မိလိုက်သည်။

'ကိုကို'

'ဟင်'

'ကိုကိုနဲ့ မမတို့အတွက် မင်္ဂလာလက်ဖွဲ့တစ်ခု ကျွန်မ ပေးချင်တယ်'

ပြည့်လွန်း တအံ့တဩဖြင့် ခရေစ်ကို ကြည့်မိသည်။ ကိုကိုနဲ့ မမအတွက် မင်္ဂလာလက်ဖွဲ့တစ်ခု ပေးမလို့တဲ့။ ခရေစ် မင်းတော်တော်လေး အံ့ဩစရာကောင်းနေတာပဲ။

တို့နှစ်ယောက်ကို အသိအမှတ်ပြုထားတဲ့ သဘောပဲ လား။

'ဒီမှာပါ ကိုကို'

ရွှေရောင်စက္ကူလှလှလေးတွေနှင့် ထုပ်ထားတဲ့ အထုပ်က လေး တစ်ထုပ်ဖြစ်သည်။

'မမရှေ့ကျမှ ဖွင့်ကြည့်နော် ကိုကို'

'ဘာတွေလဲ ခရေစ်'

ခရေစ်နှင့် တွေ့ဆုံရန် မျက်နှာပူကာ စိတ်တွေလေးလံ နေခဲ့တဲ့ ပြည့်လွန်းအတွက် စိတ်တွေ သက်သာသွားစေသည်။





'နောက်တော့ သိမှာပေါ့၊ ကိုကိုနဲ့ မမတို့အတွက် အလို အပ်ဆုံး မင်္ဂလာလက်ဆောင်လေး ဖြစ်မှာပါ'

ပြည့်လွန်း အမှန်တကယ်ပဲ နားမလည်နိုင်အောင် ဖြစ် သွားမိသည်။ ကိုယ့်ဖနီးလေးအဖြစ်က လွတ်သွားလို့ ခရေစ် နှုတ်ခမ်းသားလေးတွေက ပြုံးနေ၏။ အပြစ်ကင်းစင်လွန်း၏။ ပင်တိုင်စံကြောင့် သူ့နှလုံးသားတွေ ပူလောင်သောကတွေနှင့် လောင်မြိုက်၍ နေသည်။ ပြဿနာတစ်ခုကိုပင် ရှင်းလင်းရန် ဝန်လေးခဲ့သော ကိုယ့်စိတ်နှလုံးတွေ အေးချမ်းလာရ၏။ အံ့ဩစရာ ပဲ။

သူ ပူလောင်နေခဲ့တာ။ စိတ်သဘောထားဖြူစင်တဲ့ မင်း လို မိန်းကလေးတစ်ယောက်ကို ဘာဖြစ်လို့များ အစကတည်းက ကိုယ်အထင်မကြီးခဲ့မိတာလဲ။

'အန်ကယ်နဲ့ အန်တီတို့အတွက်တော့ ကျွန်မ ဘယ်လိုမှ ပြောမပြနိုင်အောင် စိတ်ထိခိုက် ကြေကွဲမိပါတယ် ကိုကို'

'ခရေစ်'

'ရှင်'

'ဖေဖေနဲ့ မေမေ ဘယ်လို အန္တရာယ်တွေ ရင်ဆိုင်သွား ကြရတာလဲ'

ခရေစ်နှင့်သူ ပထမဆုံး လာတွေ့ဖြစ်ခြင်း ဖြစ်သည်။ ဖေဖေနှင့် မေမေ့ကိစ္စတွင် ခရေစ်ကို စိတ်နာပြီး မတွေ့ဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မတို့ ပစ္စည်းဝယ်ဖို့အပြင် ထွက်လာတဲ့အချိန်မှာ မေမေက ကားဘရိတ် ဘာဖြစ်သွားလဲ မသိဘူး၊ မမိတော့ဘူးလို့ ပြောတယ်'

ကားဘရိတ်ကြောင့် အက်စီးဒင့် ဖြစ်ခြင်းပင်။

'နောက်တော့ ကားက ခါရမ်းသွားပြီး တခြားကားတစ်စီးကို ဝင်တိုက်မိတာပဲ'

သူ စိတ်ထဲမှာ တစ်စုံတစ်ယောက်ကများ လုပ်ကြံလိုက်လားဟု ပြည့်လွန်းတွေးမိသွားရတော့သည်။ မေမေက စေ့စပ်သေချာသူ။ အမြဲစစ်ဆေးတာပါ။ ကားကိုလည်း ဂရုစိုက်သည်။ အမြဲတမ်း စစ်ဆေးနေတတ်သူ ဖြစ်၏။ ကားဘရိတ်ပေါက်တာ မသိဘဲမဖြစ်နိုင်။

'ကျွန်မက နောက်ခန်းမှာ ကျွန်မ… ကျွန်မ… '

သူ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ လိမ့်ဆင်းကျလာသည်။

'တကယ်တော့ ကျွန်မသေသင့်တာပါ၊ အန်ကယ်နဲ့ အန်တီ ဘာဖြစ်လို့သေရတာလဲ၊ လူ့လောကကြီးထဲက စောစောစီး ထွက်သွားရတာလဲ'

ကြေကွဲဝမ်းနည်းမှုတွေက ဖြေလို့မရအောင် ခံစားနေရသည်။ ကိုကို့မိဘတွေက အမြဲတမ်းပဲ သူမအပေါ် ကောင်းလွန်းသော မိဘတွေဖြစ်သည်။





'ဒီအကြောင်းအရာတွေက ပြီးဆုံးသွားပါပြီ ကိုကို၊ မေ့ပစ်လိုက်ပါတော့၊ မမနဲ့ကိုကိုတို့ အိမ်ထောင်ရေး တည်တံ့အေးချမ်းပါစေ'

သူမ လှိုက်လှိုက်လှဲလှဲ ဆုတောင်းပေးနေမိသည်။

'ကိုကိုနဲ့မမ ဖူးစာဆုံဖို့ ဖြစ်လာတာလို့ မှတ်ပါတော့'

ကိုကို လက်ထပ်လိုတာကလည်း မမပဲဖြစ်နေသည်။

'မမကိုပဲ ရွေးချယ်လိုတဲ့ ကိုကိုဆန္ဒတွေ ပြည့်ဝသွားပြီပေါ့နော်၊ ခရေစံ ဝမ်းသာပါတယ် ကိုကိုရယ်'

ကိုကို့ထံမှ ရူးရှတဲ့အကြည့်တွေက သူမထံ အမှတ်မထင်ရောက်လာသည်။ သူမ သွေးတွေ နွေးထွေးသွားသည်။ တင်းမာခက်ထန်တဲ့ အကြည့်တွေတော့ မဟုတ်ပေ။ ခရေစံပင် ကိုကို့အကြည့်အောက်မှာ တုန်တုန်ရီရီ ဖြစ်လာပြီး ထွက်ပြေးသွားချင်လာရသည်။

သူမတစ်ကြိမ်တစ်ခါမှ မတွေ့ခဲ့ရသော ရီဝေဝေမျက်ဝန်း။ သူမကို အမြဲတမ်း ထိတ်လန့်ကြောက်ရွံ့တဲ့ အကြည့်တွေနှင့် ဆန့်ကျင်ဘက် ဖြစ်နေ၏။ ကိုကို့မျက်ဝန်းတွေထဲမှာ နူးညံ့သိမ်မွေ့မှုနှင့် အကြင်နာတွေ ရောစွက်နေသလိုပင်။

'ကိုကို'

'ခရေစံ'

'ကျွန်မနဲ့ကိစ္စ ရုပ်သိမ်းဖို့ကို ကိုကိုလာပြောတာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား ကိုကိုပျော်သွားမှာပါ၊ ကျွန်မဆီက မင်္ဂလာလက်ဖွဲ့ကလေးပဲ ဖွင့်ကြည့်ပါနော်'

မင်းဘာလို့ ဒီလောက်တောင် သဘောထားပြည့်ဝနေရတာလဲ။ စေ့စေ့ကြည့်ဖြစ်သည်။ ကိုကို မကြိုက်ဆုံးပဲ။ ညွှတ်ကောင်မလေး၊ မင်းအတွက် ပေးလာတဲ့ အခွင့်အရေးပဲ၊ မင်းဘာဖြစ်လို့ မငြင်းရတာလဲ။ ဘာဖြစ်လို့ လိုက်လျောရတာလဲ၊ မင်းဆန္ဒလား သူ့ရင်ထဲမှာ စကားတွေက ပွင့်အန်ထွက်ချင်လာမိသည်။

❑ ❑ ❑



## အခန်း (၁၉)

စာအိတ်ကလေးကို ဖွင့်လိုက်တော့ တိုက်နှင့်ခြံ စာချုပ်မှာ ခရေစံက လက်မှတ်ထိုးထားသည်။

ပြီးတော့…။

စာရွက်စာတမ်းတွေ။

မေမေတို့ပေးထားသော ပစ္စည်းတွေကို ပြန်၍ ပေးအပ်ခြင်း ဖြစ်သည်။

ကိုကိုနှင့် မမတို့အတွက် မင်္ဂလာလက်ဖွဲ့။

ရာသက်ပန် ပျော်ရွှင်ချမ်းမြေ့နိုင်ပါစေ။

ခရေစံ။

'ပဏ္ဏာလုပ်နေတာပဲကို၊ အလကား ဟာမလေး၊ သင်းနဲ့ မထိုက်တန်လို့ ဖြစ်သွားတာပဲ၊ ကိုမိဘတွေ ဆုံးရတာ မတန်မရာ ကိုမှ ချွေးမတော်ချင်နေတာပဲဟာ'

'စံ ဖြစ်ပျက်ခဲ့တာတွေ ပြန်ပြောမနေပါနဲ့တော့ကွာ၊ ပြီးဆုံးသွားပြီပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီလေ၊ ဒီစာချုပ်မှာ ရှင် လက်မှတ်ထိုးဖို့ လုပ်ရမယ်၊ စံပဲ တရားဝင်ဖြစ်အောင် စီစဉ်ရမယ်'

'မလုပ်ပါနဲ့တော့ စံ'

'ဘာဖြစ်လို့လဲ ကို'

'ပြီးသွားပြီပဲ၊ ခရေစံကိုယ်တိုင် စာချုပ်အသစ်မှာ လက်မှတ်ထိုးလိုက်တာပဲ စံ'

'တရားမှ မဝင်သေးတာပဲ၊ ထပ်ပြီး စကားမများစမ်းပါနဲ့ ကို၊ ကျွန်မ စီစဉ်တာတွေပဲ ရှင် စောင့်ကြည့်နေပါ'

စံကို ဘယ်တော့မှ ပြောဆိုတားဆီး၍ မရပေ။ ဖွတ်ပဲ။ သူကတော့ ပြဿနာတွေကို ငြိမ်းအေးချင်ပြီဖြစ်သည်။ အချင်းချင်းတွေ နားလည်မှုရရင် ကျေနပ်လောက်ပြီဟု ထင်၏။ မာဓိက ရှိသေးသည်။

ခရေစံရယ်။ မင်းရဲ့ ရိုးသားဖြူစင်မှုတွေကို အခုမှ ဘာဖြစ်လို့ သတိထားမိသွားရတာလဲ။ ကိုကို့မိဘတွေအတွက်လည်း မင်း ခံစားတတ်တယ်။ ပင်တိုင်စံသည် လုံးဝခံစားတတ်သည့် မိန်းကလေး မဟုတ်ပေ။ ကိုကို့မိဘတွေ သေဆုံးရတာ နည်းနည်းမှ ကိုယ်ချင်းစာနာခြင်းလည်း မရှိ။ တိုက်နှင့်ခြံ စာချုပ် အတည်ဖြစ်ရေးအတွက် လုံးပန်းနေသည်။ ခရေစံအပေါ် ဒီလောက်အထိ မနာလိုဝန်တိုခြင်း မဖြစ်သင့်ပေ။ အရှုံးပေးလိုက်ပြီပဲ။ မတတ်နိုင်။





ပင်တိုင်စံအကြောင်းတော့ ခုမှ သိရတာပါ။ ပြည့်လွန်း မပြောသာတော့။

'ကို'

'ဘာလဲ စံ'

'ဒီနေ့ကစပြီး ကိုယ်နဲ့ ကျွန်မ မင်္ဂလာအိပ်ခန်းကျယ်ကြီးထဲမှာ အတူအိပ်ကြစို့နော်'

ပြည့်လွန်း စိတ်တွေ လေးလံသွားမိသလို ဖြစ်ရသည်။ သူ တကယ်ပဲ ပင်တိုင်စံရဲ့ ခင်ပွန်းတစ်ယောက် ဖြစ်သွားပြီလား။ တရားဝင်လင်ယောကျ်ားအဖြစ် တောင်းဆိုနေတော့သည်။ ခရေစံက စွန့်လွှတ်ထားပြီးပြီ။

သူကိုယ်တိုင် ရွေးချယ်ခဲ့တဲ့ လမ်း။ လျှောက်ရမည်သာ ဖြစ်သည်။ ပင်တိုင်စံရဲ့ မျက်ဝန်းအကြည့်တွေက ရဲဝံ့တောက်ပြောင်နေ၏။

သူ ကြောက်လာသည်။ တစ်စုံတစ်ခုကို ရမ္မက်ကြီးစွာ မြှူဆွယ်ဖိတ်ခေါ်နေသည်။

'ရှင့်မှာ အနှောင်အဖွဲ့တွေ မရှိတော့ဘူး၊ ဒါမှမဟုတ်လဲ ကျွန်မတို့ ဟန်းနီးမွန်းခရီး ထွက်ကြရအောင်နော်'

ပြည့်လွန်းစိတ်တွေကတော့ ထူးဆန်းစွာ ဆန့်ကျင်ဖက် ဖြစ်သွားရသည်။ မိဘတွေ ဆုံးတာ မကြာသေး။ ခရေစံကို သတိရလာမိ၏။ ပင်တိုင်စံက ယောကျ်ားတွေနှင့် ရင်ပေါင်တန်း

www.burmeseclassic.com



ပြီး အစွမ်းအစရှိတာထက် ယောကျ်ားတွေအပေါ် အလွန်အမင်း လွှမ်းမိုးချင်တဲ့ ဆန္ဒတွေ ဖြစ်နေသည်။ သူ့ရဲ့ စီးပွားရေး လုပ်ငန်းတွေကိုပင် စာရင်းစစ်လာ၏။

'ဟန်နီးမွန်း ထွက်မယ်နော် ကို၊ ကျွန်မ စီစဉ်လိုက်မယ်၊ ဪ… ကို၊ ရှင့်လုပ်ငန်းတွေလည်း ကျွန်မ သိထားသင့်တယ် ထင်တယ်နော်'

'မင်းမှာလည်း လုပ်ငန်းတွေ အများကြီးရှိနေတာပဲ စံ၊ မနိုင်မနင်းဖြစ်နေပါ့မယ်၊ ကိုယ့်အလုပ်တွေက များတယ်၊ ကိုယ့်အလုပ် ကိုယ်လုပ်ကြတာ အကောင်းဆုံးပဲ စံ'

'မရဘူး၊ ကို့လုပ်ငန်း ဆောင်တာတွေ မှန်သမျှ ကျွန်မ သိသင့်တာပဲ၊ ကို့အနေနဲ့ အားလုံး အသိပေးသင့်တယ်'

ပင်တိုင်စံက ဖွတ်တောင်းဆိုတော့လည်း သူ ရှင်းလင်းပြသရသည်။ အတိုက်အခံ မလုပ်လိုပေ။

'ရှင့်ရဲ့ လုပ်နည်းကိုင်နည်းတွေက စည်းစနစ်မကျသေးဘူးနော်၊ ကိုယ့်အလုပ်သမားတွေကို ပေးထားတဲ့ လစာက သိပ်များလွန်းနေတယ်'

'အဲဒါ ကိုယ့်အမေ ရှိစဉ်ကတည်းက ပေးထားတာလေ စံ၊ ကိုယ်တို့အတွက် အကျိုးအမြတ်တွေလည်း ရှိတာပဲ၊ အလုပ်သမားတွေလည်း ခံစားကြပါစေ'

မေမေသည် အလုပ်သမားတွေအပေါ် အလေးအနက်





ထားသည်။ လူမှုရေး ကျန်းမာရေး အားလုံးထောက်ပံ့စောင့်ရှောက်ထားသည်။ အလုပ်သမား ဝန်ထမ်းတွေကို ညာတာရမည်တဲ့။ လခကိုလည်း ထိုက်ထိုက်တန်တန် ခံစားစေ၏။

'ပြည့်လွန်း'

'ဟင်'

'ရှင်ဟာလေ မြေကြီးထဲမှာ အရိုးတွေဆွေးတော့မယ့် မိဘတွေပဲထည့်ပြီး ပြောနေတာပဲ'

'ဒါ ကိုယ့်မိဘတွေပဲ စံ'

'သေပြီပဲ၊ ပြန်ပြင်သင့်တာတွေကို ရှင် ပြုပြင်ပစ်ရမှာပဲ၊ အလုပ်သမားတွေကို လခလျှော့ပေးမယ်'

'စံ'

'ရှင် အသာနေစမ်းပါ ကို၊ ပင်တိုင်စံ ဦးစီးပြီး လုပ်ပြမယ်၊ ရှင့်လုပ်ငန်းတွေ ဒီထက်မက အောင်မြင်စေရမယ်'

'မင်းလုပ်ငန်းတွေလဲ ရှိသေးတယ်စံ'

'အားလုံး တစ်ပေါင်းတည်း ကျွန်မပဲ စီမံမယ်'

'ဒါဆို ကိုယ် ဘာလုပ်ရမလဲ စံ'

'ရှင်ကတော့ ကျွန်မ ညွှန်ကြားတဲ့အတိုင်းသာ လုပ်ပါ'

ပင်တိုင်စံက အလုပ်သမားတွေကို လိုက်ပြီးစစ်ဆေးနေသည်။ ပြည့်လွန်းရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေသည်။ လုပ်ခတွေ လျှော့ပစ်မည်ဖြစ်တဲ့အကြောင်း ပြောနေ၏။ သူ လုံးဝ မနှစ်သက်



www.burmeseclassic.com

www.burmeseclassic.com



မီ။ ပြည့်လွှမ်းတားဆီးဖို့ ကြိုးစားလည်း အလကားပဲဖြစ်မှာ သေချာသည်။

ပင်တိုင်စံက ကြောက်စရာကောင်းသည်။ အရှက်သိက္ခာမဲ့စွာ အော်ဟစ်ဆူပူ သောင်းကျန်းပစ်မှာ စိုးမိသည်။ သူ့ကိုလွှမ်းမိုးဖို့ ကြိုးစားသည်။ ဒါတောင် တရားဝင် လက်ထပ်ရသေးတာမဟုတ်။

'အားလုံး လုပ်ခတွေက သိပ်များနေတယ်၊ ကျွန်မတို့ မကိုက်ဘူး၊ လျှော့ပစ်ဖို့အတွက် အသိပေးလိုက်ပြီနော်၊ လုပ်နိုင်တဲ့သူ ဆက်လုပ်ကြ၊ ဒါပဲ'

အလုပ်သမားတွေရဲ့ မျက်လုံးတွေက သူ့ထံ အကူအညီတောင်းသကဲ့သို့ ကြည့်သည်။ စိတ်ပျက်စရာပဲ ပြည့်လွှမ်း ဘာလုပ်ရမလဲ။

မိဘတွေလက်ထက်ကတည်းက သစ္စာရှိစွာ လုပ်ခဲ့ကြသူတွေ ဖြစ်သည်။ အလုပ်ရှင်တွေ လုပ်ငန်းတိုးတက်အောင် မြင်သည်နှင့်အမျှ အလုပ်သမားတွေလည်း မျှဝေခံစားစေရမည်ဟု မေမေ ယူဆထား၏။ သူ့အလုပ်ခန်းမှာပဲ ဝင်ပြီး ထိုင်နေမိသည်။

'ဆရာ'

'ဘာလဲ ကိုကျော်သက်'

'မမလေးစံ ဘာတွေ လုပ်နေတာလဲ၊ အားလုံး မကျေမနပ်ဖြစ်နေကြပြီ ဆရာ'





လက်ထောက်မန်နေဂျာ ကိုကျော်သက် ဝင်လာပြီး မေးသည်။ သူလည်း သိနေ၏။

'ဆရာ… ဒီအတိုင်းဆို မလွယ်ဘူးနော်၊ မမလေးစံ ဒီလောက်အထိ ဝင်မစွက်ဖက်သင့်ဘူးလို့ ထင်တယ်'

'ကိုယ်လည်း မတတ်နိုင်ဘူး ကိုကျော်သက်၊ ပင်တိုင်စံက လုပ်ငန်းသဘောတွေ နားလည်တယ်လေ'

'မခရေစံအပေါ် ဘာဖြစ်လို့ မတရားလုပ်တာလဲ၊ လူကြီးတွေက စီစဉ်ထားတဲ့ ကိစ္စပဲ၊ ဆရာနဲ့ မခရေစံ လက်ထပ်ဖို့ကိစ္စ ပျက်သွားပြီလား'

ကိုကျော်သက်ရော သူနှင့်ပတ်သက်သမျှ အလုပ်သမားတွေပါ အခြေအနေအားလုံးကို သိထားကြသည်။

'ကိုကျော်သက် ခင်ဗျားနဲ့ မဆိုင်တဲ့ ကိစ္စတွေ ဝင်မပြောပါနဲ့၊ အလုပ်သမားတွေ အနေနဲ့ ကျေနပ်မှဆက်လုပ်ကြပါလို့ပဲ ပြောချင်တယ်'

'ခင်ဗျားရက်စက်လှချည်လား၊ မိဘတွေ မရှိတော့တာနဲ့ မိဘဆန္ဒတွေအားလုံး ခင်ဗျား ဆန့်ကျင်နေပြီ၊ ဒီမိန်းမ ဝင်စွက်ဖက်နေရင်တော့ ကျုပ်တို့အားလုံး ဆက်မလုပ်ဖို့ ဆုံးဖြတ်တယ်'

ကိုကျော်သက် ထွက်သွားခြင်းအတွက် ပြည့်လွှမ်း လက်ပိုက်ကြည့်နေရုံပဲ ရှိနေတော့သည်။ သူ့ဘဝတစ်ခုလုံး အပြောင်းအလဲတွေ မြန်ဆန်လွန်းသည်ဟု ထင်မိ၏။ ပင်တိုင်စံ လုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



သမျှ ပြည့်လွှန်းလက်ခံနေသည်။ မင်းဘာတွေလုပ်နေတာလဲ။ အတ္တတွေကြီး၏။

အမိကကတော့ ငါ့ကို လွှမ်းမိုးချုပ်ကိုင်နိုင်ဖို့ မင်းလုပ်နေတာ မဟုတ်လား။ တဖြည်းဖြည်း သူသိနေသည်။ လက်သီးတွေကိုသာ ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။

□ □ □



## အခန်း (၂၀)

'သမီးလေးက တိုက်နဲ့ခြံစာချုပ်မှာ လက်မှတ်ထိုးပေးပြီး သွားပြီပဲ ပင်တိုင်စံ၊ လူသိရှင်ကြား ဘာဖြစ်လို့ လုပ်ချင်ရတာလဲကွယ်'

သမီးကြီး ပင်တိုင်စံရဲ့ အတ္တကြီးမှုတွေက လွန်ကဲနေသည်။ အရာရာ လက်ဝါးကြီးအုပ်ချင်၏။ တိုက်နှင့်ခြံကို အပိုင်သိမ်းဖို့ စီစဉ်တာ အပြစ်မပြောလိုပေမဲ့ လူသိရှင်ကြား လုပ်ချင်တာမျိုးတော့ လွန်၏။ သမီးလေးကို ဒေါ်အေမိစံ သနားနေမိသည်။ အနစ်နာခံလွန်းတဲ့ သမီးလေးပဲ။

'ညီမလေးရဲ့ ဂုဏ်သိက္ခာကို ထည့်ပြီး စဉ်းစားပါဦး၊ သမီးကြီးရယ်'

'သမီးအတွက် အကောင်းဆုံး စိတ်အချဆုံး ဖြစ်အောင် လုပ်ရမှာပဲ မာမီ၊ ဘယ်သူ့ကိုမှ ငဲ့ညှာထောက်ထား မနေနိုင်ဘူး'

**'မမ စိတ်ဆန္ဒအတိုင်း ဆောင်ရွက်ပါစေ မာမီ'**



www.burmeseclassic.com

www.burmeseclassic.com



ခရေစံ့ အတွက်ကတော့ ကိုကို့ကို အဆင်ပြေစေချင်သည်။ ဘာမှလည်း မလိုချင်တော့ပေ။ မမအကြောင်းသိ၍ ဖြစ်၏။ တားဆီး၍ မရနိုင်။ ကိုကို့အပေါ် ပြဿနာရှာမှာကို သူမ စိုးရိမ်နေမိသည်။

'ခရေစံ့တောင် လိုက်လျောနေမှပဲ မာမီ၊ သမီးကြီး အပေါ် မာမီ ဒီလောက် မလုပ်ပေးနိုင်တော့ဘူးလား'

'သမီးကြီးဖြစ်ချင်တာတွေ အားလုံးဖြစ်သွားပြီ မဟုတ်လားကွယ်'

'မရဘူး၊ နောက်ရှုပ်လာမှာစိုးလို့ပဲ မာမီ၊ သမီးက ပြတ်ပြတ်သားသားပဲ လုပ်ချင်တာ'

'ကောင်းပါပြီလေ၊ ညည်းလုပ်ချင်သလိုသာ လုပ်ပါတော့'

ဒေါ်အေမီစံ ဘာမှ ဆုံးမသွန်သင်မနေချင်တော့။ ပင်တိုင်စံက မိမိတစ်သက်လုံး အလိုလိုက်ထားခဲ့သော သမီးဖြစ်သည်။ မိမိကိုပင် အာခံချင်သည်။ အမွေတွေအားလုံးကိုလည်း ပင်တိုင်စံတစ်ယောက်တည်း လက်ဝါးကြီးအုပ်ထားသည်။

'ပင်တိုင်စံထက်သာဖို့ နင် မကြိုးစားနဲ့ ခရေစံ၊ ကံကြမ္မာကိုက နင့်ဘက်မှာ မရှိဘူး၊ သဘောပေါက်ထားစမ်း'

မမကို သူမ နားမလည်နိုင်စွာ ကြည့်မိနေသည်။ အားလုံး လိုက်လျောခဲ့တာပဲ ကိုကို့ကိုလည်း ခရေစံ့ စွန့်လွှတ်လိုက်ပြီးပြီပဲ။





စည်းစိမ်ဥစ္စာတွေလည်း စွန့်လွှတ်ခဲ့သည်။ မမဆန္ဒအားလုံး ဘာတစ်ခုမှ ဆန့်ကျင်ခဲ့တာလဲ မရှိ။ မမဘာဖြစ်လို့များ သဲကြီးမဲကြီး ဖြစ်နေရတာလဲ။ စီးပွားရေးလုပ်ငန်းတွေလည်း မမပဲ ယူထားသည်။

မာမီနှင့် သူမအတွက် လက်ရှိနေတဲ့ တိုက်နှင့်အတွင်းပစ္စည်း အနည်းငယ်ပဲ ရှိနေသည်။ မမကတော့ မကျေနပ်သေး။ ကိုကို။

ရှင် စိတ်ညစ်နေပြီလား။ သူမကြောင့် ကိုကို့ဘဝမှာ ဘာမှ အနှောင့်အယှက် အဟန့်အတားမှ မရှိစေလိုပေ။

'မမဆန္ဒတွေအားလုံးကို ကျွန်မ လိုက်လျောပါမယ်'

'ကောင်းပြီလေ ခရေစံ၊ ညည်း မနက်ဖြန် တရားရုံးကို လာခဲ့ပါ၊ တရားသူကြီးရှေ့မှာ လက်မှတ်ထိုးရမယ်'

'ဟုတ်ကဲ့ပါ မမ'

မမဆန္ဒတွေအားလုံး သူမ လိုက်လျောဖို့ အဆင်သင့်ပဲဖြစ်သည်။ သူမကတော့ အရာရာ ကိုကို့အတွက်ပါ မမ။ သူမ ဘာကိုမှ မမက်မောပါဘူး။ ကိုကို့အတွက် အရာရာပေးဆပ်ခြင်း တစ်ခုပါပဲ။ ကိုကို့မိဘတွေရဲ့ဆန္ဒက ကိုကို့ဘဝတစ်လျှောက်လုံး တည်ငြိမ်အေးချမ်းတဲ့ အိမ်ထောင်တစ်ခုကို တည်ဆောက်နိုင်ဖို့ပင် ဖြစ်သည်။

မမက ကိုကို့ရွေးချယ်တဲ့ မိန်းမပဲ။



www.burmeseclassic.com

www.burmeseclassic.com



'မာမီလဲ သတိထားပါ၊ ခရေစံဘက်ကပဲ သိပ်ပြီး ဘက်

မလိုက်နေပါနဲ့'

ဒေါ်အေမိစံအတွက်ကတော့ သမီးကြီးထုစ်သက်လုံး နှိ စက်ခဲ့၍ မဆန်းတော့။ ခွင့်လွှတ်နေကျပဲ။ သမီးလေးအတွက် စိတ်မကောင်းဖြစ်နေမိသည်။ ပင်တိုင်စံထွက်သွားမှ ဒေါ်အေမိ စိတ်မော သက်သာသွားပြီ။

'သမီးလေးရယ် ဘာဖြစ်လို့ ဒီလောက်တောင် လူတွေ အပေါ် အနစ်နာခံရတာလဲ'

'ဖေဖေနဲ့ မေမေ့ကို သမီးကျေးဇူးဆပ်တာပါ မာမီ'

'ဘာကွယ့်'

'ကိုကို့ကို စိတ်ချမ်းသာစေချင်ကြတယ်လေ၊ မမ ကျေ နပ်အောင် သမီးဖြည့်စွမ်းပေးတာပါ'

'မောင်ပြည့်လွှန်း စိတ်ချမ်းသာမယ်လို့ ထင်လား'

ခရေစံ စိတ်ထိခိုက်ကြေကွဲစွာဖြင့် မျက်ရည်တွေပင် ဝဲကျချင်လာသည်။ ကိုကို စိတ်ချမ်းသာရဲ့လား။ ကိုကိုက ကျွန်မ ကိုမှ အထင်မကြီးဘူး မဟုတ်လား။

'ကျွန်မကိုယ်တိုင်က ညံ့ဖျင်းလွန်းတဲ့ မိန်းမတစ်ယောက် ပါ မာမီ'

'အဲဒါ မာမီ့ကြောင့်ပါ၊ သမီးလေး ဘဝတစ်ခုလုံးကို မာမီ ချိုးနှိမ်ခဲ့တာပါ'





'မာမီ့မှာ အပြစ်မရှိပါဘူး၊ သမီးရဲ့ ကံကြမ္မာပါ'

'သမီးလေးရယ်၊ ညည်း ဒီလောက်တောင် ခွင့်လွှတ် သည်းခံနိုင်တာပါလား'

သမီးလေးကို မိမိရင်ခွင်ထဲ ဖက်ထားမိလိုက်သည်။ ခင် ခင်တို့ ရွေးချယ်တာမှန်တယ်။ မောင်ပြည့်လွှန်းအတွက် သမီးလေး ပဲ အသင့်တော်ဆုံး မဟုတ်လား။ ဒေါ်အေမိစံအတွက် သမီးကြီး ကြောင့် ဝင်ငွေမရှိတော့။

မိမိကိုပင် ဥပေက္ခာပြုထားသည်။ လုပ်ငန်းတွေအားလုံး သမီးကြီးပဲ လက်ဝါးကြီးအုပ်သွားသည်။

'မာမိတို့ စီးပွားရေးတစ်ခုတော့ လုပ်ကြရမယ် ခရေစံ၊ သမီးလေးလည်း သင်ရမယ်၊ အစွမ်းအစမရှိတဲ့ မိန်းကလေး မဖြစ်စေရတော့ဘူး။ မာမီ အသက်ကြီးပြီ၊ လူ့လောကထဲမှာ သမီးလေးတစ်ယောက်တည်း ကျန့်ခဲ့မှာကိုတော့ တွေးပူမိလာပြီ ကွယ်'

ဒေါ်အေမိစံ သမီးလေးအတွက် စိတ်မအေးနိုင်တော့။ သမီးလေး ဘဝရပ်တည်မှုအတွက် ဆောင်ရွက်ပေးထားရမည်။

'မာမီ့မှာ အတွင်းပစ္စည်းတွေ သိမ်းထားတာရှိသေးတယ်၊ သမီးလေးနာမည်နဲ့ လုပ်ငန်းတစ်ခု လုပ်ထားရမယ်၊ သမီးလေး ကြိုးစားနော်'

'သမီးအတွက် မပူပါနဲ့ မာမီ'



www.burmeseclassic.com

'ပူရမယ်၊ မာမီ့သမီးလေးအပေါ် မာမီတာဝန်မဲ့မိတာပဲ မာမီ အသေဖြောင့်အောင်တော့ လုပ်သွားရမှာပဲ'

'မာမီရယ်'

မိခင်ကြီးရဲ့ ချစ်ခြင်းမေတ္တာတွေ ရရှိလိုက်၍ သူမ ဝမ်းသာကျေနပ်မှုတွေ အတိုင်းအဆမရှိ ခံစားလိုက်ရသည်။ မာမီ့ရင်ခွင်ထဲ တိုးဝင်မိ၏။ သူမ ဘယ်အရာကိုမှ မမက်မောမိတော့ပါဘူး။ အတ္တကြီးမားတဲ့ မိန်းကလေးတစ်ယောက်လည်း မဖြစ်လိုပေ။

မာမီအချစ်တွေကပဲ အကြီးမားဆုံး တန်ဖိုးပါ။ နောက်နေ့တွင် သူမ တရားသူကြီးထံမှောက်တွင် တိုက်နှင့်ခြံ လွှဲပြောင်းကြောင်း စာချုပ်မှာ လက်မှတ်ထိုးပေးလိုက်သည်။ ပတ်ဝန်းကျင်ရဲ့ စိတ်ဝင်တစား ဝေဖန်မှုတွေကို ခံလိုက်ရ၏။

သူမမှာ သတ္တိတွေ ရှိလာသည်။ ရင်ဆိုင်ရဲလာ၏။ မာမီ ပြောသလိုပါပဲ။ လောကကြီးထဲမှာ အစွမ်းအစရှိတဲ့ မိန်းမတစ်ယောက်ဖြစ်အောင် ကြိုးစားရမည် ဖြစ်သည်။ ကိုကိုတော့ မလာပေ။ သူမ ပြန်ထွက်သွားမှ ကိုကို ရောက်လာပြီး လက်မှတ်ထိုးမှာဖြစ်သည်။

'သမီးကြီးရဲ့ အတ္တတွေအောက်မှာ မောင်ပြည့်လွှန်းဘဝ နစ်မွန်းမှာပဲ သမီးလေး'

ကိုကို့မိဘတွေက ထိုအဖြစ်မျိုးကို မတွေ့ကြုံလိုပေ။





ဒါကြောင့်လည်း မမပင်တိုင်စံကို မရွေးဘဲ သူမကို ရွေးချယ်ခဲ့ကြသည်။

'သမီးလေး ကြိုးစားနော်၊ လူ့လောကကြီးထဲမှာ အမြင့်ကျယ်ကျယ်နဲ့ သမီးလေး ရပ်တည်နိုင်ရမယ်'

'ခရေစံ ကြိုးစားမယ် မာမီ'

'မာမီ ဝမ်းသာလိုက်တာ'

သမီးလေးရဲ့ ဖွံ့မာန်တွေကို တွေ့လိုက်ရ၍ ကျေနပ်ဝမ်းသာမိသည်။ အရင်ကနှင့် မတူတော့ဘူး။ ဒေါ်အေမိစံ၏အစွမ်းကုန် လေ့ကျင့်သင်ကြားပေးမည်ဖြစ်၏။ ဒါမှ စိတ်အေးရမယ်။

ယောကျ်ားလေးတွေ အထင်အမြင်သေးတဲ့ မိန်းကလေးတစ်ယောက် ဘဝကနေ သမီးလေး လွတ်မြောက်စေရမယ်။ ဒေါ်အေမိစံနှင့် ခရေစံတို့ကတော့ ဘဝတိုးတက်ရေးအတွက်ပဲ ကြိုးစားနေကြသည်။ လောဘကင်းကြ၏။

စိတ်ပင်ပန်း နွမ်းနယ်နေသူက ပင်တိုင်စံပင် ဖြစ်၏။ လောဘတွေက မသတ်နိုင်။ ဒေါသလည်းကြီး၏။ အရာအားလုံး သူမ လွှမ်းမိုးနိုင်ရန် ကြိုးစားနေမိသည်။ ပြည့်လွှန်းပိုင်ဆိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေမှာလဲ မိမိဩဇာအာဏာတည်စေရန် လုပ်ပစ်ခဲ့၏။

အခုလည်းကြည့်လေ။ ပြည့်လွှန်းနဲ့ ခရေစံတို့ လမ်းခွဲ ကောင်းရှင်းပြတ်သားစေရန် တိတိကျကျ ခိုင်ခိုင်မာမာ လုပ်ပစ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



စိစဉ်သည်။ ပြီးတော့မှ ကိုယ်နှင့်သူ တရားဝင်လက်ထပ်လိုက်ကြ၏။

ဘာတတ်နိုင်ကြသေးလဲ။

'ကိုယ်ရယ် ကျွန်မလေ အခုမှပဲ စိတ်ချမ်းသာသွားရတယ်၊ ကျွန်မဘဝအတွက် ခိုင်မာသွားပြီလေ'

ပြည့်လွန်းတစ်ယောက် ပင်တိုင်စံ ကြီးဆွဲရာကနေရသောရုပ်သေးရုပ် တစ်ရုပ်ကဲ့သို့ ဖြစ်နေသည်။ ပင်တိုင်စံက သူမအစီအမံတွေ အတိုင်းသာ လုပ်နေတော့၏။ တဖြည်းဖြည်း သူစိတ်ညစ်လာသည်။

'ဟန်းနီးမွန်း ထွက်ရအောင်နော် ကိုယ်'

'ကိုယ့်လုပ်ငန်းတွေ မပြီးပြတ်သေးဘူး စံ'

'ထားလိုက်စမ်းပါ၊ ကိုယ့်အလုပ်တွေအတွက် ရှင်ဘာမှ ထည့်မစဉ်းစားနဲ့တော့'

'ကိုယ် ဟန်းနီးမွန်း မထွက်သင့်ဘူးလို့ ထင်တယ် စံ'

'ဘာကြောင့် မထွက်ချင်ရတာလဲ၊ ကိုယ် ကျွန်မနဲ့ ထွက်ရမှာမို့လား'

ပင်တိုင်စံရဲ့ ဒေါသတွေကို ဆွပေးလိုက်သလို ဖြစ်သွားရသည်။ ပြည့်လွန်းအနားကပ်သွား၏။ ဒေါသမျက်ဝန်းတွေနှင့် ကိုယ့်ကို ကြည့်ပစ်လိုက်မိ၏။

'ခရေစံနဲ့ မဟုတ်လို့လား'





ပင်တိုင်စံအတွက် လုံးဝမကျေနပ်စရာ အကြောင်းအရာတွေပဲ ဖြစ်နေသည်။ စေ့စေ့ကြည့်၏။ ပြည့်လွန်းသည် သူမနှင့် အတြင်လင်မယားအဖြစ် အတူမနေသေးပေ။ မိဘတွေဆုံးတာ မကြာသေးလို့ မရ။

အကြောင်းအမျိုးမျိုးပြကာ ရှောင်နေသည်။

'ရှင်... ရှင် ကျွန်မကို တမင်သက်သက် ရှောင်နေတာပဲ၊ ရှင် ခရေစံအပေါ် မပြတ်မသားဖြစ်နေပြီ မဟုတ်လား၊ ပြောစမ်း ကျွန်မကို ပြောစမ်းပါ'

သူမ ရူးသွပ်သွားသလို အသံကုန်အော်ဟစ်နေမိသည်။

'ဝုန်း'

'ဂျလွမ်း လွမ်'

စားပွဲပေါ်မှာရှိနေတဲ့ ပစ္စည်းတွေအားလုံးကို တွန်းချပစ်လိုက်မိသည်။

'ဝုန်း'

'စံ မင်းရပ်တော့'

'မရပ်ဘူး၊ ရှင့်ရဲ့ လူမဆန်တဲ့လုပ်ရပ်တွေကိုသာ ရပ်ရမှာ'

'ကိုယ် ဘာလုပ်လို့လဲ'

'ခရေစံကို ဆက်သွယ်ချင်နေတာလေ'

'မဟုတ်ဘူး၊ ခရေစံမှာ ဘာအပြစ်မှ မရှိဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ရှင် ခရေစံဘက်က ကာကွယ်ပေးနေတာလား'

'မင်း အော်ဟစ်ဆူပူနေတာတွေ ထင်တိုင်းကြဲနေတာတွေကို ရပ်ပစ်လိုက်ရင် ကောင်းမယ်'

ပြည့်လွန်းအတွက် သည်းခံနိုင်တဲ့အတိုင်းအတာတွေ ကုန်ဆုံးသွားပြီဖြစ်သည်။ သူက ယောကျ်ားပဲ။ ပင်တိုင်စံက အတ္တကြီးလှ၏။ ရန်လိုလွန်းသူ။ သူမ မြင်ချင်တဲ့ဆန္ဒတွေကို အတင်းအကျပ်ဖြစ်စေသည်။

အစွမ်းအစရှိတာမဟုတ်။ တစ်ဖက်သားရဲ့ ဆန္ဒတွေကို လုံးဝဥပေက္ခာပြုနေတော့၏။ ရိုင်းစိုင်းကြမ်းတမ်းနေတာပဲ။ ဟန်းနီးမွန်း မထွက်သင့်ဟု သူထင်နေမိသည်။

ထွက်လည်း မထွက်ချင်။

ပြည့်လွန်းမိဘတွေ ကွယ်လွန်သွားတာ မကြာသေးဘူး။ သူက မိဘစကားကို ပယ်ဖျက်ပစ်ကာ ပင်တိုင်စံကို ရွေးချယ်ခဲ့သည်။

မိဘတွေ ကွယ်လွန်ပြီးတာနှင့် သူလုပ်ချင်တာလုပ်ခဲ့သည်။ မိဘတွေ ရွေးချယ်တဲ့ခရေစံကို ပြစ်ပယ်ခဲ့ရ။ ပင်တိုင်စံဆန္ဒတွေအတိုင်း အားလုံးဖြစ်စေ၏။ သူမစိတ်ထဲမှာ မကျေနပ်နိုင်။

'ပြည့်လွန်း၊ နင်··· နင် ပင်တိုင်စံကို လက်ထပ်ဖို့ ရွေးချယ်ခဲ့တာ မဟုတ်လား'





'ဒါတွေပြောနေတော့ ဘာအကျိုးရှိမှာလဲ စံ၊ ကိုယ့်နေရာက မင်းခဏလောက် ကြည့်သင့်တယ်'

'မကြည့်နိုင်ဘူး၊ ပင်တိုင်စံ လုပ်တာ အားလုံးအမှန်တွေပဲ၊ ဘယ်တော့မှ မမှားဘူး··· မမှားဘူး'

'မှားတယ် စံ'

'ဘာ'

'မင်း သိပ်အတ္တကြီးတယ်၊ မင်းဆန္ဒတွေပဲ မင်းဦးစားပေးပြုမူတတ်တယ်၊ မင်းမှာ အကြင်နာတရားတွေ ကိုယ်ချင်းစာတရားတွေ မရှိဘူး'

'ရှင်··· ရှင် ကျွန်မကို စော်ဖန်နေတာလား'

'ပြောပြတာပဲ စံ'

'မပြောနဲ့ ပင်တိုင်စံကို လွှမ်းမိုးဖို့ ရှင် ဘယ်တော့မှ မကြိုးစားနဲ့နော်'

'မင်းကို ငါ လက်ထပ်မိလိုက်တာ မှားသွားပြီ စံ၊ ငါ အရမ်းနောင်တတွေ ရနေပြီ'

'ကျွန်မကို ဘာဖြစ်လို့ ဒီလိုပြောရတာလဲ၊ ရှင်··· ရှင် ဘာဖြစ်လို့ ဒီလိုပြောရတာလဲ'

'တော်ပြီကွာ'

'နေဦး'

ပင်တိုင်စံ မာနတွေကို ထိပါးလာတဲ့သဘော ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရမလား သေသွားမယ်နော်။ ပြည့်လွန်းရှေ့မှာရပ်ကာ လမ်းပိတ်ပစ်လိုက်တော့၏။

'နင့်လို ယောကျ်ားတစ်ယောက်ကို ငါနိမ့်ချပြီး လက်ထပ်လိုက်တယ်ဆိုတာ နင် သိဖို့ကောင်းတယ် ပြည့်လွန်း'

'မင်းပြောချင်တာ ပြောနိုင်တယ် စံ၊ မင်းဒီလောက်အထိ မာန်မာနတွေ ထောင်လွှားလိမ့်မယ်လို့ ငါမထင်မိတာ အမှန်ပဲ'

ပြည့်လွန်း ချာခနဲလှည့်ထွက်လာခဲ့မိတော့သည်။ စာဖတ်ခန်းတံခါးကို ပိတ်ထားပစ်လိုက်သည်။

'ပြည့်လွန်းတံခါးဖွင့်စမ်း၊ နင် ဘာစကားပြောတာလဲ၊ ပင်တိုင်စံကို လက်ထပ်မိတာ မှန်တယ်ဆိုတဲ့ စကားတွေကိုပဲ နင်ပြောရမယ်၊ မမှားဘူး မှားတယ်ဆိုတာ မဖြစ်နိုင်ဘူး'

သူမ အရူးတစ်ယောက်ကဲ့သို့ အော်ဟစ်နေတော့သည်။

'ဝုန်း… ဝုန်း'

တံခါးကိုထုပြီး အော်ဟစ်ဆူပူနေသည်။ ပြည့်လွန်း စိတ်ညစ်နေ၏။ ရင်တွေပူနေသည်။ နောင်တတွေ ရနေမိသည်။ မိဘတွေရဲ့ ဝဋ်လည်တာလား။ ခရေစံရဲ့ ဝဋ်လည်တာလား။ ပင်တိုင်စံက ထက်မြက်မှုရှိတာမဟုတ်။ ရိုင်းစိုင်းနေတာ။ ပင်တိုင်စံသည် သူ့ရဲ့ တရားဝင် ဇနီးမယား ဖြစ်နေသည်။ မိုက်မဲစွာ လက်ထပ်ခဲ့၏။

ဒါပေမဲ့ မင်းဟာ ငါ့ကို ခင်ပွန်းလင်ယောကျ်ားတစ်ယောက်





လို မလေးစားတဲ့အပြင် မင်းအစေအပါးတစ်ယောက်လို ပြုမူဆက်ဆံနေတယ်။ ငါ လဲက်မခံနိုင်ဘူးစံ။

မေမေတို့ ပြောခဲ့တဲ့စကားတွေကို ပြည့်လွန်း ပြန်ကြားပြီး ခရေစံအား စွန့်လွှတ်လိုက်တာ နောင်တရနေသည်။

ငါ မှားသွားပြီ။ အရမ်းမှားတယ်။ မင်းကို ငါ့ဇနီးမယားအဖြစ် ရွေးချယ်မိတာ အမှားဆုံးပဲ။ ပြင်လို့မရဘူးလား။ ပြည့်လွန်းရင်ထဲမှာ သောကမီးတွေ တောက်လောင်နေရတော့သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

'ကိုယ် မင်းဆီမှာ ဝန်ချတောင်းပန်စရာတွေ ရှိလို့ပါ ခရေစံ'

'ဟင်'

ကိုကို အရက်တွေသောက်ပြီး သူမထံ ရောက်လာသည်။ ဘုရားရေ ဘာတွေဖြစ်ကုန်ပြီလဲ။ သူ့မမျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်သွားမိ၏။ မမသိရင် ပြဿနာကမလွယ် ကြောက်နေမိသည်။

'ကျွန်မကို တောင်းပန်စရာမလိုပါဘူး၊ ကိုကိုပြန်ပါနော်'

'မဟုတ်သေးဘူး ခရေစံ၊ ကိုကိုလေ မင်းလိုရိုးသားဖြူစင်တဲ့ မိန်းကလေးတစ်ယောက်အပေါ် အထင်သေးပြီး မထီမဲ့မြင် ပြုလုပ်ခဲ့မိတယ် ခရေစံ'

'ဟင့်အင်း... ကိုကို မမှားပါဘူး၊ မမက ကိုကို့နဲ့ လက်ထပ်သင့်တဲ့ မိန်းမတစ်ယောက်ပါပဲ'





ခရေစံ မျက်နှာလေးကို စူးစိုက်ပြီး ကြည့်နေသည်။ မင်းတကယ် အပြောကောင်းတယ်။ ရိုးသားဖြူစင်တယ်။ ကိုကိုလေ တော်တော်အသုံးမကျဘူး။ ဘာဖြစ်လို့ မင်းနဲ့လက်ထပ်ဖို့ ငြင်းဆန်နေမိတာလဲ။

'ကိုကို'

'ဟင်'

'ကိုကိုက ထက်မြက်ပြီး ကိုကို့နဲ့ ယှဉ်ပြိုင်တွဲဖက်နိုင်မယ့် မိန်းမတစ်ယောက်ကို လက်ထပ်ချင်တယ် မဟုတ်လား'

'အရင်ကတော့ ဟုတ်တယ် ခရေစံ၊ အခု ကိုကို သေချင်လောက်အောင် စိတ်ညစ်နေပြီ၊ အဲဒါ မင်းသိလား'

'ရှင်'

ကိုကိုကိုယ်တိုင် မမပင်တိုင်စံလို မိန်းမမျိုးကို ရွေးချယ်ခဲ့တာ မဟုတ်လား။

'ကျွန်မက သိပ်ပြီးနုံအတဲ့ မိန်းမတစ်ယောက်ပါ ကိုကို'

'ကိုကို့ကို စကားနာမထိုးပါနဲ့ ခရေစံ'

'ကျွန်မ အမှန်တကယ်ပြောတာပါ၊ ကိုကို မီးဖိုချောင်ကိစ္စတွေကလွဲပြီး ကျွန်မဘာမှ နားမလည်ဘူး'

ခရေစံ မျက်နှာလေးပေါ်မှာ အပြစ်ကင်းစင်မှုတွေသာပြည့်လျှမ်း အမှတ်မထင် စူးစိုက်ကြည့်နေမိသည်။ ချစ်စရာ မိန်းက



www.burmeseclassic.com

www.burmeseclassic.com



လေး သူ့အရက်တွေမူးနေသည်။ ခရေစံက အရင်ကလို နုံချာစွာ ဝတ်စားပြင်ဆင်မှုတွေ မဟုတ်တော့။

'ကျွန်မနဲ့မာမီ စီးပွားရေးလုပ်ငန်းတစ်ခုလုပ်ဖို့ ကျွန်မတို့ ကြိုးစားနေကြတယ်'

ပင်တိုင်စံက မိခင်နှင့် ညီမကိုတောင် မညှာတာပဲ စီးပွားရေးလုပ်ငန်းတွေပါ လုယူသွားသည်။

'မမကိုတော့ ကျေးဇူးတင်မှာပါ ကိုကို၊ ကျွန်မအချောင် နိုမနေတော့ဘူးပေါ့'

မင်းကိုမင်း နှိမ်ချစွာ ဆက်ဆံပြောဆိုတတ်တဲ့ မိန်းကလေးပဲ ခရေစံ။

ဖေဖေနှင့် မေမေတို့ ရွေးချယ်ပေးတာမှန်တယ်။ ကိုကို့ကို ပြောခဲ့တယ်။

မင်းဘဝတစ်လျှောက်လုံးအတွက် ခရေစံကိုပဲ ရွေးချယ်ပါတဲ့ အကောင်းဆုံးရွေးချယ်မှုပါတဲ့။ လုံးဝမမှားဘူး။

'ကျွန်မ ကွန်ပျူတာ သင်နေတယ် ကိုကို၊ တခြားစီးပွားရေး လုပ်ငန်းတွေလည်း သင်နေတယ်'

'ခရေစံ'

'ရှင်... ကိုကို'

'မင်း ကိုကို့ကို မမုန်းဘူးလား'





'ဟင့်အင်း... ကျွန်မစိတ်ထဲမှာ ဘယ်သူ့မှ မမုန်းတတ်ဘူး ကိုကို၊ အပြစ်လည်း မတင်ပါဘူး၊ မာမီရဲ့ ချစ်ခြင်းမေတ္တာတွေ ရလိုက်လို့လေ'

ကိုကိုနှင့်သူမ ပတ်သက်ရန် မသင့်တော်ဟု ထင်မိသည်။ အတင်းအကျပ် ပြန်စေခဲ့၏။ မမက ပြဿနာအကြီးအကျယ် ရှာမှာလည်း မလိုလားမိ။

'ကိုကို ပြန်ပါ'

'ကိုတို့ ညီမလေး တစ်ယောက်ဆီ ကိုကိုလာတာ ဘာဖြစ်လဲကွာ'

ပြည့်လွန်းလည်း စိတ်ညစ်ပြီးအရက်တွေ သောက်မိသည်။ မထူးတော့ဘူး ဖြစ်ချင်ရာဖြစ်ပဲ။ ပင်တိုင်စံရဲ့ သဘောဆန္ဒတွေနောက်လိုက်ဖို့က မလွယ်။ အတ္တကြီးတဲ့ မိန်းမ။

'ပင်တိုင်စံဟာ ကိုကို့အပေါ် လွှမ်းမိုးနိုင်ဖို့ပဲ အမြဲတမ်း ကြိုးစားလုံးပမ်းနေတယ် ခရေစံ၊ ပင်တိုင်စံက ထက်မြက်တာ မဟုတ်ဘူး၊ အတ္တကြီးတာ၊ လောဘရမ္မက်ကြီးတာ'

'ကိုကို'

'ခရေစံရယ်'

'မမနဲ့ကိုကိုတို့ အိမ်ထောင်ရေး တည်တံ့ခိုင်မြဲအောင်ပဲ ကြိုးစားဖို့ လိုအပ်ပါတယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်နိုင်တော့ဘူး ခရေစံ၊ မင်းမမက တစ်လောကလုံးကို အနိုင်ယူချင်နေတာ လွှမ်းမိုးချင်နေတာ'

ပြည့်လွှန်း ဘယ်လိုမှ မတတ်နိုင်တော့။

'ကိုကို သေချင်တယ်၊ စိတ်အရမ်းညစ်နေမိတယ်ကွာ'

ခရေစံကို ရီဝေတဲ့ မျက်ဝန်းတွေနှင့် သူ စိုက်ကြည့်နေမိသည်။

လက်လေးကို ဆုပ်ကိုင်မိသွား၏။ ပြည့်လွှန်းအနေနှင့် ပင်တိုင်စံနှင့် ဆက်ပြီး အတူနေထိုင်ဖို့ ဝန်လေးလာမိ၏။ မျက်နှာချင်းပင် မဆိုင်လို။ စိတ်သောကတွေပဲ ရင်ဆိုင်တော့မှာပဲ ဖြစ်သည်။

'ကိုကိုမှားတယ်... ကိုကိုမှားတယ်'

'ကိုကို'

'ခရေစံ ကိုကို့ကို မင်း မကယ်တော့ဘူးလား'

'ရှင်'

ကျွန်မ ကယ်တင်ရှင် မေခလာမှ မဟုတ်တော့ဘဲ ကိုကိုဟု ပြောပစ်လိုက်ချင်မိလာသည်။ ရှင်ပဲ ခရေစံဟာ ရှင်နဲ့လက်ထပ်ဖို့ အရည်အချင်း မရှိတဲ့ မိန်းမတစ်ယောက် ဖြစ်နေတယ်ဆို။

'ခရေစံ'

'ဟင်'





ကိုကိုက ခရေစံလက်ကလေးကို ဆတ်ခနဲ ဆွဲယူလိုက်သည်။

သူမ အထိတ်တလန့် ဖြစ်သွားမိတော့၏။

'မမ သိသွားရင် မကောင်းဘူးနော် ကိုကို၊ ပြန်ပါ ကျွန်မ တောင်းပန်ပါတယ် ကိုကိုရယ်နော်'

ကိုကို့ကိုသာ သူမပြန်ဖို့ တိုက်တွန်းနေမိသည်။ ဒုက္ခပဲ။ ...ာမီလည်း မရှိ။

အရက်တွေ အလွန်အကျွံ သောက်ထား၍ ခရေစံစကားတွေလည်း နားမဝင်တော့။ ကိုကိုနှင့်သူမ နှစ်ယောက်တည်းရှိနေတော့သည်။ ခရေစံကြောက်ကြောက်ရွံ့ရွံ့နှင့် ထိုင်ငိုချင်စိတ်တွေပင် ပေါက်လာရ၏။

'သေချင်လိုက်တာ ကိုကိုရာ ပြန်ပါတော့'

'မပြန်ဘူး'

'ပြန်ပါနော် ကိုကို'

'ခရေစံ'

'ရှင်'

'မင်းအနားမှာ ကိုကို ဒီနေ့တစ်နေ့ကုန်နေမယ်၊ စိတ်ချ...င်းကို မစော်ကားဘူး၊ ကိုကို့ ညီမလေးအနားမှာ ခဏတဖြုတ်နေ...ဲ့ သဘောပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း'

'မင်းက ဒါမျိုးကျတော့ ကိုကို့အပေါ် မယုံကြည်သလို ငြင်းဆန်တတ်သားပဲ ခရေစံ'

'ကိုကို ဘာတွေလာပြောနေတာလဲ'

'ပင်တိုင်စံက ကိုကိုနဲ့ကိစ္စ ဖျက်သိမ်းပေးဖို့ပြောတော့ မင်း ဘာဖြစ်လို့ မငြင်းဆန်တာလဲ ခရေစံ'

'ဘုရားရေ'

ကိုကို့ဆန္ဒတွေကို သူမ လိုက်လျောဖြည့်စွမ်းပေးတာပါ။ ကိုကို ပျော်ရွှင်စေချင်တာပါ။ မမနဲ့ လက်ထပ်ဖို့ ကိုကိုပဲ ရွေးချယ်ခဲ့တာပဲလေ။

'မမက ကိုကိုရွေးချယ်တဲ့ သတို့သမီးပါ၊ ကျွန်မက ကိုကိုတို့ရဲ့ လိုအင်ဆန္ဒတွေကိုပဲ ဖြည့်စွမ်းပေးခဲ့တာပါ ကိုကို'

ခရေစံ ပြောတာတွေလည်း အမှန်ပဲဖြစ်နေ၍ ပြည့်လွန်း ငြိမ်သက်သွားသည်။

ဟုတ်တယ်။

ပင်တိုင်စံဟာ သူ ရွေးချယ်ခဲ့တဲ့ မိန်းမပဲ။ ခရေစံကိုတော့ သူ မုန်းတယ် အထင်သေးမိတယ်။ အဖက်မတန်သလို ဆက်ဆံ ပြောဆိုနေခဲ့မိသည်။

'ကိုကို အရက်သောက်ချင်တယ်'





'ကျွန်မမှာမှ မရှိတာပဲ၊ ကိုကို မသောက်ပါနဲ့တော့ ကိုကို ယ်နော်'

'ကိုကို အရမ်းစိတ်ညစ်နေတယ်၊ အရက်တွေကို မူး အောင်သောက်ပြီး တစ်လောကလုံးကို မေ့ပစ်ချင်တယ်'

'ကိုကို ညီမလေးကို ချစ်တယ်ဆိုရင် မမနဲ့ အဆင်ပြေ အောင် ဆက်ဆံပြောဆိုပါနော်'

'မရဘူး၊ ပင်တိုင်စံဟာ ကိုကို့ကို လင်ယောကျ်ားတစ် ယောက်ထက် သူ ယှဉ်ပြိုင်ရမယ့် လူတစ်ယောက်လို့ သတ်မှတ် ထားတယ်'

ပင်တိုင်စံက သူ့ကို ယှဉ်ဖို့ ကြိုးစားနေသည်။ သူ့ကို မ်းမိုးနိုင်ရန်အတွက် အဓိကဖြစ်နေ၏။

'ကိုကိုပြန်ပါ'

'ဘာဖြစ်လို့ ဒီလောက်တောင် မောင်းထုတ်နေရတာလဲ ရေစံ'

မင်းဟာ အမြဲတမ်း ရိုးအပြီး နုံချာချာ မိန်းကလေးတစ် ာက် ဖြစ်နေလို့ ကိုကိုအထင်မကြီးမိတာပဲ။

ခရေစံ။ တကယ်တမ်းကျတော့ ကိုကိုတို့လို စီးပွားရေး ငန်းတွေနဲ့ အလုပ်များလွန်းတဲ့ ယောကျ်ားတစ်ယောက်အတွက် ဟာ ဇနီးမယားကောင်း တစ်ယောက်ပဲ ဖြစ်နိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ခရေစံ'

'ရှင်'

'ကိုကို နောင်တရနေပြီ'

'ရှင်'

ကိုကို့စကားတွေကို မမပင်တိုင်စံသာ ကြားသွားရင် ကိုကိုရော ခရေစံရော မလွယ်ဘူး။ သူမ ကြောက်လာသည်။

'မင်းကို ရွေးချယ်သင့်တာ'

'ကိုကိုအတိတ်က ဘာတွေပဲဖြစ်ခဲ့ ဖြစ်ခဲ့ အားလုံးက ပြီးဆုံးသွားပါပြီ ကျွန်မ တောင်းပန်ပါတယ် ကိုကို'

'မင်း တောင်းပန်ဖို့ မလိုပါဘူး၊ ကိုကိုက တောင်းပန်ရကို မှာပါ ခရေစံ'

'မမသိသွားရင် ခရေစံကိုအပြစ်တင်မှာပါ ကိုကို၊ ကျွန်မက လက်ခံလို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ကျွန်မအပေါ် အကြီးမာဆုံး ဒဏ်ခတ်မှုတွေ လုပ်လာမှာပဲ'

'ကိုကို ပင်တိုင်စံကို ဂရုမစိုက်ချင်တော့ဘူး'

'ကိုကို'

'ခရေစံ'

'ကျွန်မ တောင်းပန်ပါတယ်၊ နောက်ထပ် ကျွန်မလာပြီး မပတ်သက်ပါနဲ့တော့နော်'





'ခရေစံ သိပ်ကြောက်နေရင်လည်း ကိုကိုပြန်မယ်၊ တစ်ခုတော့ အခွင့်အရေးပေးပါ၊ ကိုကို စိတ်ညစ်တိုင်း ခရေစံဆီလာမယ်၊ ကိုကို့ကို ကော်ဖီလေးတစ်ခွက်လောက် တိုက်ပါနော်'

သူမ ပြတ်ပြတ်သားသား ငြင်းဆန်ပစ်ချင်မိသည်။ နှုတ်ခမ်းတွေက လှုပ်ရှား၍မရ။ လက်ခံလို့မှ မဖြစ်တာ ကိုကိုရယ် နောက်ကျနေပါပြီ။

ရှင် အခုမှ ဘာဖြစ်လို့များ ရှင့်ရဲ့ အကြင်နာတွေကို လာပြနေရတာလဲ။ ကျွန်မတို့နှစ်ယောက်မှာ ဖူးစာဆိုတာ မရှိနိုင်တော့ပါဘူး။ ပေါင်းဖက်ဖို့လည်း မဖြစ်နိုင်ပါဘူး။

'နော် ခရေစံ'

'ဟင့်အင်း'

'ခရေစံရယ်'

'အို'

ကိုကို့ လက်တွေက ကျွန်မ ကိုယ်လုံးလေးကို သိမ်းကြုံးပွေ့ဖက်လိုက်သည်။

ပြီးတော့ သူမ ပါးပြင်လေးအား နမ်းသည်။

'ကိုကို ရှင်... ရှင်'

သူမ အတင်းရုန်းကန် ဖယ်ရှားပစ်လိုက်မိသည်။

'ရှင် ထွက်သွားပါ၊ ကျွန်မကို ဒုက္ခရောက်အောင် ရှင်



www.burmeseclassic.com

www.burmeseclassic.com



လာလုပ်နေတာလဲ၊ ထွက်သွားပါတော့ ကိုကို ကျွန်မ တောင်းပန်ပါတယ်နော် ကိုကို'

ကိုကို့ကို တင်းတင်းမာမာပြောရန် ကျွန်မတွင် အင်အားမရှိ။ တော်တော်လေး ခက်ခဲနေသည်။ လူတွေရဲ့ အလိုဆန္ဒကို လိုက်လျောတတ်တဲ့အကျင့်က သူမအကျင့်။

'ကိုကို တောင်းပန်ပါတယ် ခရေစံ၊ မင်းဟာ ကိုကိုထင်ထားတာထက်တောင် နူးညံ့သိမ်မွေ့ပြီး ချစ်စရာကောင်းတယ် ကိုကိုချစ်တယ်'

'ရှင်'

သူမ အထိတ်တလန့်နှင့် ကိုကို့ကို ကြည့်မိသည်။ သေချင်လိုက်တာ။ အမလေး ခရေစံ အခုမှ ရူးတော့မယ် ထင်တယ်။ ဒီစကားတွေ ဘာဖြစ်လို့ လာပြောနေရတာလဲ။ ရှက်စိတ်တွေက သူမတစ်ကိုယ်လုံးကို ထုပူသွားစေသည်။

'ခရေစံ'

နှုတ်ခမ်းသားလေးတွေက တဆတ်ဆတ်တုန်ယင်နေသည်။ အသက်ရှူဖို့ပင် မေ့နေ၏။

လက်ဖျားလေးတွေ အေးစက်ချင်လာသည်။

'ကိုကို မှားသွားတယ်၊ အခုချိန်မှာ ဒီစကားမျိုး ကိုကို မပြောသင့်တော့ဘူး၊ ဟုတ်တယ်၊ မင်းပြောတာ အမှန်ပဲ၊ ပင်တိုင်





စံနဲ့ ကိုကို့အိမ်ထောင်ရေး တည်ငြိမ်မှုရှိအောင် ကြိုးစားရမယ်၊ ကိုကိုတို့မှာ ဂုဏ်သိက္ခာပိုင်းတွေ ရှိသေးတယ်'

'ကျွန်မ အဖြစ်ချင်ဆုံးက အဲဒါပဲကိုကို'

'ကိုကိုပြန်တော့မယ်၊ ခရေစံ စိတ်ချမ်းသာစေရပါမယ် ကိုကို နောက်ထပ် မနှောင့်ယှက်တော့ဘူးနော်'

'အင်း'

သူ့အသိတွေ ဝင်လာသည်။ ခရေစံကို နှုတ်ဆက်ပြီး ပြန်လာခဲ့တော့၏။ ပင်တိုင်စံ မရှိပေ။ သူက အရေးမကြီးပါဘူး၊ လုပ်ငန်းခွင်တွေအားလုံး ပင်တိုင်စံပဲ ကြီးကြပ်နေသည်။ ယောကျ်ားဘာလဲ။

တိုက်ထဲပြန်ရောက်လာတဲ့အထိ သူ့နှလုံးသားတွေက မအေးချမ်းနိုင်။ အိမ်ထောင်တစ်ခုရဲ့ ပျော်ရွှင်ချမ်းမြေ့မှုဆိုတာ ဘာလဲ။ ကိုယ့်ကို ပခုံးချင်းယှဉ်ပြီး ဖြိုင်နေမည့် မိန်းမတစ်ယောက်နဲ့ စီးပွားရေး၊ လူမှုရေး ကိစ္စတွေမှာ ယှဉ်ပြိုင်နေရမှာလား။

မဖြစ်သင့်ဘူး။ သူ့အပြစ်တွေပဲ။ ခရေစံလို ယဉ်ကျေးသိမ်မွေ့တဲ့ မိန်းကလေးနဲ့ လက်ထပ်သင့်တယ်။ သူပဲဖယ်ခဲ့တာပါ။ အခုချိန်မှာတော့ နောင်တရနေလို့လည်း အပိုပဲဖြစ်သည်။ ခရေစံကို ဒုက္ခရောက်စေမည့် ပင်တိုင်စံနှင့် စိတ်သဘောထားချင်း တိုက်ဆိုင်မှု ရှိစေရန် ကြိုးစားဖို့ပဲ ဆုံးဖြတ်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



'ကရင်… ရင်'

ဖုန်းမြည်လာသည်။

အိမ်ဖုန်းပါ။

သူကောက်ပြီး နားထောင်လိုက်တော့ ယောကျ်ားတစ် ယောက်ရဲ့အသံ ဖြစ်နေသည်။

'ပင်တိုင်စံကို တွေ့ချင်လို့ပါ'

'မရှိဘူးခင်ဗျ။ လုပ်ငန်းခွင်မှာပဲရှိတယ်'

'ပင်တိုင်စံ ရောက်လာရင် ကျော်ကြီ ဖုန်းဆက်တယ်လို့ ပြောလိုက်ပါ'

'ဟုတ်ကဲ့'

ပင်တိုင်စံ လုပ်ငန်းကြီးကြီးမားမားတွေ လုပ်နေတော ဖုန်းတွေက လူမျိုးစုံ အဆက်မပြတ် ဆက်နေတတ်သည်။

ဖုန်းပြန်ချ၏။

သတိရမိတာက ခရေစံ။

မိန်းကလေးတစ်ယောက်အား မြတ်နိုးစွာ နမ်းမိလိုက် သည်။

အား… ရင်တွေ နာကျင်တယ်။ အချစ်ကို သိသွားပြီ

သူ့ဇနီးမယားဖြစ်တဲ့ ပင်တိုင်စံကိုတောင် အနမ်းလေ ပေးရမှာ တွန့်ဆုတ်နေမိတာတော့ အမှန်ပင်။





လူဆိုတာ ခက်တယ် ခရေစံ။ မရနိုင်တဲ့ အရာတို့မှ တန်ဖိုးထားချင်ကြတာမျိုးလား ခရေစံကို ကိုယ့်လက်ထဲမှာ ရှိစဉ်က အဖိုးတန်လိမ့်မည်ဟု ကိုယ်မထင်မိ။ အထင်သေး ရန်လိုခဲ့သည်။

ကိုကို စိတ်ညစ်နေတယ်။ ပင်တိုင်စံနဲ့ ရင်ဆိုင်ဖို့ အခက်ခဲဆုံးပဲ။ ဒါပေမဲ့ ပင်တိုင်စံရဲ့ သဘောဆန္ဒတွေအတိုင်းသာ နေထိုင်ပြုမူဖို့ ပြည့်လွန်း ဆုံးဖြတ်ထားလိုက်မိသည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

'ရှင့် အလုပ်သမားတွေအားလုံး အလုပ်ထုတ်ပစ်လိုက်ပြီ ကို'

'ဟင် ဘယ်လိုဖြစ်တာလဲ စံ'

'လနည်းလို့တဲ့လေ၊ အခုခေတ်မှာ လခဘယ်လောက်ပဲ ပေးပေး လုပ်မယ့်သူတွေက တစ်ပုံကြီးပဲဟာ'

'ကောင်းပြီလေ၊ မင်းသဘောပဲ ကိုယ် လက်ခံပါတယ်'

ပင်တိုင်စံအကြည့်တွေက ပြည့်လွှန်းထံ ရောက်သွားသည်။ တော်တော်လေး အပိုးကျိုးနေတာပဲ၊ အပြောင်းအလဲတွေ မြန်လိုက်တာ။ မနေ့က ပြည့်လွှန်း ခရေစံဆီ သွားခဲ့တာ သိထားသည်။ ခရေစံဆီ သွားတယ်ဆိုတာကို မာမီမှ တစ်ဆင့် သူမကြားခဲ့ရသည်။

'ရှင့်သဘောထားတွေက ကျွန်မကို အလျှော့ပေးလှချည်လား ပြည့်လွှန်း၊ ခရေစံက ဖျောင်းဖျလိုက်ပြီ ထင်တယ်'





'မဟုတ်ပါဘူး စံ၊ ကိုယ့် အိမ်ထောင်ရေးကို အေးချမ်း တည်ငြိမ်ချင်တယ်၊ ပြဿနာတွေပေါင်းစုံ တက်နေတဲ့ အိမ်ထောင်ရေးမျိုး မဖြစ်စေချင်ဘူး'

'ဟင်း… ဟင်း… ဟင်း'

'မင်း ဘာရယ်တာလဲ စံ'

'မင်္ဂလာဦးညဆိုတာ ဘာမှန်းမသိရသေးတဲ့ သတို့သမီး တစ်ယောက်အကြောင်း တွေးမိလို့ပါ'

သူမသည် ယောကျ်ားတစ်ယောက်ရဲ့ ဥပေက္ခာပြုမှုတွေကို ခံနေရပါသည်။ ဘယ်လောက် ဒေါသဖြစ်စရာကောင်းတဲ့ ဘဝလဲ။

'ကို'

'စံ'

'ရှင့်ကို လုံးဝပဲ၊ ပင်တိုင်စံက ဘယ်တော့မှ ဂရုမစိုက်ဘူးဆိုတာ သဘောပေါက်ထားစမ်းပါ'

'မင်း ဘာတွေ ပြောနေတာလဲ စံ၊ အခုအချိန်မှာ ဘာမှ အတိုက်အခံ ပြောမနေသင့်တော့ဘူး၊ ကိုယ်တို့ ညှိနှိုင်းပြီး လုပ်သင့်တယ်'

'ရှင့်ကို ခရေစံက အကြံအစည်ပေးတာလား'

'စံ မင်းကို တောင်းပန်ပါတယ်ကွာ'



www.burmeseclassic.com

www.burmeseclassic.com



သူ့အိမ်ထောင်ရေးကို စိတ်ပျက်လာမိသည်။ ယောကျ်ားတစ်ယောက်အနေနဲ့ ဘာ အခွင့်အာဏာမှ မရှိခဲ့။ အလျှော့ပေးတော့လည်း မရ။

'ရှင် ခရေစံဆီ သွားတယ် မဟုတ်လား'

'ဟုတ်တယ်'

'ရှင် မညာတတ်ဘူး၊ အမှန်တွေကို ဝန်ခံတတ်သားပဲ'

'ကိုယ်က ယောကျ်ားတစ်ယောက်ပဲ စံ၊ ဘာမှ လိမ်ညာနေစရာ မရှိပါဘူး၊ ဒါပေမဲ့ ခရေစံဟာ ကိုယ့်ကျင့်တရားကောင်းတဲ့ မိန်းကလေးတစ်ယောက်ပဲ'

'ဘာရှင့်၊ စံက ကိုယ်ကျင့်တရားမကောင်းဘူးလို့ ရှင်ပြောချင်တာလား'

'ခက်တာပဲ စံ၊ အတတ်နိုင်ဆုံး တို့အိမ်ထောင်ရေးကို တည်ငြိမ်အောင် ကြိုးစားကြမယ်'

'ခရေစံဆီ သွားမယ်၊ သင်းကို ပြောပစ်ရမယ်'

'ခရေစံမှာ ဘာအပြစ်မှ မရှိဘူးစံ၊ ကျေးဇူးပြုပြီး မသွားပါနဲ့'

'မရဘူး၊ သူများ ယောကျ်ားကို မြူဆွယ်တဲ့ကောင်မ၊ ကြိမ်းပစ်ရမယ်၊ ရှင် အနေသာကြီးပါ ကို၊ ခရေစံဘက်က မနေပါနဲ့'





'မဟုတ်သေးဘူး စံ၊ ကိုယ်တောင်းပန်ပါတယ်။ ခရေစံမှာ အပြစ်မရှိဘူး၊ မင်းအပေါ် သံယောဇဉ်ကြီးတဲ့ ညီမ တစ်ယောက်ပါ'

'ဘာ သံယောဇဉ်ကြီးရမှာလဲ၊ ရိုးသားချင်ယောင်ဆောင်နေတာပဲ စံသိတယ်၊ ရှင်လဲ အေးအေးဆေးဆေး နေနော်၊ အရှက်မကွဲချင်ရင် ခရေစံနဲ့ ပတ်သက်ဖို့ မကြိုးစားပါနဲ့'

'မင်း ဘာတွေ ပြောနေတာလဲ စံ'

'နားမလည်ဘူး၊ ခရေစံဆီသွားမယ်၊ သင်းက ရှင့်ကို ဘာဖြစ်လို့ လက်ခံရတာလဲ၊ ပြောစမ်းပါဦး'

ပင်တိုင်စံ တိုက်ထဲက ထွက်သွားပြီး ကားပေါ်တက်သည်။

'စံ… ပင်တိုင်စံ၊ မင်း လုံးဝ မသွားရဘူး'

'သွားမယ်'

ကားကို ဝေါခနဲ မောင်းထွက်လာခဲ့တော့သည်။ အခုတလော ပင်တိုင်စံ ဒေါသတွေ အကြီးအကျယ်ထွက်နေတော့သည်။

သူမတွေးဆမိတာက သူမ လျှောက်လှမ်းမယ့် ခရီးလမ်းမှာ အနှောင့်အယှက်တွေကို ရှင်းလင်းဖယ်ရှားပစ်ဖို့ပင် ဖြစ်၏။ သင်းတို့ သိမယ်။ ပင်တိုင်စံအကြောင်း ကောင်းကောင်းသိစေရမယ်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ဒေါသတကြီး ကားမောင်းထွက်လာခဲ့သည်။ မာမီနှင့် ခရေစံက ကုမ္ပဏီထူထောင်ဖို့ စီစဉ်နေကြ၏။ ပင်တိုင်စံ ဒေါသတွေကို ပို၍ နှိုးဆွပေးလိုက်သလို ဖြစ်နေသည်။

'ဒါ ဘာလုပ်နေတာလဲ မာမီ'

'သမီးကြီးပါလား၊ ဘာဖြစ်လို့ ဒေါသတကြီးဖြစ်လာရတာလဲကွယ်'

သမီးကြီး၏ ဒေါသတွေကို ဒေါ်အေမီစံ လန့်နေမိသည်။

'မာမီတို့ ဘာတွေလုပ်နေရတာလဲဆိုတာပဲ ပြောစမ်းပါ'

'ဘုရားရေ၊ မာမီတို့မှာ စီးပွားရေးလုပ်ငန်း မရှိတော့တာပဲ၊ အလုပ်လေး တစ်ခုလုပ်ဖို့ စီစဉ်နေတာလေ၊ သမီးလေးပဲ ဦးစီးမယ်'

'ဘာပြောတယ် မာမီ၊ ခရေစံက ဦးစီးမယ်၊ ဟုတ်လား သင်းကို မာမီ မြေတောင်မြှောက်ပေးနေတာပေါ့'

'သမီးကြီးက လုပ်ငန်းတွေအားလုံး ယူသွားတော့ မာမီတို့ ဘာဝင်ငွေနဲ့ စားရမလဲ'

'မလိုဘူး၊ ခရေစံကို မီးဖိုချောင်ထဲမှာပဲ ထားရမယ်၊ မာမီက ပင်တိုင်စံထက်သာအောင် လုပ်ပေးနေတာ မဟုတ်လား'

ပင်တိုင်စံ ဒေါသတကြီးနှင့် အော်ဟစ်ပစ်လိုက်သည်။





ခရေစံ ဘယ်တော့မှ မိမိထက် မသာစေရဘူး။ အမြဲတမ်း နိမ့်ကျနေစေရမည်။

'ပေးစမ်း ဒီစာရွက်စာတမ်းတွေ'

'ပင်တိုင်စံ မာမီ တောင်းပန်ပါတယ်၊ မလုပ်ပါနဲ့ သမီးကြီးရယ်၊ သမီးလေးဘဝမှာ စားဝတ်နေရေး သိပ်ပြီး ခက်ခဲနေလိမ့်မယ်'

'တော်ပါစေ၊ ဒီ အသုံးမကျတဲ့ ဟာမလေးကို မာမီဘာမှ ပွဲထုတ်နေစရာ မလိုဘူး'

'ခရေစံဟာ သမီးကြီးရဲ့ ညီမလေးပဲ'

'နားမလည်ဘူး ဘာမှ ထပ်မပြောနဲ့တော့ မာမီ၊ ခရေစံကို ပွဲထုတ်ဖို့ မာမီမကြိုးစားပါနဲ့'

ဒေါ်အေမီစံအနေနှင့် သမီးကြီးနှင့် အတိုက်အခံမလုပ်လိုပေ။ ချော့မော့ပြောဆိုကာ အလျှော့ပေးမှ ဖြစ်မည်။ သမီးလေးဘဝရှေ့ရေးအတွက် ဒေါ်အေမီစံ ဘာတစ်ခုမှ မလုပ်ဆောင်ပေးနိုင်တော့ဘူးလား။

အတိုက်အခံလုပ်လျှင်လည်း ပြဿနာတွေက ကြီးထွားလာမည်ဖြစ်သည်။

'မာမီ'

'သမီးလေး'



www.burmeseclassic.com

www.burmeseclassic.com



'မမနဲ့ ဘာတစ်ခုမှ အတိုက်အခံ မလုပ်ပါနဲ့တော့နော်၊ ခရေစံက ဘယ်ဘဝမှာပဲ နေရ နေရ နေတတ်နေပါပြီ'

ခရေစံက မာမီ စိတ်အနှောင့်အယှက်ဖြစ်မှာ မလိုလားပေ။ သူမ ဘက်က ရပ်တည်ပေးမှာ မလိုလားပေ။ စိတ်ချမ်းသာစေချင်မိသည်။

'နှင့်ကို တစ်ခုလောက် ပြောရဦးမယ်နော် ခရေစံ၊ ငါ့ယောက်ျားနဲ့ လုံးဝ မပတ်သက်မိဖို့ပဲ'

'ကျွန်မ... ကျွန်မ'

'နင် ရိုးအချင်ယောင်ဆောင်ပြီး ငါ့ယောက်ျားကို မြူဆွယ်ဖို့ မကြိုးစားနဲ့နော်'

'ကျွန်မ ဘယ်တော့မှ မမကို စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါဘူး မမရယ်၊ ကိုကိုနဲ့က မောင်နှမတွေလို ဆက်ဆံတာပါ'

'တော်စမ်း၊ ညည်း ဘာမှ အကြောင်းမပြနဲ့၊ နောက်ထပ် ငါ့ယောက်ျားနဲ့ ပတ်သက်ရင် ညည်းမလွယ်ဘူး မှတ်'

ပင်တိုင်စံ စိတ်ထဲမှာ မလိုတမာစိတ်တွေနှင့် ပြည့်နှက်နေသည်။ အလိုမကျနိုင်။ ပြည့်လွှန်းကြောင့်ပဲ ခရေစံသာ သူမထက် သာသွားလျှင် ပြည့်လွှန်းစိတ်တွေ တိမ်းညွှတ်သွားမှာ သေချာသည်။





အခုလည်း ကြည့်လေ။ သူမနှင့် ပြည့်လွှန်း လင်မယားအရာ ထမြောက်ခြင်း မရှိကြသေးပေ။ ခရေစံဘက်က ရပ်တည်နေသည်။ ပြည့်လွှန်းဘက်က ရှောင်နေသည်။ အကြောင်းအမျိုးမျိုးပြကာ သူမကို ဥပေက္ခာပြုနေတော့၏။

ခံပြင်းစရာပဲ။ ခရေစံ၊ ညည်းကြောင့်ပဲ။ ပင်တိုင်စံဒေါသတွေကို အတတ်နိုင်ဆုံး ထိန်းချုပ်နေရသည်။ ဘာပဲဖြစ်ဖြစ် ခရေစံဟာ လူ့လောကကြီးထဲမှာ ရှိမနေသင့်တော့ဘူး။ သူမအတွက် အနှောင့်အယှက်ပဲ။

'မာမီရော ခရေစံပါ သတိထားကြ၊ ပင်တိုင်စံနဲ့ ယှဉ်ပြိုင်ဖို့ ဘယ်တော့မှ မကြိုးစားကြပါနဲ့'

ပင်တိုင်စံအကြောင်း ကောင်းကောင်းပြရသေးတာပေါ့။ စိတ်ထဲကနေ ကြိမ်းဝါးသည်။ သူမရင်ထဲမှာ ဒေါသမီးတွေ ညီးညီးတောက်လောင်နေမိသည်။ အရာအားလုံး ပင်တိုင်စံရဲ့ ခြေဖဝါးအောက်မှာပဲ ရှိနေစေရမယ်။ ခရေစံကို ပြည့်လွှန်းနှစ်သက်နေ၏။

ခရေစံက ဖြူစင်ပြီး အပြစ်ကင်းသည်တဲ့။ နှုတ်ခမ်းသားတွေကို တင်းကျပ်စွာ ဖိကပ်ထားမိသည်။ သူမ ပြန်လှည့်လာသည်။

ကားစတီယာရင်ကိုလည်း ဆုပ်ကိုင်ထားမိ၏။ အပြတ်



www.burmeseclassic.com

www.burmeseclassic.com



ရှင်းပစ်ရမယ်။ နင်အသေပဲ။ ပင်တိုင်စံ လျှောက်လှမ်းမယ့် လမ်းခရီးမှာ အနှောင့်အယှက် အတားအဆီးတွေ လုံးဝမရှိစေရဘူး။

မှဲ ပြုံးလေးကို နှုတ်ခမ်းသားတွေ တွန့်သွားသည်အထိ ပြုံးပစ်လိုက်တော့သည်။

□ □ □



## အခန်း (၂၃)

ပင်တိုင်စံတစ်ယောက် ရူးသွပ်စွာဖြင့် ကားကို တရကြမ်း မောင်းထွက်လာခဲ့မိသည်။ အမေနှင့် ညီမဆိုတာကို မသိဘူး။ ညည်းဟာ ပင်တိုင်စံရဲ့ ရန်သူပဲ။ ခရေစံ။ ကျုပ်အချစ်ဆုံး ယောက်ျားတစ်ယောက်ကို လုယူဖို့ ကြိုးစားနေတယ်။ ပြည့်လွှမ်း ရင်ထဲမှာ နင်ရှိနေပြီတဲ့။

ပင်တိုင်စံရဲ့ဒေါသတွေက ကြောက်စရာကောင်းလောက်အောင် ပေါက်ကွဲချင်နေမိတော့သည်။

နင်ဟာ လူ့လောကကြီးထဲမှာ မရှိသင့်တော့ဘူး ခရေစံ။ ပြည့်လွှမ်း အချစ်တွေ နင်ရသွားတော့မယ် ခရေစံ။

မုန်းတယ်။

နင့်ကိုမုန်းတယ်။ ခရေစံ မရှိတော့ရင် ကိုကိုပြည့်လွှမ်း အချစ်ဆုံးက ပင်တိုင်စံ ဖြစ်တော့မှာပါ။ ဒေါသတွေက သူမ၏ ကိုယ်လုံးမှာရှိတဲ့ သွေးတွေကို ပွက်ပွက်ဆူစေသည်။ အမှားတွေ



www.burmeseclassic.com

www.burmeseclassic.com



အမှန်တွေ မသိတော့။ ပိုင်းခြားဝေခွဲနိုင်တဲ့ အသိဉာဏ်တွေလည်း ကင်းမဲ့နေပြီဖြစ်သည်။

'ခရေစံ'

'ရှင်… မမ'

'ညည်းကို မမတွေ့ချင်တယ်၊ အရေးကြီးတဲ့ စကားပြောချင်လို့'

ခရေစံအား ဖုန်းဆက်ခေါ်လိုက်မိသည်။

ပြီးတော့ ခရေစံ စီးမည့်ကားအား ဘရိတ်ကြိုး ဖြတ်ထားရန် ဖြစ်သည်။ ပင်တိုင်စံစီစဉ်ထားသည်။ ကျုပ်က အတွဲပဲရှိတယ်။ ရင်ထဲမှာ မလိုတမာမှုတွေနှင့်သာ ပြည့်နှက်နေတော့သည်။

ခရေစံဆီ ဖုန်းဆက်ပြီး ပင်တိုင်စံ စောင့်နေမိ၏။ အပြန်တွင် သူမ စီစဉ်ထားသော ကားဖြင့် ပြန်ခိုင်းစေရမည် ဖြစ်သည်။ ပြည့်လျှမ်းကို သူမ ချစ်တာထက် အနိုင်ရယူချင်တာပါ။ ညီမက ညီမပဲ။

ငါ့ နှလုံးသားတွေကို လုယူဖို့ ကြံတဲ့မိန်းမဆိုရင် ငါ ဘယ်လိုမှ သည်းမခံနိုင်ဘူး ခရေစံ။

'မမ'

'ဟင်'





ခရေစံက သူမထံသို့ ကျိုးနွံစွာ ရောက်ရှိလာသည်၊ နင်ကအရင်လို နုံနုံချာချာ ကောင်မလေး မဟုတ်တော့ဘူးပဲ၊

'ခရေစံ'

ညီမဖြစ်သူ ခရေစံရဲ့ မျက်နှာလေးက ချစ်ခင်မြတ်နိုးစွာ ကြည်လင်နေသည်။ အချစ်နှင့် ပတ်သက်လာသောအခါ ပင်တိုင်စံအတွက် ခွင့်လွှတ်သည်းခံနိုင်စွမ်း မရှိတော့အောင် ဖြစ်နေသည်။

'မမ'

'ဟင်'

'ဘာဖြစ်နေတာလဲ'

'ဘာမှ မဖြစ်ပါဘူး၊ ကိုမြဆိုတဲ့ ဒရိုင်ဘာကို ညီမလေး မယုံဖို့ သတိပေးမလို့'

'မမ ပင်တိုင်စံပဲ အရာရာကို သတိထားပါ'

မမသည် ခရေစံအား သူမ၏ယောက်ျားနှင့် တစ်မျိုးတစ်မည် ထင်နေ၍ မဟုတ်မမှန်ကြောင်း ရှင်းပြချင်မိသည်။

'မမ'

'ဘာလဲ ခရေစံ'

'ညီမလေး ပြောချင်တာကတော့ ညီမလေးအပေါ် အထင်မလွဲစေချင်တာပါ မမရယ်'

ပင်တိုင်စံကတော့ ဘယ်နည်းနှင့်မှ ခရေစံကို ခွင့်မလွှတ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပေ။ အနိုင်ကျင့်နေရမှ ကျေနပ်သူ။ ပြည့်လွှမ်းက ခရေစံနှင့် လက်ထပ်ဖို့တောင် စီစဉ်ခဲ့သူဖြစ်နေသည်။ အခု ချစ်နေပြီ ထင်နေ၏။

ဒင်းရှိနေလျှင် သူမတို့၏ အိမ်ထောင်ရေးက အနှောင့်အယှက် ဖြစ်နိုင်၏။ စံ နည်းနည်းလေးမှ သည်းမခံနိုင်။ ငါ့နှလုံးသားတွေ ကြေကွဲမှု ဘယ်လောက်ခံစားနေရသလဲဆိုတာ ငါပဲသိတယ်။ ညည်းသိရဲ့လား ခရေစံ။

'မမရယ် ညီမလေးဘဝမှာ သံယောဇဉ် တွယ်စရာ မမပဲရှိတာပါ'

ခရေစံကလည်း မမအား နားဝင်အောင် ဖျောင်းဖျနေမိသည်။ မမမျက်ဝန်းတွေကို ကြောက်တယ်။ မမမျက်ဝန်းတွေထဲမှာ သူမအပေါ် နာကြည်းမှုတွေ ရှိနေ၏။ အမြဲတမ်း ရန်လိုနေတာ။

ခရေစံ သိသည်။ ဘယ်လောက်ပဲ ဟန်ဆောင်နေပါစေ မမက ခရေစံကို မုန်းတီးနာကြည်းနေဆဲပင် ဖြစ်သည်။ မမအကြည့်တွေကို ကြောက်လာမိ၏။ စူးရှတောက်ပြောင်နေသည်။

'ကျွန်မက မမအကျိုးပျက်စီးစေမယ့် ကိစ္စတွေဆို ဘာမှ မလုပ်ပါဘူး မမရယ်၊ စိတ်ချပါ'

'ယုံပါ၊ ညည်းကို ကျုပ် လုံးဝ မယုံဘူး'





'ယုံပါ မမ၊ ညီမလေးက မမအပေါ် ကြီးမားတဲ့ သံယောဇဉ်တွေနဲ့ တွယ်တာနေရတာပါ'

မမလက်မောင်းတွေကို ဖက်တွယ်ထားမိသည်။ တောင်းပန်မိ၏။ သူမလက်ကို ဖယ်ပစ်၏။ မမအကြည့်တွေက အေးစက်မာကျောနေသည်။

'မမ'

'ဘာလဲ'

'ခရေ မမနဲ့ အဝေးဆုံးကို ထွက်သွားတော့မှာပါ'

'ညည်း တကယ်ထွက်သွားမှာလား ခရေစံ'

'ဟုတ်ကဲ့ပါ'

ခရေစံ အပြင်ထွက်သွားလည်း ပြည့်လွှမ်းက လိုက်သွားမှာပဲ မဟုတ်လား။ သူမ ဘယ်သူ့ကိုမှ မယုံ။ ခရေစံ အကွက်ဆင်တာ လိမ်ညာတာ၊ အကောင်းဆုံးက ခရေစံ မရှိမှ၊ ပင်တိုင်စံစိတ်တွေက အသိမဲ့စွာ အမှောင်ဆုံး အမှောင်ထုထဲသို့ တိုးဝင်နေတော့သည်။

ဘာမှ မသိဘူး။ ခရေစံအပေါ် အနိုင်ရချင်သည်။ ခရေစံကိုလည်း ညီမတစ်ယောက်အဖြစ် မသိမြင်တော့။ အကြီးမားဆုံး ရန်သူ ယှဉ်ပြိုင်ဖက်ပဲ။ ပင်တိုင်စံသည် အမြဲတမ်း မာကျောတင်းထန်ခဲ့တဲ့ သူပါပဲ။ အလိုမကျမှုတွေပဲရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ မထင်လျှင် မထင်သလို ဒေါသတွေနှင့် ပူလောင်မှုတွေပဲ ဖြစ်နေသည်။

'ညည်း ပြန်တော့ ခရေစံ'

'ဟုတ်ကဲ့ပါ မမ'

'ကျုပ် အဓိက ပြောချင်တာကတော့ ပြည့်လွှမ်းဟာ ကျုပ်ချစ်သူဆိုတာ ညည်းသိဖို့ပဲ'

'မမရယ်'

မမသဘောဆန္ဒအတိုင်း ခရေစံ ဖြည့်စွမ်းပေးခဲ့ပြီ မဟုတ်လား။

'ကျွန်မ ပြန်တော့မယ် မမ'

'ဘမောင်'

'ခရေစံကို ပေါ်တီကိုအောက်က ကားနဲ့လိုက်ပို့စမ်း'

'ဟုတ်ကဲ့ မမ'

'နေပါစေ မမ၊ ကျွန်မတစ်ယောက်တည်း အငှားကားစီးပြီး ပြန်ပါ့မယ်'

'ရပါတယ်အေ့၊ ဘမောင်၊ လိုက်ပို့လိုက်၊ ညည်းအပေါ် အစ်မတစ်ယောက်အနေနဲ့ သံယောဇဉ် ရှိလို့ပါ'

မမနှင့် ခရေစံသည် ကြီးမားတဲ့ သံယောဇဉ်တွေနဲ့ ချည်နှောင်ထားတဲ့ ညီအစ်မတွေ ဖြစ်သင့်ပါလျက် မဖြစ်ခဲ့ပေ။





အနိုင်ယူ စိုလ်ကျူချင်နေသည်။

ယောကျ်ားတစ်ယောက်ကြောင့် အမုန်းတွေနှင့် [illegible] နေကြရသည်။ မဖြစ်ချင်တော့ပါဘူး။ ခရေစံ ဘက်[illegible] မမအပေါ် အချစ်တွေ၊ သံယောဇဉ်တွေပဲ ရှိနေခဲ့၏။ [illegible] လိုက်ပို့မည်ပြောပေမယ့် ခရေစံကတော့ ဖွတ်အတင်းပင် အငှားကားနှင့် ပြန်လာခဲ့မိတော့သည်။

ဘမောင် ဝင်လာတာ တွေ့လိုက်သဖြင့် ပင်တိုင်စံ အထိတ်တလန့် ဖြစ်သွားရ၏။

'ဘမောင်… နင် ခရေစံကို လိုက်မပို့ဘူးလား'

'မမလေး ခရေစံက သူ့ဟာသူ ပြန်မယ်ဆိုပြီး ဖွတ်ပဲ အငှားကားနဲ့ ပြန်သွားပါတယ်'

'ဘာ'

ပင်တိုင်စံ ဒေါသတကြီးနှင့် ဆတ်ခနဲ ထလိုက်မိသည်။ သူမ စိတ်တွေ ပူလောင်စွာ ဒေါသတွေပဲ ဝါးမျိုဖုံးလွှမ်းနေသည်။ ဘာကိစ္စအရေးတကြီး ကားငှားပြီး ပြန်ရတာလဲ။ ပင်တိုင်စံရဲ့ စိတ်ထဲမှာ မသင်္ကာသလို ဖြစ်သွားမိတော့သည်။ ခရေစံက အငှားကားနဲ့ ပြန်ခဲ့၏။ စိတ်မချတော့။ မျက်ဝန်းတွေ ပြာဝေလာသည်။ ပြည့်လွှမ်းနှင့် ခရေစံ ချိန်းထားတာမျိုးလား။ ယုံရတာ မဟုတ်။ လိုက်သွားမယ်။



www.burmeseclassic.com

www.burmeseclassic.com



ခရေစံ လှလည်းမ၊ ဒင်းတို့နှစ်ယောက်က ပင်တိုင်စံ ကွယ်ရာမှာ ချိန်းတွေ့ချင်တွေ့ကြမှာ သေချာသည်။ ဒေါသတွေ ပေါက်ကွဲပြီး အပြင်သို့ ထွက်လာခဲ့မိသည်။ သူမ ဖြစ်ချင်ခဲ့တာ တွေက လုံးဝမဖြစ်တော့ဘဲ ခရေစံကသာ အစစအရာရာ သာလွန် နေပြီလား။ ပြည့်လွန်းနှုတ်ကနေ ခရေစံအား ချီးမွမ်းစကားတွေပဲ ပြောသည်။ ကားတစ်စီးပေါ်သို့ တက်ပြီး မောင်းထွက်လာခဲ့မိ သည်။

ပင်တိုင်စံစိတ်တွေက အသိတွေ ကင်းမဲ့နေ၏။ ခရေစံကို မယုံ။ ညည်း ဟန်ဆောင်နေတာ။ စိတ်သဘောထား ပြည့်ဝချင် ယောင်ဆောင်နေတာ မဟုတ်လား။ ပြည့်လွန်းကို မြန်လုဖို့ ညည်း ကြံစည်နေတာပါ။ ပြည့်လွန်းဆီ သွားတွေ့မှာမို့ ကျုပ် စီစဉ်ပေးတဲ့ ကားကို ညည်းမစီးတာ မဟုတ်လား ခရေစံ။

စိတ်တွေက ဒေါသတွေနှင့် ပူလောင်မြိုက်နေတော့ သည်။

'ဟာ'

သူမ အသိမဲ့စွာ ကားကို မောင်းနှင်နေပြီးမှ ရှေ့ကားကို အလောတကြီး ကျော်တက်ရန် ပြင်ဆင်လိုက်စဉ် ကုန်ကားကြီး တစ်စီးက ရှေ့မှ လာနေတာ တွေ့လိုက်ရသည်။ ကားက အရှိန် ပြင်း၏။ ထိုကားသည် သူမ ခရေစံအား လုပ်ကြံရန် ဘရိတ်ဖြုတ်





ထားသော ကားဖြစ်နေ၏။ သွားပြီ ထိန်းသိမ်းမရ။ ဘရိတ်ချော် နေသည်။

'အား'

'ဝုန်း'

'ဒိုင်း'

'ကျွီ'

ကားနှစ်စီး အရှိန်ပြင်းစွာ တိုက်မိသံက ငရဲပွက်သည့် အလား ဆူညံသွားရတော့သည်။ ထိုအချိန်တွင် ခရေစံ စီးလာတဲ့ အငှားကားလေးကလည်း ကားအက်ဆီးဒင့် ဖြစ်တဲ့အနားကို ရောက်လာတော့သည်။ မမကားဟု ထင်ပြီး ဆင်းကြည့်တော့ တကယ်ပဲ မမဖြစ်နေ၏။

'မမ ဖြစ်မှ ဖြစ်ရလေ မမရယ်'

မမကို ဆေးရုံပို့ဖို့ ခရေစံ စီစဉ်ရတော့သည်။

'မမ ဘာမှ မဖြစ်ပါစေနဲ့'

သူမ ရှုတောင်းရင်း ဆေးရုံသို့ အမြန်ဆုံး ရောက်စေရန် လုပ်နေမိသည်။ မမ ဆေးရုံရောက်သွား၏။ အရေးပေါ် အခန်းထဲ သို့ မမကို သွင်းသွားကြတော့သည်။

မာမီနှင့် ကိုကိုပြည့်လွန်းထံလည်း ခရေစံအကြောင်းကြား လိုက်သဖြင့် ရောက်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုဖြစ်တာလဲ ခရေစံ'

'မမ ကားအက်ဆီးဒင့် ဖြစ်လို့ အရေးပေါ် အခန်းထဲမှာ' အကျိုးအကြောင်း ပြောပြလိုက်မိသည်။

'လူမှာအတွက် သွေးလိုတယ်၊ လူမှာ့သွေးက အောဘီ သွေး ဖြစ်နေတယ်၊ အောဘီသွေး ဘယ်သူရှိလဲ'

'ကျွန်မ အောဘီသွေးပါ... မမအတွက် သွေးပေးပါရစေ'

'ကောင်းပါပြီ၊ သွေးလှူရှင်လာပါ'

မမအတွက် အသက်ကယ်ဖို့ လိုအပ်နေတဲ့ သွေးကို ပေးမိသည်။ ခန္ဓာကိုယ်မှာရှိတဲ့ သွေးကုန်သွားပါစေ။

'ကျွန်မ မမအသက်ကို ကယ်ပေးပါနော်'

မမ အသက်သာ ရှင်မယ်ဆိုရင် သူမ ဘာမဆို စွန့်လွှတ်ပေးဆပ်ရဲပါသည်။

အသက်ရှင်စေကြောင်းလည်း ခရေစံ ဆုတောင်းပေးနေမိ၏။ လောကကြီးထဲမှာ အပြောင်းအလဲတွေ မြန်ဆန်လိုက်တာ မမနှင့် ခရေစံ စကားပြောနေခဲ့ကြသည်။ အခု မမဒဏ်ရာ ရနေ၏။

'မပင်တိုင်စံ သတိရလာပြီ၊ ကိုပြည့်လွှမ်းနဲ့ ခရေစံကို တွေ့ချင်တယ်တဲ့'





ခရေစံနှင့် ကိုကိုပြည့်လွှမ်းတို့ အခန်းထဲ ဝင်လာခဲ့ကြသည်။ မမ သတိရနေ၏။ မျက်လုံးဖွင့်ကြည့်သည်။ ရီဝေ စိုစွတ်နေသည့် မျက်ဝန်းတွေကိုကြည့်ကာ သူမနှင့် ကိုကိုပြည့်လွှမ်းတို့ရဲ့ လက်တွေကို ဆုပ်ကိုင်ထားသည်။

'ခရေစံရယ် မမ မှားပါပြီ၊ ညီမလေးကို မမသတ်ဖို့ ကြိုးစားနေတဲ့အချိန်မှာ ညီမလေးက မမအသက်ကို ကယ်တင်ခဲ့တယ်နော်၊ နောက်ဆုံးတော့ စိတ်ထားဖြူစင်သန့်ရှင်းတဲ့ သူကပဲ အနိုင်ယူသွားနိုင်တယ်ဆိုတာ မမသိပါပြီ'

'မမရယ် ညီမလေးအပေါ် ယုံကြည်တယ်ဆိုရင် ညီမလေး ကျေနပ်ပါပြီ၊ မမ နေကောင်းသွားရင် ကိုကိုပြည့်လွှမ်းနဲ့ အေးချမ်းတဲ့ အိမ်ထောင်လေးတစ်ခုကို တည်ဆောက်ပါနော်'

'ဟင့်အင်း... မမအခြေအနေ မမသိပါတယ်၊ လူ့လောကကြီးထဲကနေ ထွက်ခွာသွားရတော့မှာပါ ခရေစံရယ်'

ညီမလေး ခရေစံက ပင်တိုင်စံအား ဆေးရုံပို့ပေးခဲ့တဲ့ အကြောင်းနှင့် သွေးလှူတဲ့အကြောင်း။ မမအသက်ကို ကယ်တင်ဖို့ တတွတ်တွတ် ပြောနေကြောင်း ဆရာမတွေ ပြောပြ၍ ပင်တိုင်စံ သိလိုက်ရသည်။

နောင်တတွေက နောက်ကျသွားပြီဖြစ်၏။ မကောင်းမှုရဲ့ အကျိုးတွေက သူမအား တန်ပြန် အကျိုးသက်ရောက်စေတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ လူ့လောကကြီးထဲက မထွက်ခွာခင် ကောင်းမှုတစ်ခုကို ပြုလုပ်ရန် ဆုံးဖြတ်လိုက်၏။

'မမ လူ့လောကကြီးထဲက မထွက်ခွာခင် အလုပ်သင့်ဆုံး အလုပ်တစ်ခုကို လုပ်သွားပါရစေ'

သူမသည် ပြည့်လွန်းနှင့် ခရေစံလက်ကို ယူလိုက်ပြီး လက်ထပ်ပေးလိုက်မိတော့သည်။

'မမ'

'မငြင်းဆန်ကြပါနဲ့တော့၊ မမရဲ့ နောက်ဆုံးကောင်းမှုတစ်ခု လုပ်ဆောင်သွားခြင်းပါပဲကွယ်'

ပင်တိုင်စံ မျက်ဝန်းလေးတွေထဲမှာ အမှောင်ထုက လွှမ်းမိုးလာသည်။ အမြင်တွေ ဝါးလာ၏။ ရင်ညွန့်ဆီမှ မခံမရပ်နိုင်လောက်အောင် စူးအောင့်တဲ့ ဝေဒနာတစ်ခုကို ခံစားလာရသည်။

'ပြည့်လွန်း'

'စံ'

'စံ့အမှားတွေ အားလုံးအတွက် တောင်းပန်ပါတယ်၊ ခွင့်လွှတ်နော်'

'ခွင့်လွှတ်ပါတယ် ပင်တိုင်စံရယ်၊ မင်း နေကောင်းအောင် ကြိုးစားပါ၊ ကိုယ် မင်းကို လက်ထပ်မှာပါ'

သူမနှုတ်ခမ်းတွေက ကျေနပ်အပြုံးလေးတွေ ထင်ဟပ်လာသည်။





'ခရေစံကို ချစ်ချစ်ခင်ခင်ပေါင်းပါ ပြည့်လွန်း၊ စံ့ရဲ့ အကြီးမားဆုံးဆန္ဒပါပဲ'

စကားတွေ အများကြီး ပြောလိုက်ရ၍ မောပန်းနွမ်းနယ်စွာ ငြိမ်သက်သွားသည်။ အသက်ရှူလို့ မရတော့။

'အားလုံးကို နှုတ်ဆက်ပါတယ်၊ ခွင့်လွှတ်ကြပါ'

'ပင်တိုင်စံ သမီးကြီးရယ်'

'မမ'

'စံ'

ပင်တိုင်စံ နောင်တရပါပြီဟု ပြောပြတောင်းပန်ချင်ပါတယ်။

မာမီ့အသံတွေကို သဲ့သဲ့မျှသာ ကြားလိုက်ရပြီး ပင်တိုင်စံ မျက်ဝန်းတွေထဲမှာ အမှောင်ထုက အထပ်လိုက် ဖိကျသွားတော့သည်။

'မမ'

'ပင်တိုင်စံ'

'သမီးကြီး'

သက်ဆိုင်ရာ ဆရာဝန်တွေက ပင်တိုင်စံ ဆုံးသွားပြီ[illegible]ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ အသိဉာဏ်မဲ့စွာ [illegible]တတ်၍ အနိုင်ရချင်တတ်သော မမပင်တိုင်စံရဲ့ နောက်ဆုံး[illegible]

www.burmeseclassic.com



က သံဝေဂရစရာပင် ဖြစ်သည်။ လူ့လောကထဲမှ ကြမ်းတမ်းစွာ ထွက်ခွာသွားရသည်။ ခရေစံက မျက်ရည်တွေသာ တလိမ့်လိမ့် ကျဆင်းလာပြီး ကြေကွဲစွာ ငိုကြွေးမိသည်။

ကိုကိုပြည့်လွန်း လက်တွေက သူမပခုံးလေးကို ဖေးမ ဖက်တွယ်ဆုပ်ကိုင်လာတော့၏။

'ကိုကိုရယ်'

သူမသည် ကိုကို့ရင်ခွင်ထဲသို့သာ တိုးဝင်ဖက်တွယ်ထား မိလိုက်တော့သည်။

**သင်မြတ်နိုး**



www.burmeseclassic.com